ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့၊ (16-5-2015) (၈၂၀၂)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံနှင့် ပြည်သူအကျိုးစီးပွား အစဉ်ဆောင်ရွက်ပေးသည့်အတွက် ပြည်သူအားလုံးကိုယ်စား ဂုဏ်ယူ

# ပြုပြင်ပြောင်းလဲရေးနှင့် ထူထောင်ရေးတွင် ကျရာနေရာမှဆောင်ရွက်သည့် ပြည်သူအားလုံးကို နိုင်ငံတော်သမ္မတအလေးထား

နေပြည်တော် မေ ၁၅

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန - ၁ ၌ ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



**ကြေးမုံစာတည်းရှုထောင့်** **၁၆-၅-၂၀၁၅၊ စနေနေ့**

# လောကကြီးပွားကြောင်း သင်္ဂဟတရား

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရန် လိုအပ်ပါသည်။ ယင်းသို့ ဖြစ်ထွန်းစေရန် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်ကို မြင်တွေ့ရသဖြင့် လွန်စွာဝမ်းမြောက်မိပါသည်။

နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ရွေးချယ်ချီးမြှင့်ရသည့် ရည်ရွယ်ချက်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်အောင် စွမ်းဆောင်ကြမည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ တိုးတက်ပေါ်ထွန်းစေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ပြောင်းလဲ ဖွံ့ဖြိုးရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်သည်ဟု ဆိုထားသည်။

ထိုရည်ရွယ်ချက်နှင့်အညီ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားအဆင့်မှ လုပ်ငန်းရှင်များအဆင့်အထိ စွမ်းဆောင်ရှင်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှ ပို့ကုန်လုပ်ငန်းရှင်များအထိ စွမ်းဆောင်ရှင်များ၊ အခွန်ပေးဆောင်မှု တာဝန်အကျေဆုံးလုပ်ငန်းရှင်များ၊ အများပြည်သူအတွက် သက်စွန့်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမား စွမ်းဆောင်ရှင်တို့အား စိစစ်ရွေးချယ်ချီးမြှင့်ခဲ့သည်ကို တွေ့ရသည်။

ထို့မျှသာမက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ဘာသာပေါင်းစုံအဖွဲ့အစည်းများ အပါအဝင် ဘာသာရေးအတွက်သာမက လူမှုရေးအတွက်ပါ အားသွန်ခွန်စိုက် မနားမနေကြိုးပမ်းဆောင်ရွက်ကြသော ရဟန်းသံဃာများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ကိုယ်လက်အင်္ဂါချို့တဲ့သူများကို စောင့်ရှောက်ကူညီပေးနေသည့် ရဟန်းသံဃာများနှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ခြင်းများလည်းပါဝင်သည်ကို တွေ့ရသည်။

စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးတွင် အများဆုံးပါဝင်နေသောကြောင့် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြှင့်မားအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ တစ်ဖက်တွင် ကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖန်တီးရေးနှင့် မေခရိုစီးပွားရေး တိုးတက်ကောင်းမွန်စေရန်၊ ကုန်ပစ္စည်းဈေးကွက်နှင့် ငွေကြေးအရင်းအနှီးဈေးကွက် ကောင်းမွန်စွာ လည်ပတ်ရေး လိုအပ်နေသောကြောင့် ဈေးကွက်ဖွံ့ဖြိုးရေးကို နိုင်ငံတော်က အလေးထားစီမံဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ထိုသို့စီမံဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်ရှိသူများ လိုအပ်သည်။ ထိုလိုအပ်ချက်များကို စီးပွားရေးစွမ်းဆောင်ရှင်များက စွမ်းစွမ်းတမံဖြည့်ဆည်းပေးလျက်ရှိ၍ ထိုပုဂ္ဂိုလ်များကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်ထိုက်ပေသည်။ နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးအားကောင်းရန်အရေးကြီးသည်။ တန်ဖိုးမြင့်ထုတ်ကုန်များ အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်။ ထို့ကြောင့် တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သူတို့အား ရွေးချယ်ချီးမြှင့်သည်မှာ လျော်ကန်သင့်မြတ်လှသည်။

ယခုနှစ်တွင် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အသက်သွေးချွေးများ ပေးဆပ်ကာ တိုင်းပြည်ကို ကာကွယ်ပေးခဲ့ကြသည့် တပ်မတော်သားများအား နိုင်ငံ့စွမ်းဆောင်ရည်သီးသန့်အထူးဆုကို ပေးအပ်ချီးမြှင့်ခဲ့ရာ တိုင်းရင်းသားပြည်သူအားလုံး ဝမ်းမြောက်ပီတိဖြစ်ကြပေလိမ့်မည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်အတွက် အရေးကြီးနေသော ယနေ့ကာလတွင် တပ်မတော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ စွမ်းဆောင်ချက်မှာလည်း အထူးဂုဏ်ပြုထိုက်ပေသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ရွေးချယ်ချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်သမ္မတက နိုင်ငံနှင့်ပြည်သူလူထုအကျိုးစီးပွား မြင့်မားတိုးတက်စေရန်အတွက် မွန်မြတ်ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ချီးမြှင့်အပ်နှင်းခြင်းဖြစ်သကဲ့သို့ ချီးမြှင့်ထိုက်သူတို့ကို ပေးအပ်ချီးမြှင့်ခြင်းသည်လည်း လောကကြီးပွားကြောင်း သင်္ဂဟတရားဖြစ်ကြောင်းပါ။ ။



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သံအမတ်ကြီးနှင့် ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ကဏ္ဍရုံးမှ အမေရိကန်သံအမတ်ကြီး H.E.Mrs. Catherine M. Russell အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ကဏ္ဍရုံးမှ အမေရိကန် သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်လည်း တက်ရောက်ကြသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. PARK Byeong – Seug ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၅**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၀၉၅၀၀ - ၇၁၀၅၀၀ | |
| မန္တလေး | ရွှေဈေး | ၇၀၉၅၀၀ - ၇၁၀၅၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၈၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၃၃.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၄.၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂.၂၆၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂.၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇.၀၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၆.၈၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉.၀၀၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၇၁.၆၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၈.၄၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




### ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၄၄၉)၊ အမည်ပေါက်-ဒေါ်ငွေမြင့်၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်စုစုလွင်[၇/ပခန(နိုင်)၀၁၂၀၈၈]မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန


## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် သန်လျင်၊ ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ်၊ မြေအကျယ်(၅၅×၁၄၅)ပေ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးအိမ်ကြီးတစ်လုံးပါ အေးချမ်းစွာနေထိုင်ရန်၊ ဘဏ်ဖွင့်ရန်၊ တည်းခိုခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ လုံးချင်းအိမ်ဖြင့် နေထိုင်လိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး (၁)ခန်းမျှသာရှိသော အလွန်သက်သာသောဈေးနှုန်း ရေ၊ မီးအပြည့်အစုံပါ။ ဖုန်းပါ။ (ကျပ်သိန်း)၃၅၀၀

ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၁-၅၇၂၂၂၄၊ ၀၁-၅၆၀၇၈၇

### သန်းဌေးနှင့်ရောင်းရင်းများ ၏ နှစ်သစ်ခရီးစဉ်များ

MAY - 15/22/29, JUN - 5/12/19/26 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)

▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ထပ်မံစမ်း (၄) ရက်။ ▲ မော်လမြိုင်၊ ကျိုက်ခမီ၊ ထားဝယ်ရွှေကိုးရွှေ (၆) ရက်။
▲ သရေခေတ္တရာ၊ ဗိဿနိုး ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။
▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။
▲ ကျိုက်ခမီ၊ စက်စဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလံဆံတော်ရှင်ဘုရား (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဘုရား ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရုပ်တောင်ဆရာတော်ဘုရား ▲ (ဇလွန်)၊ (မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာဘုရား)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ
▲ ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာစေတီတော်၊ ဆာဟာရိဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း (နေ့ချင်းပြန်) ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရင်း (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

### တရုတ်

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang

### ENGLISH Conversation Practice

ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်အောင်မြင်ခြင်း အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့ ညပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပသည့် နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်အောင်မြင်ခြင်း အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်စလီ ဘီ ပိုစလုံနှင့် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာရန်ဟို့လန်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ဒုတိယကမ္ဘာစစ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

ထို့နောက် ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ညစာအတူတကွသုံးဆောင်ကြပြီး ဒုတိယကမ္ဘာစစ် ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုကြသည်။

**(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဒုတိယကမ္ဘာစစ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။**

(သတင်းစဉ်)



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ H.E. Mr. PARK Byeong-Seug ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံ (J) ဆောင်၌ လာရောက်တွေ့ဆုံသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်၌ အလွတ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ဓါတ်ပုံ)**

အဆိုပါနေ့လယ်စာစားပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရေးရာကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးပီမောင်စိုး၊ ဦးကော်ရိုင်း၊ ဦးကျွန်ခဲန်း၊ ဦးဌေ့ယိန်း၊ ဦးစိုးဝင်းနှင့် ဦးညွန့်လှိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုနှင့် အနာဂတ်အလားအလာများ နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များ ပါဝင်ဆွေးနွေး

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ တိုးတက်ပြောင်းလဲလာမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲများနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပပညာရှင်များပါဝင်ဆွေးနွေးသည့် The Economist Events ၏Myanmar Summit ကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စထရင်းဟိုတယ်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရှေးဦးစွာ The Economist Events ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Richard Cockett က မဟာဗျူဟာပိုင်းဆိုင်ရာ အတွေးအမြင်များရှာဖွေနိုင်ရန် နိုင်ငံတကာဆွေးနွေးပွဲများ ကျင်းပသည့် The Economist အဖွဲ့၏ မြန်မာနိုင်ငံတွင် "Taking Stock" ခေါင်းစဉ်ဖြင့် ပထမဆုံးကျင်းပသော Myanmar Summit သည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ အနာဂတ်တွင် ကြုံတွေ့ရမည့် အလားအလာများနှင့်စပ်လျဉ်း၍ ပညာရှင်များပါဝင်သည့် ဆွေးနွေးပွဲများမှတစ်ဆင့် အကြံဉာဏ်ကောင်းများရရှိကာ ပိုမိုကောင်းမွန်သည့် မြန်မာ့လူမှုပတ်ဝန်းကျင် တည်ထောင်နိုင်အောင် အထောက်အပံ့ဖြစ်ပါစေကြောင်း စသည်ဖြင့် နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ ပြုပြင်ပြောင်းလဲရေးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ သမိုင်းဝင် အကူးအပြောင်း ဆက်လက်ဖြစ်ထွန်းအောင် ကြိုးပမ်းရာတွင် အဓိကစိန်ခေါ်မှုအချို့နှင့် အတားအဆီးများကို သိရှိစေရန် "ပြုပြင်ပြောင်းလဲရေး တည်ဆောက်သူများနှင့် စကားဝိုင်းဖွဲ့ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေးပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ဦးရောဘတ်စန်းဖေ၊ ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဦးစိန်မောင်တို့က ဦးဆောင် ဆွေးနွေးခဲ့ကာ The Economist ၏ အရှေ့တောင် အာရှ ကိုယ်စားလှယ် Richard Cockett က ဆွေးနွေးပွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် စာရင်းအင်းကိန်းဂဏန်းများနှင့် မြန်မာ့အကူးအပြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး ပဟေဋ္ဌိပုစ္ဆာများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လိုအပ်ချက်များ၊ မြန်မာ့ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများ၊ မြန်မာ့အနာဂတ်မျိုးဆက်သစ်၊ ငြိမ်းချမ်းရေး တည်ဆောက်ထိန်းသိမ်းခြင်း၊ ၂၀၁၅ အလွန် မြန်မာ့အနာဂတ် အလားအလာ ခေါင်းစဉ်များဖြင့် ပြည်တွင်းပြည်ပ ပညာရှင်များ ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် The Economist Events ၏ Myanmar Summit ကို ဆွေးနွေးပွဲ သဘာပတိအဖြစ်ဆောင်ရွက်သည့် Richard Cockett က နိဂုံးချုပ်စကားပြောကြားသည်။

The Economist သည် ဓမ္မဓိဋ္ဌာန်ကျပြီး ဗဟုသုတရဖွယ် လေ့လာဆန်းစစ်ချက်များ ပေးနိုင်သည့် နိုင်ငံတကာ ပညာရှင်များပါဝင်သည့် ဆွေးနွေးပွဲများ၊ ညီလာခံများ၊ စီမံခန့်ခွဲရေး အခမ်းအနားများနှင့် အစိုးရစကားဝိုင်းများကို ဦးဆောင်စီစဉ်ပေးသည့် နှစ်ပေါင်း(၁၆၂)နှစ်အတွေ့အကြုံရှိ အဖွဲ့အစည်းတစ်ခုဖြစ်ကာ မြန်မာ့ရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လာရောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# စစ်အင်အားသုံးစွဲမှု ကန့်သတ်မည်ဟု ဂျပန်ဝန်ကြီးချုပ် အာဘေး ကတိပြု

**တိုကျို မေ ၁၅**

ဂျပန်တပ်ဖွဲ့များကို အခြားသောနိုင်ငံများအား ကာကွယ်ရန်ခွင့်ပြုသည့် ဥပဒေအပေါ် ဒေသတွင်းနိုင်ငံများ၏ စိုးရိမ်မှုနှင့် ပြည်တွင်းမှကန့်ကွက်မှုများ ပြေပျောက်သွားစေရန် ကြိုးစားသောအားဖြင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံ၏ စစ်အင်အားသုံးစွဲမှုကို ကန့်သတ်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်ဟု ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

မေ ၁၄ ရက်နေ့တွင် ဆန္ဒပြသူ ရာပေါင်းများစွာတို့သည် ဝန်ကြီးချုပ်ရုံး အပြင်ဘက် လမ်းများပေါ်၌ အခြေခံဥပဒေကို ကာကွယ်ရန်၊ အာဘေးနုတ်ထွက်ပေးရန် အော်ဟစ်တောင်းဆိုနေကြစဉ် ၎င်း၏ အစိုးရအဖွဲ့က အဆိုပါဥပဒေ



ကြမ်းကို တိုကျိုမြို့၌ အတည်ပြုခဲ့ကြသည်။

ဂျပန်ပြည်သူတို့၏ ငြိမ်းချမ်းသောဘဝနှင့် အသက်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်သောအခါတွင် စစ်အင်အားသုံးစွဲမည်မဟုတ်ပါဟူသော ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတင်းထောက်များကို ယမန်နေ့တွင် ပြောကြားခဲ့သည်။

သန္ဓိဌာန်ချမှတ်မှုအပေါ် အခြေခံ၍ ဂျပန်နိုင်ငံနှင့် တစ်ကမ္ဘာလုံး တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို အာမခံထားသော ဥပဒေကြမ်းကို အတည်ပြုရန် အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း၊ မည်သည့်နိုင်ငံကမျှ မိမိ တစ်နိုင်ငံတည်း မကာကွယ်နိုင်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

လွန်ခဲ့သည့်လတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မဟာမိတ်နိုင်ငံများ တိုးချဲ့ရန် ဂျပန်-အမေရိကန် ပူးတွဲကာကွယ်ရေး လမ်းညွှန်ချက်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ယခုနှစ်နွေရာသီတွင် စစ်အင်အားတိုးချဲ့မှုကို ကန့်သတ်ထားသော အခြေခံဥပဒေအား ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုမှုကို အတည်ပြုရန် အာဘေးက ဆုံးဖြတ်ထားပြီးဖြစ်သည်။

အာဘေးသည်လွန်ခဲ့သည့်နှစ်က ဝန်ကြီးချုပ် တာဝန်စတင်ထမ်းဆောင်ပြီးနောက် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်၍ ပြည်ပသို့လက်နက်များ တင်ပို့ခြင်းကို ဖြေလျှော့ပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးသည် ယခင်ကထက် ပိုမိုခိုင်မာလာကြောင်း၊ ဂျပန်နိုင်ငံ၏အနီးရေပြင်တွင် မဟာမိတ်နိုင်ငံတစ်နိုင်ငံကို မည်သည့်ပုံစံဖြင့်မဆို တိုက်ခိုက်ခြင်းသည် ပြဿနာတစ်ခုဖြစ်ပွားရန် တွန်းပို့ခြင်းဖြစ်ကြောင်း အာဘေးက ပြောခဲ့သည်။ **ရိုက်တာ။**

## သတင်းတစ်ပုဒ်ကြောင့် ချေချင်းညှာသတင်းထောက် ထွက်ပြေးရ

**မော်စကို မေ ၁၅**

ရုရှားချေချင်းညှာသမ္မတနိုင်ငံမှ သတင်းထောက်တစ်ဦးသည် ဆယ်ကျော်သက်ရွယ်အမျိုးသမီးငယ်တစ်ဦးမှာ ၎င်းထက်များစွာ အသက်ကြီးသော ရဲမှူးတစ်ဦး၏ အင်အားသုံး၍ လက်ထပ်ရန်ကြိုးစားခြင်းခံရကြောင်း သတင်းတစ်ပုဒ်ကို ရေးသားခဲ့၍ အသက်အန္တရာယ်စိုးရိမ်ရသည့်အတွက် ထွက်ပြေးခဲ့ရကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲ နာဇတ်ဂူချီဂေါ့သည် သမီးငယ် နုနုထွတ်ထွတ်ကို ၎င်း၏ လက်ဝယ်သို့ မအပ်လျှင် မိသားစုတစ်စုလုံး ဒုက္ခပင်လယ်ဝေသွားစေရမည်ဟု ခြိမ်းခြောက်ကြောင်း အလီနာ မီလာရှီနာက ရေးသားခဲ့သည်။ ၎င်းရဲမှူးသည် အခြားအမျိုးသမီးတစ်ဦးကိုလည်း လက်ထပ်ရန် ကြံစည်လျက်ရှိသည်ဟု ဆိုကြသည်။ မီလာရှီနာသည် ၎င်း၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခြင်းခံရလာသဖြင့် ထွက်ပြေးသွားခဲ့ရကြောင်း ၎င်း၏ သတင်းစာက ဖော်ပြသည်။

လွန်ခဲ့သည့်ဧပြီလ၌ လွတ်လပ်သောနိုမာယာဂေဇက်တာ သတင်းစာမှ မှုခင်းသတင်းထောက် မီလာရှီနာထံသို့ ရွာသူရွာသားတချို့ချဉ်းကပ်၍ အသက် ၄၆နှစ်ရှိ ရဲမှူးသည် အသက်၁၇နှစ်သာရှိသေးသော စီးဒါဂိုလာဗီရဲဗာ အမည်ရှိအမျိုးသမီးငယ်ကို နေအိမ်မှ အပြင်သို့ မထွက်နိုင်အောင် တားဆီးထားကြောင်း သတင်းပေးခဲ့ကြသည်။

ချေချင်းညှာခေါင်းဆောင် ရပ်ဇမ်ကာဒီရော့ဗ်ကမူ မိန်းကလေး၏ မိဘများက လက်ထပ်ပေးရန် သဘောတူပြီးဖြစ်သည်ဟုပြောသည်။ ၎င်းသည်ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သစ္စာခံတစ်ဦးဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း၌ သတို့သမီးများကိုမတရားသိမ်းပိုက်ခြင်းနှင့် အသက်မပြည့်မီ လက်ထပ်ခြင်းစသည့် ဥပဒေနှင့်မညီသည်တို့ကို လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ရိုက်တာ။**

# နီပေါတွင်ပျောက်ဆုံးသွားသည့် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်၏အပျက်အစီးများ ရှာဖွေတွေ့ရှိ

**ခတ္တမန္ဒူ မေ ၁၅**

နီပေါနိုင်ငံတွင် မြေငလျင်ဘေးဒုက္ခသင့်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားခဲ့သည့် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်၏ အပျက်အစီးအစိတ်အပိုင်းများကို ယင်းနိုင်ငံ၏ တောင်တန်းဒေသအမြင့်ပိုင်းတစ်နေရာ၌ မေ ၁၅ရက်က ရှာဖွေတွေ့ရှိကြောင်း၊ ယင်းအပျက်အစီးများနှင့်အတူ လူသုံးဦး၏ရုပ်အလောင်းများကိုလည်း ရှာဖွေတွေ့ရှိပြီး ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသော အခြားလူငါးဦးမှာ သေဆုံးသွားပြီဟု ယူဆရကြောင်း ယနေ့ရိုက်တာ သတင်းတွင် ဖော်ပြသည်။

အမေရိကန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ယင်းရဟတ်ယာဉ်အပျက်အစီးများမှာ ကမ်းတက်တပ်ဖွဲ့မှ ပျောက်ဆုံးနေသော ယူအိပ်ချ်-၁၄ အမျိုးအစားရဟတ်ယာဉ်ဖြစ်ကြောင်း ခွဲခြားသတ်မှတ်ခဲ့သည်။

လွန်ခဲ့သော လအတွင်းက ဟိမဝန္တာတောင်တန်းဒေသမှ နီပေါနိုင်ငံတွင် လူပေါင်း ၈၀၀၀ကျော်သေဆုံးခဲ့ရသည့် အင်အားကြီးမားသော မြေငလျင်လှုပ်ခဲ့ပြီးနောက် အမေရိကန်စစ်ဘက်က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရဟတ်ယာဉ်များ ရွှေ့ပြောင်းဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

နီပေါနိုင်ငံ ချာရီကော့က်မြို့၏ မြောက်ဘက် ရှစ်မိုင်(၁၃ ကီလိုမီတာ) အကွာ၌ အဆိုပါရဟတ်ယာဉ်၏ အပျက်အစီး အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အမေရိကန် ပစိဖိတ်ဒေသစစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဒေ့ဗ်အီစ် ဘန်းက ပြောကြားသည်။

မေ ၁၀ရက်တွင် ပျောက်ဆုံးသွားခဲ့သော အမေရိကန် ကမ်းတက်တပ်ဖွဲ့ ရဟတ်ယာဉ်ပေါ်၌ အမေရိကန်ကမ်းတက်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့်နီပေါ



တပ်ဖွဲ့ဝင်နှစ်ဦးတို့၏ ကံကြမ္မာတို့ကို အမေရိ ကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။ ယင်းရဟတ်ယာဉ် ပျောက်ဆုံးသည့်နေ့တွင် နီပေါနိုင်ငံ ၌ အင်အားပြင်းထန်သော မြေငလျင်ကြီးတစ်ခုထပ်မံလှုပ်ခတ်ခဲ့ပြီး လူ ၁၀၀ ကျော် သေဆုံးခဲ့ရသည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါသွားသည့် လူနှစ်ဦးအနက်တစ်စုံတစ်ဦးမျှ အသက်ရှင်ကျန်ဖွယ် မရှိဟု နီပေါတာဝန်ရှိသူက ပြောကြားသည်။ **ရိုက်တာ။**

# ဘူရွန်ဒီနိုင်ငံတွင် အာဏာသိမ်းခေါင်းဆောင်သုံးဦး ဖမ်းဆီးခံရ

**ဘူဂျန်ဘူရာ မေ ၁၅**

ဘူရွန်ဒီနိုင်ငံတွင် အာဏာသိမ်းခေါင်းဆောင်သုံးဦးအား မေ ၁၅ ရက်တွင် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဘူရွန်ဒီသမ္မတ ပရဲရွန်ဇီဇာ၏ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

သို့သော် အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဂိုဒီဖရောဒ့် နီရိုမ်ဘာရီသည် ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်သည်။

အာဏာသိမ်းခေါင်းဆောင်များအနက် ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီး ဆိုက်ရီလီ နာဒါရီယူကီရေးသည် တစ်ဦးအပါအဝင်ဖြစ်သည်။ ရဲမင်းကြီးနှစ်ဦးနှင့် ရဲအရာရှိအနည်းငယ်သည် အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သဖြင့် ၎င်းတို့ကို ဖမ်းဆီးလိုက်ပြီဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးက ပြောသည်။ ၎င်းတို့အားဖမ်းဆီးရာတွင် ရိုက်နှက်မှုများ မပြုလုပ်ခဲ့ကြောင်း ဝန်ကြီးက ဆက်လက်ပြောသည်။




ဘူရွန်ဒီနိုင်ငံတွင် သမ္မတ ပရဲရွန်ဇီဇာ၏ သမ္မတရာထူးသက်တမ်းကို တိုးချဲ့မည့်ဆုံးဖြတ်ချက်ကို မလိုလားသည့် ပြည်သူများက ဆန္ဒထုတ်ဖော်ကြစဉ်။

ဘူရွန်ဒီသမ္မတ ပရဲရွန်ဇီဇာက သမ္မတရာထူးသက်တမ်းကို တိုးချဲ့မည့် ဆုံးဖြတ်ချက်ကို မလိုလားသည့်အတွက် ပြည်သူများက ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ဘူရွန်ဒီတွင် အဓိကရုဏ်းများစတင်ခဲ့သည့်အချိန်မှစပြီး လူပေါင်း ၁၀၅၀၀၀ ကျော် နေရပ်စွန့်ခွာသွားခဲ့ကြောင်း သိရသည်။

အာဏာသိမ်းရန်ကြိုးပမ်းခဲ့စဉ်တွင် ဘူရွန်ဒီသမ္မတ ပရဲရွန်ဇီဇာသည် တန်ဇန်းနီးယားနိုင်ငံတွင် ရောက်ရှိနေပြီး မိန့်ခွန်းပြောကြားရန် စီစဉ်လျက်ရှိကြောင်းခန့်မှန်းရသည်။ အာဏာသိမ်းသည့် သတင်းကို ကြားလျှင်ကြားချင်း ၎င်း၏မွေးရပ်ဖြစ်သည့် နာဂိုဇီမြို့သို့ သွားရောက်ခဲ့ပြီးနောက် မြို့တော် ဘူဂျန်ဘူရာသို့ သွားခဲ့သည်။ မြို့တော် ဘူဂျန်ဘူရာတွင် ဘူရွန်ဒီသမ္မတ ပရဲရွန်ဇီဇာအား တွေ့ဆုံရန် ထောက်ခံသူများက စောင့်ဆိုင်းနေကြသည်။

အမေရိကန်နိုင်ငံက ဘူရွန်ဒီနိုင်ငံတွင် လုံခြုံမှုမရှိသည့်အတွက် ၎င်း၏ သံရုံးကို ယာယီပိတ်သိမ်းလိုက်ပြီး နိုင်ငံသားများကိုလည်း ဘူရွန်ဒီနိုင်ငံမှ အမြန်ဆုံးထွက်ခွာရန် ယနေ့ သတိပေးခဲ့သည်။

**ရိုက်တာ။**

# အငြင်းပွားကျွန်းစုများကို ကာကွယ်ရန် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်

**ဆိုးလ် မေ ၁၅**

တောင်ကိုရီးယားရေတပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့များသည် ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု အခိုင်အမာတောင်းဆိုလျက်ရှိသော ၎င်းတို့ထိန်းချုပ်ထားသည့် ကျွန်းစုအစိတ်အပိုင်းများကို ကာကွယ်စောင့်ရှောက်ရန် မေ ၁၄ ရက်က နှစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုတစ်ရပ် စတင်ပြုလုပ်ခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနကဆိုသည်။

“ဒီစစ်ရေးလေ့ကျင့်မှုက ရေပြင် သို့မဟုတ် ဝေဟင်လမ်းကြောင်းတစ်ခုမှတစ်ဆင့် ကျွန်တော်တို့ ပိုင်နက်နယ်မြေကို ဝင်ရောက်ကျူးကျော်လာသူတွေကို တားဆီးဖို့ဖြစ်ပါတယ်” ဟု အမည်မဖော်လိုသူ ရေတပ်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အဆိုပါသတင်းဌာနက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံတွင် ဒေါ့ခ်ဒိုဟု လူသိများပြီး ဂျပန်နိုင်ငံတွင် တာကေးရှီးမားဟု ခေါ်ဆိုသည့် ကျောက်ဆောင်ထူထပ်သောကျွန်းစုအား ကာကွယ်မည့် အဆိုပါလေ့ကျင့်မှုကို ၁၉၈၆ ခုနှစ်မှစတင်ကာ တစ်နှစ်လျှင်နှစ်ကြိမ် ပြုလုပ်ခဲ့သည်။

ယခုအကြိမ်လေ့ကျင့်မှုတွင် ဖျက်သင်္ဘောများ၊ ရေငုပ်သင်္ဘောဖျက်ရဟတ်ယာဉ်တစ်စင်း၊ ဂျက်တိုက်လေယာဉ်များနှင့် စောင့်ကြပ်ရေးလေယာဉ်များ ပါဝင်ကြောင်းသိရသည်။ စီစဉ်ထားသည့် ကမ်းတက်တပ်ဖွဲ့တစ်ဖွဲ့၏ ဆင်းသက်မှုလေ့ကျင့်ခန်းမှာ ရာသီဥတုဆိုးရွားမှုကြောင့် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**ကျိုဒိုနယူးစ်။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အရေးပေါ်အခြေအနေကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း(၉၀)အထိ ဆက်လက်အတည်ဖြစ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၁၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း(၉၀)အထိ ဆက်လက်အတည်ဖြစ်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာတွင် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က လောက်ကိုင်ဒေသ ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်အတွက် အဟန့်အတား အနှောင့်အယှက်တစ်ခု ဖြစ်စေပါကြောင်း၊ ယင်းအနှောင့်အယှက် အဟန့်အတားများကို ဖန်တီးပြုလုပ်အားပေးသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို ရှုတ်ချကန့်ကွက်ကြောင်းနှင့် အနှောင့်အယှက် အဟန့်အတားများကို ရှင်းလင်းဖယ်ရှားကာကွယ်တားဆီးနေကြသူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း (၉၀) ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူခြင်းအပေါ် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

အလားတူ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်က တိုင်းပြည်ကာကွယ်ရေးအတွက် အသက်စွန့်လွှတ်သွားသည့် မိမိတို့၏ စစ်သည်တော်များ၊ ခန္ဓာကိုယ်ပေးလှူသွားသည့် စစ်သည်တော်များအတွက် မိမိတို့ဂုဏ်ယူရသော်လည်း ၎င်းတို့မိသားစုများနှင့် ထပ်တူဝမ်းနည်းရပါကြောင်း၊ လောက်ကိုင်ဒေသ ထိပါးနှောင့်ယှက်မှုအတွက် တပ်မတော်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မလုပ်မဖြစ် အရေးပေါ်ပြဋ္ဌာန်းကြေညာချက်ကို မိမိတို့ ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ထောက်ခံခဲ့ကြပြီးဖြစ်ကြောင်း ၊ လောက်ကိုင်ဒေသသည် တပ်မတော်အဖွဲ့အစည်းတစ်ခုတည်းကသာ ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိခြင်းမျိုးမဟုတ်ဘဲ အစိုးရအဖွဲ့၊ မိမိတို့လွှတ်တော်၊ တရားစီရင်ရေးအဖွဲ့နှင့် နိုင်ငံသားအားလုံးတွင် တာဝန်ရှိနေသည်ဟု ယုံကြည်သကဲ့သို့ အားလုံးသည်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည်ဟုလည်း ယုံကြည်လက်ခံထားပါကြောင်း၊ လောက်ကိုင်ဒေသ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် တပ်မတော်က မည်ကဲ့သို့ ဆောင်ရွက်ခဲ့ရသည်၊ မည်ကဲ့သို့သော အခက်အခဲများရှိသည်၊ မည်ကဲ့သို့သော လိုအပ်ချက်များရှိသေးသည်ဆိုခြင်းကို ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ဖော်ပြသင့်ပါကြောင်း ၊ လောက်ကိုင်ဒေသအရေးသည် နယ်မြေဒေသတစ်ခု၏ အရေးသာမဟုတ်ဘဲ ပြည်ထောင်စုအရေးဖြစ်ကြောင်း၊ နိုင်ငံ့အရေးဖြစ်ကြောင်း၊ မိမိတို့အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။



ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦးက လောက်ကိုင်ဒေသ ဖြစ်စဉ်များတွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် တပ်မတော်သား အရာရှိ အရာခံ ၊ အကြပ်၊ တပ်သားများအတွက်သာမက ကျန်ရစ်သူ မိသားစုအားလုံးအတွက်လည်း ဝမ်းနည်းပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် ပုဒ်မ ၄၁၂ (က)၊ ၄၁၃ (က) (ခ)နှင့် ၄၁၄ (ခ) တို့အရ ရယူသုံးစွဲခဲ့သည်ဆိုခြင်းကို နားလည်သဘောပေါက်လက်ခံပါကြောင်း၊ လောက်ကိုင်ဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု ရှိရန်၊ ပြည်သူများ စိတ်လုံခြုံမှုရှိစေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်တိုးတက်မြင့်မားလာစေရန်နှင့် မူလပကတိအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်စေရန်အတွက် အရေးပေါ်အခြေအနေဆက်လက်အတည် ဖြစ်ရန် လိုအပ်သည့်အချိန် အနည်းဆုံးကာလကိုသာသတ်မှတ်ပြီး ပြည်ထောင်စုအရေးဟုမှတ်ယူကာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးလက်တွဲ ဆောင်ရွက်သွားကြပါစို့ဟု လေးနက်စွာ တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၅) အရေးပေါ်အခြေအနေကြေညာခြင်းအပေါ်ထပ်မံ၍ ရက်ပေါင်း (၉၀) ဆက်လက်အတည်ဖြစ်ရေးနှင့်ပတ်သက်၍ လွှတ်တော်၏ သဘောတူညီချက်ရယူမှုအပေါ် မိမိအနေဖြင့် ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာ့တပ်မတော်သည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ သတ္တိအရာတွင် မော်ကွန်းထိုးနိုင်ခဲ့သည့် တိုက်ပွဲများစွာ ရင်ဆိုင်ခဲ့ရပါကြောင်း၊ သတ္တိရှိသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို ဆောင်ရွက်ကြသည့်အခါတွင် သတ္တိနှင့် ပြည့်စုံသကဲ့သို့ သတိလည်း ရှိကြရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေကြေညာခြင်းနှင့် ပတ်သက်၍ မိတ္ထီလာ၊ ရခိုင်စသည့်ဒေသများတွင် ဆောင်ရွက်ခဲ့ဖူးပြီးဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်သည့်အတွက် နှစ်ဖက်စလုံးမှ မည်သည့်ကျဆုံးမှုမျိုးကိုမဆို မိမိတို့အနေဖြင့် ကြေကွဲဝမ်းနည်းကြရပါကြောင်း၊ ယင်းအားနည်းချက်၊ အားသာချက်များကို ကြည့်ကာ ဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်တွင် အချင်းချင်းဖြစ်ပွားနေကြရသည့် ကိစ္စရပ်များအတွက် အလွန်ဝမ်းနည်းရပါကြောင်း၊ အမြန်ဆုံးချုပ်ငြိမ်းစေလိုပါကြောင်း၊ စစ်ဘေးရှောင်ပြည်သူများနှင့်တကွ ရှေ့တန်းတွင် ရှုပ်ရှုပ်ချွံချွံဖြင့် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက် ဤစစ်ပွဲများကို အမြန်ဆုံးချုပ်ငြိမ်းစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က လောက်ကိုင်ဒေသအတွင်းစစ်ရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေ၊ လောက်ကိုင်ဒေသ၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ တရားစီရင်ရေးအခြေအနေ စီမံခန့်ခွဲမှုများအပေါ် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေ ကြေညာခြင်းအပေါ်ထပ်မံ၍ ရက်ပေါင်း (၉၀) ဆက်လက်အတည်ဖြစ်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပပြုလုပ်မည့် အစီအစဉ်အား ကြေညာပေးသည်။ **(သတင်းစဉ်)**

# တာဝန်သိပြည်သူကို ဂုဏ်ပြုလိုကြောင်း ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူး ပြောကြား

**ရန်ကုန် မေ ၁၅**

“လမ်းဆုံမီးပွိုင့်ပျက်၍ ပြည်သူတစ်ဦးဝင်ရောက်ထိန်းသိမ်းပေးရ” ဆိုသောခေါင်းစဉ်ဖြင့် မေ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြပါရှိမှုနှင့်စပ်လျဉ်း၍ မေ ၁၅ ရက် ညနေ ၃ နာရီက အပတ်စဉ် ပုံမှန်ပြုလုပ်လျက်ရှိသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဆိုင်ရာ မီဒီယာများနှင့်တွေ့ဆုံပွဲတွင် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်က ယခုကဲ့သို့ဖြစ်စဉ်မှန်ကို မီဒီယာမှ ဖော်ပြပေးခဲ့သည့်အတွက် မီဒီယာကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ လမ်းဆုံမီးပွိုင့်ပျက်၍ ယာဉ်အသွားအလာ အခက်အခဲဖြစ်နေချိန်တွင် ယာဉ်ကြောရှင်းလင်းပေးသည့် ပြည်သူတစ်ဦးကိုလည်း လှိုက်လှဲစွာကြိုဆို၍ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဂုဏ်ပြုအသိအမှတ်ပြုလို၍ ဖြစ်ပါကြောင်း၊ အမည်၊ လိပ်စာသိလျှင် သတင်းပေးပို့ကူညီကြစေလိုကြောင်းဖြင့် ထည့်သွင်းပြောကြားသွားခဲ့သည်။ **(အပေါ်ယာပုံ)**



လမ်းဆုံမီးပွိုင့်တိုင်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား အပြည့်အဝ တာဝန်ချထားပေးခြင်းရှိ/မရှိ မီဒီယာ၏ မေးခွန်းကို ဒုတိယရဲမှူးကြီးက ရန်ကုန်တိုင်း ဒေသကြီးအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ၁၀၀၀ ကျော် တာဝန်ချထားပေးပါကြောင်း၊ စည်းကမ်းလိုက်နာမှုအားနည်းသော ယာဉ်မောင်း အရေအတွက်က များပြားပြီး စည်းကမ်းထိန်းသိမ်းရသူ ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားအရေအတွက် နည်းပါးမှုကြောင့် အနည်းငယ်လစ်ဟာမှုရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ဦးစားပေးအရေးကြီးနေရာများကို ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ အလစ်အလပ်မရှိနေရာချထားပေးထားသော်လည်း ယခုမီးပွိုင့်နေရာသည် တာဝန်မချထားနိုင်သော မီးပွိုင့်တစ်ခုဖြစ်ကြောင်း၊ သို့သော် အနီးဆုံးမီးပွိုင့်ဖြစ်သော ဒေါ်သိန်းတင်လမ်းနှင့် သိမ်ဖြူလမ်းဆုံ(လမ်းငါးခွဆုံ) မီးပွိုင့်တာဝန်ကျသူများကို လိုအပ်သလို ကွပ်ကဲထိန်းသိမ်းပေးရန် တာဝန်ချထားမှုကြောင့် သတင်းရလျှင်ရချင်း သွားရောက်ကွပ်ကဲထိန်းသိမ်းပေးခဲ့ပါကြောင်း၊ ယာဉ်ထိန်းရဲသည်လည်း ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်၍ ရဲတပ်ဖွဲ့ကို ကူညီသလို ယာဉ်ထိန်းရဲတပ်ဖွဲ့ကိုလည်း ပူးပေါင်းကူညီကြစေလိုပါကြောင်း၊ ယာဉ်ထိန်းရဲနှင့်သက်ဆိုင်သော အားနည်းချက်များကို ပြည်သူက တွေ့မြင်ကြားသိလျှင် ထောက်ပြပြီး သတင်းပေးပို့ကူညီကြစေလိုပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းသည်လည်း ပြည်သူ၏ ပူးပေါင်းပါဝင်မှုတစ်ခုပင်ဖြစ်၍ ပြည်သူတို့၏ အခက်အခဲများကို ရဲနှင့် ပြည်သူ ပူးပေါင်းဖြေရှင်းကြစေလိုပါကြောင်းဖြင့် ရှင်းပြဖြေကြားသွားသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**


# ငွေဆောင်မြို့တွင် နိုင်ငံခြားသူနှစ်ဦးအိပ်ပျော်နေစဉ် ငွေကြေးအခိုးခံရ

**ငွေဆောင် မေ ၁၅**

ငွေဆောင်မြို့ အမှတ်(၃)ရပ်ကွက် Silver View Hotel အခန်းအမှတ်(၆၀၇)တွင် တည်းခိုနေသော ဂျာမနီနိုင်ငံသူ Hoffmann Silk နှင့် Mrs. WemsingNina တို့နှစ်ဦးသည် မေ ၁၃ ရက်က အခန်းအတွင်း အိပ်ပျော်နေစဉ် ည ၁၀ နာရီ မိနစ် ၄၀ က လူလတ်ပိုင်းအမျိုးသားတစ်ဦး ဝင်ရောက်နေသည်ကို နိုးလာသဖြင့် မြင်တွေ့ခဲ့ရာ အဆိုပါအမျိုးသားမှာ ပြတင်းပေါက်မှ ထွက်ပြေးသွားပြီး မြန်မာငွေကျပ် ၁၈၀၀၀၀ နှင့် ဒေါ်လာ ၈၀ ခိုးယူသွားကြောင်း သိရသည်။

အဆိုပါ ကျူးကျော်ဝင်ရောက်ဖောက်ထွင်းခိုးယူမှုအား ငွေဆောင်မြို့ရဲစခန်းမှ ဒုရဲအုပ်တင့်ဝေက ပ/၁၅/၂၀၁၅ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေဆောင် (မြန်/ဆက်)**



# ပြည်တွင်းရေးရာ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့စွမ်းဆောင်ရည်သီးသန့်အထူးဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ရှေးဦးစွာ ညနေ ၃ နာရီတွင် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြမည့် ဆရာတော်ကြီး ၁၀ ပါး၏ သာသနာရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်ချက်များကို တစ်ပါးချင်းစီအလိုက် ထုတ်နုတ်ဖော်ကျူးပြသသည်။

ထို့နောက်ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြသည့် ဆရာတော်ကြီးများမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် တောင်စလင်း တိုက်သစ်ဘာဝနာဌာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီ ဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ (ဒွိပိဋကကောဝိဒ)၊ အလိုတော်ပြည့်ကျောင်းတိုက်များ ပဓာနနာယက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစိန္တိတာလင်္ကာရ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် တောင်တန်းသာသနာပြုအဖွဲ့ ဩဝါဒါစရိယ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သာသနာ့နုဂ္ဂဟအဖွဲ့ နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒ၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောရတပ်ဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သင်္ဃန်းကျွန်းမြို့နယ် ပရိယတ္တိပဋိပတ္တိသာသနာပြုမူလဆယ်တောင်ပြည့် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒဗလ၊ မဇ္ဈိမဝံသ မြန်မာရဟန်းတော်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကျောင်း မဇ္ဈိမဂုဏ်ရည် ဓမ္မကထိက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ကောဝိဒ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကုန်းမြင့်သာရပ်ကွက် ဓမ္မရုံသိမ်မိုးကုတ်ရိပ်သာ ကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုနန္ဒတို့ဖြစ်ကြသည်။

ထို့နောက် ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသူများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိကြသူများ၊ ဘက်စုံ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ ပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲပြီး ခေတ်သစ်စနစ်သစ်နှင့် နိုင်ငံသစ်ထူထောင်တည်ဆောက်ရသည့် တာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ခေတ်ဟောင်း၊ စနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်နှင့် ဒီမိုကရေစီနိုင်ငံသစ်သို့ ပြောင်းလဲထူထောင်ရာတွင် ယခင်အစိုးရ၏ ဒီမိုကရေစီမျိုးစေ့ချပေးမှုအပေါ် မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့်အတူလက်တွဲကြိုးပမ်းနိုင်ခဲ့မှုကြောင့် ရှင်သန်ဖွံ့ဖြိုးမှု အရှိန်အဟုန် ရစပြုနေပြီဖြစ်ပါကြောင်း၊ ရှင်သန်ဖွံ့ဖြိုးမှုမှ အသီးအပွင့်ရရှိခံစားမှုအဆင့်အထိ မိမိတို့အားလုံး ဆက်လက်ပြုစုပျိုးထောင်ကြိုးပမ်းသွားကြရဦးမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့်ကဏ္ဍအသီးသီးတွင် အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် စွမ်းဆောင်ရှင်များစွာလိုအပ်သလို အလုပ်လုပ်သည့်၊ အလုပ်ကြိုးစားသည့် ပြည်သူများ၏ အခန်းကဏ္ဍသည် တိုင်းပြည်ထူထောင်တည်ဆောက်မှုအတွက် အရေးအပါဆုံး လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြပါကြောင်း။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအဖြစ် "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ရန်" မျှော်မှန်းချက်ထားရှိပြီး လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံသစ် ထူထောင်တည်ဆောက်ရန် စတင်တာဝန်ယူခဲ့ရသည့် မိမိတို့အစိုးရအတွက် အတွေ့အကြုံအသစ်၊ **စာမျက်နှာ ၇ သို့** ●




**ဆရာတော်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**● စာမျက်နှာ ၆ မှ**

စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်လွှားခဲ့ရသော်လည်း နိုင်ငံပြောင်းလဲတိုးတက်အောင် လုပ်ဆောင်မည်ဆိုသည့် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် သန္နိဋ္ဌာန်ချမှတ်ပြီး ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ခေတ်သစ် စနစ်သစ်တစ်ရပ်ကို ညင်သာချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့မှုကြောင့် အပြောင်းအလဲကို စောင့်ကြည့်နေကြသည့် နိုင်ငံတကာနှင့် ပြည်သူများက ယုံကြည်လက်ခံခဲ့ကြခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံနှင့် မရှေးမနှောင်း ကာလများတွင် ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပြောင်းလဲခဲ့ကြသည့် နိုင်ငံများထဲတွင် အောင်မြင်သော နိုင်ငံများရှိသကဲ့သို့ မအောင်မမြင်၊ မတည်မငြိမ်နှင့် ပြည်သူများ ဘေးဒုက္ခကြုံတွေ့နေရသည့် နိုင်ငံအချို့ရှိနေသည့်အချိန်တွင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုသည် ပြည်သူအားလုံး၏ ညီညွတ်သော စွမ်းဆောင်မှုကြောင့်သာ အောင်မြင်ချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဦးညဏ်ထွန်း မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ဒီမိုကရေစီအတွေ့အကြုံနည်းပါးသော်လည်း ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပထမဆုံးခြေလှမ်းများကို တက်လှမ်းနိုင်အောင် စွမ်းဆောင်ခဲ့သည့် အစိုးရတစ်ရပ်အဖြစ် ကမ္ဘာ့အလယ်တွင် မှတ်ကျောက်တင်ခံရခြင်းအပေါ် မိမိတို့တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုအဖြစ် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးစနစ် အလှည့်အပြောင်းတစ်ရပ်ကို ညင်သာချောမွေ့စွာ ထိန်းကျောင်းပြောင်းလဲနိုင်ခဲ့သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများနှင့် အောင်မြင်အောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အမြင်သဘောထားများ မတူကွဲပြားသည့်ကြားက တူညီသည့် သဘောထားအမြင်များကို ဦးစားပေးအပြုသဘောဆောင်၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအဆင့်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တက်လှမ်းဆောင်ရွက်ကြရမည်မှာ မိမိတို့ တိုင်းရင်းသားပြည်သူအားလုံး၏ ညီညွတ်သည့်စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သောကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းအားပေးပူးပေါင်းကူညီဆောင်ရွက်ကြပါဟု မေတ္တာရပ်ခံ နှိုးဆော်အပ်ပါကြောင်း။

မိမိတို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသွင်ကူးပြောင်းရေးကာလအတွင်းတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အချိန်ယူကာ တစ်ပြိုင်နက် တည်ဆောက်ခဲ့ကြရပါကြောင်း၊ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ဤနေရာတွင် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးမှုနှင့် ဦးစားပေးအစီအစဉ်များရေးဆွဲ၍ ဆောင်ရွက်ခဲ့ရခြင်းကြောင့် လုပ်ငန်းအချို့ပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအချို့လည်း ကျန်ရှိနေသေးကြောင်း၊ အဆိုပါလုပ်ငန်းအားလုံးသည် ဒီမိုကရေစီစနစ်သစ်နှင့် လိုက်လျောညီထွေရှိပြီး ပြည်သူများ၏ အဓိကဆန္ဒနှစ်ခုဖြစ်သည့် အေးအေးချမ်းချမ်း နေထိုင်လိုမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လိုမှုဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် အခြေခံအုတ်မြစ်တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် မိမိတို့အစိုးရအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူလက်တွဲကာ နိုင်ငံအတွက် ထူးခြားသည့် စွမ်းဆောင်မှုနှစ်ရပ်ကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို ပြောကြားလိုပါကြောင်း၊ စွမ်းဆောင်မှုတစ်ရပ်မှာ လွတ်လပ်ရေးရပြီး နှစ်(၄၀)ကျော်အတွင်း မကျင်းပနိုင်ခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့အားကစားစွမ်းဆောင်ရှင်များအနေဖြင့် နိုင်ငံအတွက် ဆုတံဆိပ်များစွာကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

နောက်ထပ်စွမ်းဆောင်မှုတစ်ရပ်မှာ အာဆီယံဥက္ကဋ္ဌတာဝန်ယူရင်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်များတွင် မြန်မာနိုင်ငံကို ကမ္ဘာက အလေးထားဆက်ဆံလာအောင် ကြိုးပမ်းနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံရေးအလှည့်အပြောင်း မှန်ကန်မှုနှင့်အတူ နိုင်ငံတကာဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြောင်းလဲတိုးတက်လာအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခြင်းသည် မိမိတို့ တစ်မျိုးသားလုံး၏ အမျိုးသားစီးပွားပြောင်းလဲတိုးတက်မှုအတွက် တံခါးဖွင့်ပေးနိုင်ခြင်းသာ ဖြစ်ပါကြောင်း။

စီးပွားရေးတံခါးဖွင့်ခါစတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးမူဝါဒများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းမှုများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အရှိန်အဟုန်ဖြင့် ဖြေလျှော့ပြောင်းလဲမှုများ လုပ်ခဲ့ရသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ၏ ကြိုးပမ်းမှုကြောင့် စီးပွားရေးဝန်းကျင် အခြေခံကောင်းအဖြစ်နှင့် အုတ်မြစ်ချပြောင်းလဲထူထောင်ပေးနိုင်ခဲ့ပါကြောင်း။

မည်သည့်စီးပွားရေးမဆို စတင်ရင်းနှီးမြှုပ်နှံသည့် သုံး၊ လေး နှစ်ကာလအတွင်း အကျိုးအမြတ် အသီးအပွင့် ချက်ချင်းမခံစားနိုင်သေးသော်လည်း ထိုကာလလွန်မြောက်လျှင် အကျိုးအမြတ်အသီးအပွင့် ရရှိခံစားလာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရတာဝန်ယူရသည့် ကာလအတွင်း အသွင်ကူးပြောင်းရေးကာလပြင်ဆင်ရခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၊ အခြေခံအုတ်မြစ်ချခြင်းအဆင့်များကို ဦးစားပေးလုပ်ရသည့်အတွက် ချက်ချင်းလက်ငင်း အသီးအပွင့် ခံစားရရှိနိုင်ရန် အခက်အခဲရှိသည်ကို ပြည်သူအားလုံးက သိရှိနားလည်ပြီး မိမိတို့အစိုးရနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းပြည်၏အနာဂတ်တွင် ပြည်သူများမျှော်လင့်သကဲ့သို့ လူမှုစီးပွားအသီးအပွင့်များ ခံစားရရှိနိုင်မည်ဖြစ်သည်ဆိုသည်ကို နိုင်ငံတကာအဖွဲ့အစည်းများ၏ မြန်မာ့စီးပွားရေးအပေါ် ခန့်မှန်းလေ့လာသုံးသပ်ချက်များအား ကောက်နုတ်ပြောကြားလိုပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့(OECD) စသည့် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့နိုင်ငံ၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်အလားအလာအပေါ် ခန့်မှန်းသုံးသပ်အကြံပြုရေးသားဖော်ပြချက်များကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများကို ရှုထောင့်အသွယ်သွယ်မှ တွေ့မြင်နေရကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

◆ စာမျက်နှာ ၇ မှ
ကာလလတ်အတွင်း ခုနစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအကြားရှိနေ၍ ၂၀၃၀ ခုနှစ်တွင် ၉ ဒသမ ၅အထိ မြင့်တက်လာနိုင်ကြောင်းနှင့် လူတစ်ဦးချင်း၏ ဝင်ငွေသည်လည်း ယနေ့ဒေါ်လာ ၉၀၀ မှ အမြင့်ဆုံး ဒေါ်လာ ၅၀၀၀ နီးပါး အထိ တိုးတက်နိုင်ကြောင်း။

အစိုးရ၏ မှန်ကန်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်နှုန်းကို ရရှိနေခြင်းဖြစ်ကြောင်း၊ ယခုလို ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများအပါအဝင် အဖွဲ့အစည်းများနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ဝင်ရောက်လာမှုကြောင့် ၂၀၁၄ ခုနှစ်မှစ၍ ရက်သတ္တတစ်ပတ်လျှင် အထည်ချုပ်စက်ရုံတစ်ရုံနှင့်အထက် တိုးတက်ဖွင့်လှစ်လျက်ရှိကြောင်း၊ ဝန်ဆောင်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခရီးသွားကဏ္ဍအလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများကြောင့် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြွယ်ဝသည့်သဘာဝသယံဇာတအရင်းအမြစ်နှင့် မဟာဗျူဟာကျမှုကို ထိထိရောက်ရောက်အသုံးချပြီး ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း သုံးသပ်ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အတွေ့အကြုံရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခန့်မှန်းသုံးသပ်ချက်တိုင်းသည် အလိုအလျောက်ဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ တစ်မျိုးသားလုံးက တကယ်အလုပ်လုပ်ပြီး တကယ်ကြိုးစားမှသာ မိမိတို့မျှော်မှန်းသည့်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအပေါ် သုံးသပ်ထားသည့် McKinsey Global Institute ၏ လေ့လာသုံးသပ်ချက်ပါ အဓိကကျသည့်အချက်များအနက် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုနှစ်ဆတိုးတက်ရေး၊ ဆက်သွယ်ရေး ဒစ်ဂျစ်တယ်စနစ် ခုန်ပျံကျော်လွှားတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍတိုးတက်ရေးနှင့် မြို့ပြကျေးရွာ အခြေခံအဆောက်အအုံ တိုးတက်ရေးအပိုင်းများကို ဦးစားပေးဆောင်ရွက်နိုင်လျှင် တိုးတက်မှုအလားအလာကောင်းများ ရှိမည်ဖြစ်သည်ဟု အကြံပြုဖော်ပြထားပါကြောင်း။

ယခုဆိုလျှင် ဆက်သွယ်ရေး ဒစ်ဂျစ်တယ်စနစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှုအရှိန်အဟုန်သည် မြို့ပြနှင့်ကျေးလက်ပြည်သူအလွှာမျိုးစုံတွင် လက်ကိုင်ဖုန်းများ တွင်ကျယ်စွာသုံးစွဲနိုင်မှုကြောင့် ပြည်သူများ၏လူမှုစီးပွားရေးနယ်ပယ်များတွင် သိသာထင်ရှားသည့် အကျိုးရလဒ်များ ခံစားနေရပြီဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်အတွက် တစ်နှစ်ထက်တစ်နှစ်တိုးတက်တည်ဆောက်ပေးလျက်ရှိပြီး စွမ်းအင်၊ လျှပ်စစ်ကဏ္ဍတိုးတက်နှုန်းနှင့် စက်မှုလက်မှုကုန်ထုတ်လုပ်မှုတိုးတက်နှုန်းများသည် အပြန်အလှန်ဆက်စပ်နေသည့်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆဲ ဖြစ်ပါကြောင်း။

မြို့ပြကျေးရွာ အခြေခံအဆောက်အအုံ တိုးတက်ရေးအပိုင်းအနေဖြင့် ဒေသတိုင်းတွင် မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဌာနဆိုင်ရာများ၊ မြို့နယ်/ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများနှင့် ဒေသခံပြည်သူများ ပူးပေါင်းရေးဆွဲဆောင်ရွက်မှုသည် အရှိန်ရစ ပြုလာပြီဖြစ်ပါကြောင်း၊ ပြည်သူများပူးပေါင်းပါဝင်မှုနှင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများဆန္ဒနှင့်အညီ မြို့ပြစီမံကိန်းများအား စနစ်တကျရေးဆွဲ အကောင်အထည်ဖော်သွားကြမည်ဆိုပါက မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုတွင်းထွက်သယံဇာတများကို ပြည်သူများအတွက် အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲအသုံးပြုဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် နောင်အနာဂတ် သားစဉ်မြေးဆက်အထိ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဖြစ်အောင် ထူထောင်တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး စီးပွားရေးကဏ္ဍဖြစ်သည့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်နှစ်ဆမြှင့်တင်မှသာလျှင် ကုန်ထုတ်လုပ်မှုနှစ်ဆတိုးတက်ရေးမျှော်မှန်းချက်ကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများ အားလုံးက ပြည်သူများနှင့် နီးနီးကပ်ကပ် ထိတွေ့ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက် အားပေးပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်မြှင့်တင်ပေးရမည့် အစီအမံများကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍက မောင်းနှင်အားအဖြစ် မဏ္ဍိုင်ပြုဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယနေ့ချီးမြှင့်မည့် စွမ်းဆောင်ရည်ဆုအသီးသီးသည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်ကူးသန်းရောင်းဝယ်မှုလုပ်ငန်း အသီးသီးတွင် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဆုအမျိုးအစားများခွဲခြားသတ်မှတ်ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ယခင်နှစ်က ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချသုတေသနလေ့လာတီထွင်ကြံဆဆောင်ရွက်နိုင်မှုအတွက် ဆုများမပါဝင်ခဲ့သော်လည်း ယခုနှစ်တွင် ဤဆုများကို ထည့်သွင်းချီးမြှင့်မည်ဖြစ်ပါကြောင်း။

ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရန်အတွက် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာကျွမ်းကျင်သူများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူတောင်သူလယ်သမားများအဆင့်ထိ လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအလိုက် လေ့ကျင့်ပြုစု ပျိုးထောင်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မကြာမီကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသအစိုးရအစီအစဉ်နှင့် ရင်းနှီးမြှုပ်နှံခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်နှင့် လုပ်ငန်းပမာဏကို သတ်မှတ်ဆောင်ရွက်စေတော့မည်ဖြစ်ပါကြောင်း၊ ထိုအခါတွင် အခြားဒေသမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုသာမကဘဲ မိမိဒေသခံလုပ်ငန်းရှင်နှင့် ပြည်သူများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် စွမ်းအားများရှိအောင် ပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းအားဖြင့် မစွမ်းဆောင်နိုင်သည့်ကိစ္စတွင် အများအားဖြင့် အများပိုင်ကုမ္ပဏီများထူထောင်ပြီး လုပ်နိုင်ကိုင်နိုင်စွမ်းရှိအောင် ကြိုးစားကြရန်ပြောကြားလိုပါကြောင်း၊ ထိုမှသာ နောက်တစ်ဆင့်အနေဖြင့် အာဆီယံလွတ်လပ်သည့်ကုန်သွယ်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရစတင်တာဝန်ယူချိန်ကတည်းက အဓိကကျသည့်ပြည်သူ့ရေးရာမူဝါဒတစ်ရပ်ကို ချမှတ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ၎င်းမှာ ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးမူဝါဒဖြစ်ပါကြောင်း။

ပြည်သူများ၏အဓိကလိုလားချက် နှစ်ခုရှိသည့်အနက် အေးအေးချမ်းချမ်းနေလိုမှု ဆန္ဒကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အမျိုးသားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့်ဘာသာရေးအရ စိန်ခေါ်မှုများကို မိမိတို့ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အမျိုးသားရေးစိန်ခေါ်မှုများအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့်အတူ ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါး၊ အရက်သေစာနှင့် လောင်းကစားမှုများကို လူငယ်များအတွင်းတွင် ပျံ့နှံ့မလာရန် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုအတွင်း အေးအတူပူအမျှ တစ်လှေတည်းစီး တစ်ခရီးတည်းသွားများအဖြစ် ညီညီညွတ်ညွတ် မျှမျှတတ နားလည်မှုရှိစွာ နေထိုင်နိုင်ရန်၊ မတူကွဲပြားမှုများကို အားနည်းချက်အဖြစ်မယူဆဘဲ အားသာချက်နှင့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်သည့် လူ့အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရန် မိမိတို့ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့ဆုချီးမြှင့်ပွဲတွင် ဘာသာစုံ၊ လူမျိုးစုံ၊ အယူအဆမျိုးစုံနှင့် နေထိုင်ကြသော်လည်း မိမိမြို့ရွာဖွံ့ဖြိုးတိုးတက်ရေးကို ညီညီညွတ်ညွတ် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ကြသည့် ကျေးရွာများ၊ မြို့များနှင့် ထိုကဲ့သို့ဖွံ့ဖြိုးတိုးတက်အောင် ဦးစီးဦးဆောင်ပြုနိုင်သည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပေးခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့အစိုးရ၏ ရည်မှန်းချက်နှင့် စေတနာကို သိရှိကြပြီးဖြစ်သည့်အတွက် နိုင်ငံနှင့် လူမျိုးအကျိုး၊ ဒေသအကျိုး တိုးတက်ထမ်းဆောင်ပေးကြပါရန်နှင့် မိမိတို့နှင့် လုပ်ဖော်ကိုင်ဖက် ဒေသခံပြည်သူများကို ထပ်ဆင့်ပညာပေး လက်တွဲခေါ်ယူပြီး နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လည်း ဂုဏ်ပြုပြောကြားလိုပါကြောင်း။

ယနေ့ ဆုချီးမြှင့်သည့်အခမ်းအနားတွင် အများပြည်သူအတွက် သက်စွန့်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသူများအား အထူးဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ရန်စီစဉ်ထားပါကြောင်း၊ ထိုပုဂ္ဂိုလ်များမှာ ကိုးကန့်ဒေသတိုက်ပွဲများကြားတွင် ဒုက္ခသည်ပြည်သူများကို သက်စွန့်ကယ်ဆယ်ကူညီခဲ့သည့် ကြက်ခြေနီစွမ်းဆောင်ရှင်များ၊ ရခိုင်ပြည်နယ်အတွင်း သင်္ဘောတိမ်းမှောက်နစ်မြုပ်စဉ်တွင် ခရီးသည်များကို အသက်ဘေးမှစွန့်စားကယ်ဆယ်ခဲ့ကြသူများအား ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားပြည်သူများသည် လူမှုရေးစိတ်ဓာတ်အရင်းခံရှိကြသူများဖြစ်သည့်အတွက် ယခင်နှစ်များကလည်း မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးကူညီမှုအသင်းများ၊ ဌာနဆိုင်ရာလူပုဂ္ဂိုလ်အဖွဲ့အစည်းများအား အလားတူဆုများချီးမြှင့်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဆုချီးမြှင့်ရာတွင် မပါဝင်သော မီးသတ်၊ကြက်ခြေနီ၊ ကင်းထောက်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊အမျိုးသမီးရေးရာနှင့် အခြားလူမှုရေး၊စီးပွားရေးအဖွဲ့အစည်းအသီးသီးသည်လည်း နိုင်ငံနှင့်ဒေသ၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် အစဉ်အမြဲပါဝင်လှုပ်ရှားဆောင်ရွက်ပေးနေကြသည့်အတွက် ပြည်သူအားလုံး၏ကိုယ်စား ဂုဏ်ယူပါသည်ဟု ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများလိုလားနေသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့အတွက် အသက်သွေးချွေးများစွာပေးဆပ်၍ ကာကွယ်စောင့်ရှောက်နေကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် သီးသန့်အထူးဆုကို ချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ တပ်မတော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့က နိုင်ငံတော်၏တန်ဖိုးကြီးမားသည့်ဘဏ္ဍာဖြစ်သော အဖိုးတန်သစ်တောသယံဇာတများ မဆုံးရှုံးရအောင် တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက်လည်း အထူးဂုဏ်ထူးဆောင်ဆုများနှင့် ချီးမြှင့်ဂုဏ်ပြုသွားမည် ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး ဆုအသီးသီးရရှိခဲ့ကြသည့် ပုဂ္ဂိုလ်များအပါအဝင် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် ထူထောင်ရေးလုပ်ငန်းများတွင် မိမိကျရာနေရာမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသည့် လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူအားလုံးကိုလည်း နိုင်ငံတော်သမ္မတအနေဖြင့် များစွာအလေးထား ဂုဏ်ပြုအပ်ပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း၊ ထို့အပြင် နိုင်ငံ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေကြသူများ၊ နိုင်ငံ့အရေးအရာကိစ္စများကို အလေးထားဆွေးနွေးဆုံးဖြတ် အတည်ပြုဆောင်ရွက်ပေးနေသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၏ တိုင်းကျိုးပြည်ပြု စွမ်းဆောင်ခဲ့မှုများကိုလည်း ဂုဏ်ပြုအပ်ပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ▼

# ၂၀၁၅ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိမှုစာရင်း

## နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု | စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် |
| ၂။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု | မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ကူမဲကျေးရွာ |
| ၃။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီဆု | မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ |
| ၄။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် စည်ပင်သာယာရေး ကော်မတီဆု | ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးကော်မတီ |
| ၅။ | စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု | ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးကောင်းကျေးရွာမှ ဦးသန်းမြင့် |
| ၆။ | စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု | ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာမှ ဦးတင်မောင်ဦး |
| ၇။ | မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု | မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မအူကျောက်ဖူးကျေးရွာမှ ဦးဇော်နိုင် |
| ၈။ | မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာမှ ဦးသန်းမြင့် |
| ၉။ | နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု | ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း |
| ၁၀။ | အများပြည်သူဘေးအန္တရာယ် ကျရောက်မှုအားသက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) | ကယားပြည်နယ် ဒီမောဆိုမြို့နယ်မှ ဦးဖရေးရယ် |
| ၁၁။ | နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်) | U-19 မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း |
| ၁၂။ | နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | အေးရှားဝေါလ်ကုမ္ပဏီလီမိတက် |
| ၁၃။ | အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း |
| ၁၄။ | အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု | မန္တလေးတိုင်းဒေသကြီးမှ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် |
| ၁၅။ | ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးပိုင်(ပိုင်မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီ) |
| ၁၆။ | တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချ နိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု | တနင်္သာရီတိုင်းဒေသကြီးမှ ဒေါက်တာအောင်လွင် (ပြည့်ဖြိုးထွန်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်) |
| ၁၇။ | ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု | ကချင်ပြည်နယ်မှ ဦးဘရမ်မွန်း (လပ်ကီးမုန့်မျိုးစုံလုပ်ငန်း) |
| ၁၈။ | ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု | မန္တလေးတိုင်းဒေသကြီးမှ ဦးမောင်အေး (Good Brother Co.,ltd.) မန္တလာလက်တွန်းထွန်စက်၊ လယ်ယာသုံးစက်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း |
| ၁၉။ | ဝန်ဆောင်မှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးထွန်းထွန်းနိုင် (Blue Ocean Operation Management) |
| ၂၀။ | နိုင်ငံ့အကျိုးပြုအသုံးချသုတေသန စွမ်းဆောင်ရည်ဆု | တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တက္ကသိုလ်မှ ဒေါက်တာနန်းမြဟန် |

## နိုင်ငံတော်သမ္မတ၏ သီးသန့်အထူးဆု

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ လိုလားနေသည့် နိုင်ငံတည်ငြိမ် အေးချမ်းရေးတို့အတွက် အသက်သွေးချွေးများပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်နေကြသည့် တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတ၏ သီးသန့်အထူးဆု | မြန်မာ့တပ်မတော် |

## နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) | ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သည့် အောင်တံခွန်ရေယာဉ်တိမ်းမှောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်ခဲ့သူ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှ ဦးကျော်ဆန်းမြင့်၊ မောင်အောင်မျိုးသန်း၊ မောင်သန်းကျော်မြင့်၊ မောင်ဇော်မျိုးသန်းနှင့် အမ်းမြို့နယ်မှ ဦးသန်းအောင်၊ ဦးကျော်မြင့်ဌေး၊ ဦးမောင်ဝိုင်းကြည်၊ ဦးအောင်မြထွန်း၊ ဦးသံချောင်း၊ ဦးဇော်ဝင်း၊ ဦးမောင်ဝင်းချေ၊ ဦးကျော်တင်အေး၊ ဦးငထီး၊ ဦးမောင်မောင်ထွန်း |
| ၂။ | အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) | ကွမ်းလုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူး ဦးမိုးကျော်သန်း၊ တပ်သား ဦးဇော်မင်းထိုက်နှင့် လောက်ကိုင်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး (ဒုတိယတန်း) ဦးကျော်ဇောထူး |
| ၃။ | နိုင်ငံတော်၏ တန်ဖိုးကြီးမားသောဘဏ္ဍာဖြစ်သည့် သစ်တောသယံဇာတများ မဆုံးရှုံးစေရန် တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု | မြန်မာ့တပ်မတော် |
| ၄။ | နိုင်ငံတော်၏ တန်ဖိုးကြီးမားသောဘဏ္ဍာဖြစ်သည့် သစ်တော သယံဇာတများ မဆုံးရှုံးစေရန် တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန |
| ၅။ | နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | ကမ္ဘောဇဘဏ်လီမိတက် |

## နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ (မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆုများ)

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု | ပဲခူးတိုင်းဒေသကြီးမှ တောင်ငူမြို့နယ် |
| ၂။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု | ကချင်ပြည်နယ်မှ မြစ်ကြီးနားမြို့နယ် |
| ၃။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု | မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ |
| ၄။ | ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု | စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆိတ်ခွန်ကျေးရွာ |
| ၅။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆု | မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ |
| ၆။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆု | ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ |
| ၇။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် စည်ပင်သာယာရေးကော်မတီဆု | ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| ၈။ | စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် စည်ပင်သာယာရေးကော်မတီဆု | ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| ၉။ | စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု | မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် တောဘိုကုန်းကျေးရွာမှ ဒေါ်ဝင်း |
| ၁၀။ | စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု | ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့မှ ဦးအောင်သန်းကျော် |
| ၁၁။ | မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု | ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာမှ ဦးအိုက်ကျုံး |
| ၁၂။ | မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု | ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ဟာကျားမုနိုးကျေးရွာမှ ဦးကျပေး |
| ၁၃။ | မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု | တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကုန်းဖောက်ကျေးရွာမှ ဦးကျော်ကျော် |
| ၁၄။ | မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု | ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာမှ ဦးရဲဝင်း |

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

☆ စာမျက်နှာ ၉ မှ

**နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ (လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆုများ)**

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ/ဒေသအမည် |
|---|---|---|
| ၁။ | နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု | စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ကာယကံ မေတ္တာ လူမှုကူညီရေးအသင်း |
| ၂။ | နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု | ကရင်ပြည်နယ် မြဝတီမြို့မှ စေတနာ(မြဝတီ)လူမှု ကူညီရေးအသင်း |
| ၃။ | နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ထူးချွန် ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | ကမ္ဘောဇရတနာဘဏ်လီမိတက် |
| ၄။ | နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ထူးချွန် ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု | မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် |
| ၅။ | အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု | မန္တလေးတိုင်းဒေသကြီးမှ ပွဲစား၊ ကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း |
| ၆။ | အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု | တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း |
| ၇။ | အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်း အဖွဲ့ဆု | ရှမ်းပြည်နယ်မှတက်နေဝန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် |
| ၈။ | အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်း အဖွဲ့ဆု | မကွေးတိုင်းဒေသကြီးမှ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် |
| ၉။ | ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု | ရှမ်းပြည်နယ်မှ ဦးကျော်ဆန်းဦး (ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်) |
| ၁၀။ | ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု | တနင်္သာရီတိုင်းဒေသကြီးမှ ဦးထွန်းထွန်းဝင်း (PHO LA MIN TRADING CO.,LTD) |
| ၁၁။ | တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်း ချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု | ပဲခူးတိုင်းဒေသကြီးမှ ဦးထင်ဇော်လှိုင် (ပြည့်စုံအောင်မြင်အဆင့်မြင့်ပေါင်းဆန်စက်) |
| ၁၂။ | တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်း ချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးဝေဖြိုး (ချိုချိုအသင့်စားကြာဆံလုပ်ငန်း) |
| ၁၃။ | ထုတ်လုပ်ရောင်းချမှုထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေကြီးမှ ဦးကိုလေး (JKL အဆင့်မြင့် ထုပ်ပိုးမှုလုပ်ငန်း) |
| ၁၄။ | ထုတ်လုပ်ရောင်းချမှုထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု | စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးတင်မောင်ကြည် (အေးငြိမ်းသီတာတိုင်းရင်းဆေးဝါး ထုတ်လုပ်မှုလုပ်ငန်း) |
| ၁၅။ | ထုတ်လုပ်ရောင်းချမှုထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု | မွန်ပြည်နယ်မှ ဒေါ်စိန်မမ (ဆွိုတီအထက်တန်း ဟင်းမွှေးမဆလာထုတ်လုပ်မှုလုပ်ငန်း) |
| ၁၆။ | ထုတ်လုပ်ရောင်းချမှုထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု | ဧရာဝတီတိုင်းဒေသကြီးမှ ဦးလှဦး (စုပေါင်းလယ်ယာဆန်စက်) |
| ၁၇။ | ထုတ်လုပ်ရောင်းချမှုထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု | ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းကြည် (NIBBAN လျှပ်စစ်နှင့် အီလက်ထရွန်နစ်လုပ်ငန်း) |
| ၁၈။ | ဝန်ဆောင်မှုထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု | ရှမ်းပြည်နယ်မှ ဦးအုန်းမောင် (Inlay Princess Hotel) |
| ၁၉။ | ဝန်ဆောင်မှုထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု | မွန်ပြည်နယ်မှ ဒေါက်တာမျိုးမြင့်စိန်၊ စိမ်းလဲ့တင် (Adventure Land) |

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် မေ ၁၅**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**ရိုက်ကူးယှဉ်ပြိုင်နိုင်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှုအစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲ ဝင်ဓာတ်ပုံများသည် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့် အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**ဓာတ်ပုံများ ပေးပို့နိုင်**

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဆန်းဝင်း၊ စာတည်းမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

▼ စာမျက်နှာ ၈ မှ

ယနေ့ဂုဏ်ပြုပွဲတွင် နိုင်ငံတော်အဆင့်နှင့်အညီ အကဲဖြတ်ချက်များနှင့် ရွေးချယ်ခဲ့သောကြောင့် မပါဝင်နိုင်ခဲ့သည့် ထူးချွန်သူများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏အစီအစဉ်ဖြင့် ထိုက်တန်သည့် ဂုဏ်ပြုဆုများ ချီးမြှင့်သွားကြရန်မှာကြားလိုပါကြောင်း။

နောင်အနာဂတ်တွင် နိုင်ငံတော်ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေးတာဝန်များကို ထမ်းဆောင်ကြမည့် ထူးချွန်စီးပွားရေးစွမ်းဆောင်ရှင်လူငယ်များ၊ အမျိုးသမီးများ၊ ထူးချွန်ကျောင်းသားလူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်များနှင့် လူမှုအဖွဲ့အစည်းအသီးသီးမှ ထူးချွန်ထက်မြက်သည့် လူငယ်များသည်လည်း တစ်ချိန်တွင် နိုင်ငံ၏ လိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးမည့် နိုင်ငံ၏ မျိုးဆက်သစ်အင်အားများ ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ် အလေးထားပြုစုပျိုးထောင်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏ ဆောင်ရွက်ချက်များနှင့် အဆင့်သတ်မှတ်ချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိကြသည့် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုရရှိသူ ၁၄ ဦး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆုရရှိသူ ၁၉ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်သီးသန့်အထူးဆုနှင့် အထူးဂုဏ်ထူးဆောင်ဆုရရှိသူများ၏ စွမ်းဆောင်ရည်ပြကွက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အထူးဂုဏ်ထူးဆောင်ဆုရရှိသူ ၂၀ တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူ ၂၀ နှင့် သီးသန့်အထူးဆုရရှိသူတစ်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့သည် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ သီးသန့်အထူးဆု၊ အထူးဂုဏ်ထူးဆောင်ဆုရရှိသူများနှင့် လည်းကောင်း၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ဆုရရှိကြသူများနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများပေါ်ထွန်းလာစေရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြ/ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်သည်။ **(သတင်းစဉ်)**

◆ ပထမအကြိမ်မှ

ဘော်လီဘောပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ အုပ်စုပထမနေရာဖြင့် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အခြားသော အုပ်စုအဆင့်ပွဲစဉ်များမှာ အုပ်စု(ခ)မှ အီရန်နှင့် ကာတာတို့၏ ပွဲစဉ်တွင် အီရန်အသင်းက လည်းကောင်း၊ အုပ်စု(ဂ)မှ တိုင်ပေနှင့်တရုတ်တို့၏ ပွဲစဉ်တွင် တိုင်ပေအသင်းက လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာဘော်လီဘောအသင်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပပြီးစီးခဲ့ပြီးနောက် တစ်လအကြာတွင် ကစားသမား ၁၇ ဦးကို နည်းပြသုံးဦးဖြင့် လေ့ကျင့်ကစားစေခဲ့ကြောင်း သိရသည်။

ယင်း ကစားသမားများကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါဆီးဂိမ်းပြိုင်ပွဲ၏ ဘော်လီဘောပြိုင်ပွဲတွင် ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

လက်ရှိ ပထမအကြိမ် အာရှအမျိုးသား ယူ-၂၃ ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းသည် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ရာ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းတစ်ခု ဆောင်ကြဉ်းနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ဒေသတွင်းပြိုင်ဘက်များဖြစ်ကြသည့် ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ကို အဓိကပြိုင်ဘက်အသင်းများအဖြစ် ယှဉ်ပြိုင်ရမည့်အနေအထားတွင်ရှိကြောင်း မြန်မာအမျိုးသားဘော်လီဘောအသင်းနည်းပြ ဦးသိန်းဆွေက ပြောကြားသည်။

မြန်မာအမျိုးသား ယူ-၂၃ ဘော်လီဘောအသင်းသည် ပထမအကြိမ် အာရှအမျိုးသား ယူ-၂၃ ဘော်လီဘောပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ပြီဖြစ်သော်လည်း အခြားသော အုပ်စုပွဲစဉ်များမှာ မေ ၁၆ ရက် ပွဲစဉ်များပြီးမှသာ ကွာတားဖိုင်နယ်တက်မည့် အသင်းများ ထွက်ပေါ်မည်ဖြစ်သောကြောင့် မြန်မာအမျိုးသား ယူ-၂၃ ဘော်လီဘောအသင်း၏ ကွာတားဖိုင်နယ်ပြိုင်ဘက်အသင်းသည် မည်သည့်အသင်း ဖြစ်လာမည်ဆိုသည်ကို စိတ်ဝင်စားဖွယ်ကောင်းနေခဲ့ပြီဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်များကို မေ ၂၀ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

# Public Digital Library Service စက်များတွင် ထည့်သွင်းအသုံးပြုရန် ဝတ္ထု၊ သုတ၊ ရသ၊ ကာတွန်းစာအုပ် စာစောင်များ၏ Electronic Version များ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

**နေပြည်တော် မေ ၁၅**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် လူစည်ကားရာနေရာများ (သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ တက္ကသိုလ်)စသည်တို့တွင် Laptop များ၊ Mobile Phone များ၊ Tablet များဖြင့် Wifi စနစ်ကိုအသုံးပြု၍ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Public Digital Library Service (PDLS) စက်ကို စာအုပ် ၇၁၂၅ ပါဝင်သော စက်စုစုပေါင်း အလုံးရေ ၆၀၀ အား ဝယ်ယူတပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ မြို့နယ်အသီးသီးရှိ လူစည်ကားရာ နေရာများတွင် ပြည်သူများအနေဖြင့် စာပေဗဟုသုတများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် Public Digital Library Service စက် အလုံး ၂၀၀ ကို ထပ်မံ တပ်ဆင်ဆောင်ရွက်ပေးသွားရန်ရှိပြီး စာဖတ်ရှုလေ့လာသူများအနေဖြင့် မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုရန်အတွက်သာ အသုံးပြုပါရန် (Fair Use) နှင့် တစ်ဆင့်ဖြန့်ဝေခြင်း၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်းတို့ မပြုရန် မေတ္တာရပ်ခံ ဖော်ပြသွားမည်ဖြစ်ပါသည်။

၃။ ပြည်သူများ စာပေဗဟုသုတ အလွယ်တကူ ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ စာပေထုတ်ဝေသူများအနေဖြင့်လည်းကောင်း စာအုပ် Electronic Version (Soft Copy-PDF)များကို လှူဒါန်းမှုပြုလုပ်နိုင်ပါရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲ (ရန်ကုန်)၊ ဦးဆန်းဝင်း (စာတည်းမှူး) ဖုန်း ၀၁- ၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂၊ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် စာအုပ်များ၏ Electronic Version များကို စာရေးဆရာကြီး၊ ဆရာမကြီးအနေဖြင့် ရောင်းချလိုပါကလည်း ရောင်းချနိုင်မည့် မျှော်မှန်းဈေးနှုန်းဖော်ပြ၍ အဆိုပါ ဖုန်းနံပါတ် သို့ ဆက်သွယ်ရောင်းချနိုင်ပါကြောင်း ရိုသေလေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

ပြည်တွင်းရေးရာ

# ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍမြှင့်တင်ရန် အစိုးရပါဝင်သောအများပိုင်စနစ် အကောင်အထည်ဖော်ဆောင်ရွက်တော့မည်



**ရန်ကုန် မေ ၁၅**

၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မထသ (ဗဟို)မှတာဝန်ရှိသူများမှ အစိုးရ ပါဝင်သော အများပိုင်စနစ် ( Public Private Partnership) အား အကောင်အထည်ဖော်ဆောင်ရွက် တော့မည်ဖြစ်သည်။

မထသ(ဗဟို)မှ ဥက္ကဋ္ဌဦးလှအောင် က "ဘတ်စ်ကားတွေကိုအများပိုင် စနစ်သွားဖို့အတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်မှာ ပြုလုပ်ခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲမှပထမအချက်က ဘတ်စ်ကားစနစ်များကိုပြောင်းလဲရေး အတွက် အများပိုင်ကုမ္ပဏီထူထောင် ရေးကိစ္စနဲ့ ဒုတိယအချက်က ယာဉ် ကြောကျပ်တည်းမှုဖြေရှင်းတဲ့နေရာ မှာ လိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ ကျောင်းကားစနစ်ဖော်ဆောင်ရေး ကိစ္စဟာ အလုပ်ရုံဆွေးနွေးပွဲမှာ တက် ရောက်ခဲ့ကြတဲ့ ပြည်သူလူထုရဲ့ လိုလားချက် ဖြစ်ပါတယ်။ ဒီလိုဖော် ဆောင်ရင်ဘာဖြစ်မလဲဆိုတော့နိုင်ငံ တကာမှာလည်း ဖော်ဆောင်နေကြပါ ပြီ။ အများပြည်သူသွားလာနေကြတဲ့ စနစ်ကြီးကို နိုင်ငံတိုင်းကအလေးထား ပြီး ကြိုးစားနေကြပါတယ်။"

မထသ(ဗဟို)မှ ပိုမိုစနစ်ကျသော ဥပဒေဖွဲ့စည်းနိုင်ရေးအတွက် ရန်ကုန် မြို့ပြ အများပြည်သူသယ်ယူပို့ဆောင် ရေး အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာ စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလ ကပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ တွင် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

မထသ(ဗဟို)မှ အတွင်းရေးမှူး ဦးဘမြင့်ကလည်း "သူများနိုင်ငံမှာ ဘတ်စ်ကားဆိုတာ ယာဉ်မောင်း တစ်ဦးပဲရှိတာပါ။ ဘာပြဿနာမှမရှိ ပါဘူး။ ခရီးသည်က ဘတ်စ်ကား ပေါ်ရောက်တာနဲ့ ကတ်ကလေးကို စက်မှာကပ်လိုက်ရင် ပြီးသွားတာပါ။ ဒီတော့ ဒီကတ်ကရထားစီး၊ ဘတ်စ် ကားစီး အားလုံးသုံးလို့ရပါတယ်။ ယာဉ်မောင်းနဲ့ မချေမငံပြောဆိုနေရ တဲ့ကိစ္စ၊ ငွေပိုတောင်းတဲ့ ကိစ္စများ မရှိတော့ပါဘူး။ သူတို့နိုင်ငံမှာက လက်မှတ်စနစ်လည်းရှိပါတယ်။ ဒီ အတိုင်းပဲ ယာဉ်မောင်းဘေးကပ်လျက် မှာ ငွေ အိတ်ကလေးချိတ်ထားပြီး ကျသင့်ငွေကို ယာဉ်မောင်းကယူတယ်။ ပြီးတော့ ခရီးသည်ကို လက်မှတ်ပေး လိုက်တယ်။ စကားကိုအများကြီး ပြောစရာ မလိုပါဘူး။ ဒီတော့ ဒီမှာ လည်း ကျွန်တော်တို့ လူတွေက စည်းကမ်းရှိဖို့တော့ လိုအပ်ပါလိမ့် မယ်။ မြန်မာနိုင်ငံမှာလည်း အများပိုင် စနစ်ကို ပြောင်းမယ်ဆိုရင်တော့ ပိုကောင်းလာမှာပါ။ အများပိုင် စနစ်လုပ်ပြီး ဘတ်စ်ကားတွေ တင် သွင်းမယ်။ ပြီးတော့ အဲဒီအတိုင်း ဘတ်စ်ကားတွေကို ယာဉ်မောင်း တစ်ဦးနဲ့သာ လုပ်သွားမယ်ဆိုရင် ကားတွေ ကောင်းလာမယ်။ ဟိုက် ဒရောလစ်စနစ်က အရမ်းကောင်းပါ တယ်။ ဟိုက်ဒရောလစ်စနစ်တွေ ကောင်းနေတဲ့ ကားမှ ယာဉ်မောင်း တစ်ဦးတည်းနဲ့သုံးလို့ရမယ်။ ယာဉ် နောက်လိုက်မလိုတော့ဘူး။ ဘာ ကြောင့်လဲဆိုတော့ တံခါးအဖွင့် အပိတ်ကို ယာဉ်မောင်းက လုပ်ရ မှာဖြစ်တဲ့အတွက် ဟိုက်ဒရောလစ် စနစ်ကောင်းမှခရီးသည်တွေ အတက် အဆင်းလွယ်ကူမှာဖြစ်ပါတယ်" ဟု ပြောသည်။

ခရီးသည်တင် ယာဉ်လိုင်းများ အတွက် အများပိုင်စနစ်ဖြင့် ဆောင် ရွက်သွားမည်ဆိုလျှင် လက်ရှိ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ အက် ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီများဖွဲ့စည်းခြင်းဥပဒေတို့ဖြင့် စတင်ဆောင်ရွက်ရမည်ဖြစ်ပြီး အသင်း အဖွဲ့မှတ်တမ်း၊ အသင်းအဖွဲ့စည်း မျဉ်းရေးဆွဲရမည်ဖြစ်ကြောင်း၊ ထိုသို့ ရေးဆွဲမှုများအတွင်းသတ်မှတ်မတည် ရင်းနှီးငွေများ၊ ရှယ်ယာခေါ်ယူမည့် နည်းလမ်းများ၊ စုဆောင်းမည့် နည်း လမ်းများ၊ ထိုရှယ်ယာမှတစ်ဆင့် စတော့သို့ ပြောင်းမည့် နည်းလမ်း များ၊ ပြောင်းလဲပုံစံများ၊ စီမံကွပ်ကဲမှု များအတွင်း အုပ်ချုပ်မည့်နည်းလမ်း များ၊ ဒါရိုက်တာအဖွဲ့တည်ထောင်မည့် နည်းလမ်းများစသဖြင့် များပြားစွာ ရှိနေသည့်အတွက် တာဝန်ရှိသူများမှ ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ထိုမှ တစ်ဆင့် အသင်းအဖွဲ့စည်းမျဉ်းနှင့် အသင်းအဖွဲ့မှတ်တမ်းအရ မှတ်ပုံ တင်ရမည်ဖြစ်ကြောင်း၊ ယင်း နောက် ပြည်သူလူထုအားချပြကာ ရှယ်ယာရှင်များ ခေါ်ယူရမည် ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ် များမှာ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ် လာမည့် လုပ်ငန်းရပ်များဖြစ်သည့် အတွက် အများပြည်သူသယ်ယူ ပို့ဆောင်ရေးအခန်း ကဏ္ဍများ၏ ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင် ကြောင်း မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားခဲ့သည်။

လက်ရှိအနေအထားအရ ရန်ကုန် မြို့၏ ယာဉ်ကြောကျပ်တည်းမှုများ အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့၏စီမံကွပ်ကဲမှုဖြင့် သက်ဆိုင်ရာ ဌာနများမှ ခုံးကျော်တံတားစီမံကိန်း များဆောင်ရွက်လျက်ရှိခြင်း၊ အလို အလျောက်ထိန်းချုပ် မီးပွိုင့်စနစ်များ ဆောင်ရွက်လျက် ရှိနေခြင်းနှင့် လမ်း ကြောင်းရွေးချယ်ပြေးဆွဲမှုစနစ်ဖြစ် သော BRT စနစ်များအား အကောင် အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ် ရာ ၂၀၁၅ ခုနှစ် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်စရာအကြောင်း ရှိနေပြီး မြို့တော်ဖွံ့ဖြိုးတိုးတက်စေ ရေးအတွက် "ဘတ်စ်ကားစနစ်များ ကိုပြောင်းလဲရေးအတွက် အများပိုင် ကုမ္ပဏီထူထောင်ရေး"ဆိုသည့် ခေါင်း စဉ်အားတာဝန်ရှိသူများက ဆွေးနွေးခဲ့ ကြရကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## အလုပ်အကိုင် အခွင့်အလမ်း ပေါများလာသော်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အားနည်းချက်များရှိ

**ရန်ကုန် မေ ၁၅**

ယခုအခါရန်ကုန်မြို့ရှိ မြို့နယ်အများစုတွင် တည်ဆောက်ရေးလုပ်ငန်းများ များပြားလာခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများတွင် အိမ်ရာအဆောက်အအုံ တည်ဆောက်မှုများမှာ အများဆုံးဖြစ်လာပြီး အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်လာကြခြင်းလည်း ဖြစ်သည်။ "အရင်ကထက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါလာတယ်။ တည်ဆောက်ရေးလုပ်ငန်းခွင်တွေထဲမှာ အလုပ်ကြမ်းလုပ်သားတွေဆိုရင် အရင်လို လိုသလောက် ခေါ်လို့တောင်မရ နိုင်တော့ဘူး။ လုပ်သားလိုအပ်ချက်ကများပြီး အလုပ်သမားက ရှာမရဘူး" ဟု ကန်ထရိုက်တစ်ဦးက ပြောသည်။

ထိုသို့ လုပ်သားလိုအပ်ချက် မြင့်မားလာမှုနှင့်အတူ လုပ်အားခမှာလည်း ယခင်က အလုပ်ကြမ်းလုပ်သားတစ်ဦးလျှင် တစ်ရက်ကျပ် ၄၀၀၀ မှ ၅၀၀၀ ကြားရသော်လည်း ယခုအခါ ကျပ် ၇၀၀၀ မှ ၈၀၀၀ ကြားအထိ မြင့် တက်လာလျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင် နှစ်ခု၊ သုံးခုလောက်ကို တစ်လှည့်စီဖြင့် အဆိုင်းလိုက်ခေါ်ယူသုံးစွဲလာရခြင်းများရှိလာကြောင်း သိရသည်။

"ကျွန်တော်တို့ဆိုရင် ဆိုက်သုံးခုမှာ အလှည့်ကျသွားပြီး အလုပ်ဆင်းပေး နေရတယ်။ ရှိတဲ့လူအင်အားနဲ့ပဲ တစ်လှည့်စီသွားနေရတာပါ" ဟု မရမ်းကုန်း မြို့နယ်ရှိ အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် လုပ်ကိုင်နေသော လုပ်သားတစ်ဦးက ပြောသည်။

ထိုသို့ ဖြစ်လာခြင်းမှာ ယခုနှစ် ပွင့်လင်းရာသီကာလအတွင်းတွင် ဆင်ခြေဖုံး ရပ်ကွက်များအထိ ကျယ်ပြန့်စွာ တည်ဆောက်လာသော အထပ်မြင့် အဆောက် အအုံတည်ဆောက်မှုလုပ်ငန်းများကြောင့်ဖြစ်ကြောင်း ဆောက်လုပ်ရေး လုပ် ငန်းရှင်များက ဆိုလာကြသည်။

ထိုသို့ လုပ်သားလိုအပ်ချက်မြင့်မားမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်း များ ပေါလာခြင်း၊ လုပ်အားခပိုမိုရရှိလာခြင်းတို့မှာ အလုပ်သမားများအတွက် ဝမ်းသာစရာ အခြေအနေမျိုးဖြစ်သော်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေး ပြင်ဆင်ဆောင်ရွက်မှုအပိုင်း၌ အားနည်းချက်များ ရှိနေကြောင်းသိရသည်။

**ထက်ခိုင်(စမ်းချောင်း)**



**မည်သည့်အကာအကွယ်မှမပါဘဲ အသက်အန္တရာယ်ကြားမှ လုပ်ကိုင်နေသူများကို တွေ့ရစဉ်။**

## ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်

**ရန်ကုန် မေ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာနမီးသတ် ဦးစီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့် ဒေသများတွင် ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၄ ရက်က တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခု၊ မြို့နယ် ၂၀ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေဂါလန် ၆၀၀၈၀ ဂါလန်ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **သိန်းထွန်းအောင်**

## ပြပွဲ၊ ပြိုင်ပွဲများနှင့် နိုင်ငံတကာ ပြခန်းများပါဝင်မည့် အစားအသောက်နှင့် တည်ခင်းဧည့်ခံမှုလုပ်ငန်းဆိုင်ရာပြပွဲ ဒုတိယအကြိမ် ကျင်းပမည်

**ရန်ကုန် မေ ၁၅**

ပြပွဲ၊ ပြိုင်ပွဲများနှင့် နိုင်ငံတကာ ပြခန်းများပါဝင်မည့် ထိပ်တန်း နိုင်ငံတကာအစားအသောက်နှင့် တည်ခင်းဧည့်ခံမှု လုပ်ငန်းဆိုင်ရာပြပွဲ Food & Hotel Myanmar 2015 ကို ရန်ကုန်မြို့တွင် ဒုတိယအကြိမ်မြောက် ကျင်းပသွားမည်ဖြစ် ကြောင်းသိရသည်။

ယခုနှစ် ဇွန် ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည့် Food & Hotel Myanmar 2015 ပွဲ ကို ရန်ကုန်မြို့ ရှင်စောပု လမ်းရှိ Myanmar Event Park (MEP) တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားဧည့်သည် တိုးတက် များပြားလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် တည်ခင်း ဧည့်ခံမှုလုပ်ငန်းကဏ္ဍ နိုင်ငံတကာအဆင့်မီ အလျင်အမြန် ဆောင်ရွက်နိုင်ရန် တွန်းအားပေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို Bangkok Exhibition Services (BES) Ltd မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းအနေဖြင့် အာရှ တွင် နိုင်ငံတကာ အစားအသောက်နှင့် တည်ခင်းဧည့်ခံရေး လုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲများကို ဦးဆောင်ကျင်းပသော အဖွဲ့ဖြစ်သည့် All World Exhibition ၏ အဖွဲ့ဝင်ကုမ္ပဏီ တစ်ခုဖြစ်သည်။

"Food & Hotel Myanmar 2015 ဟာ ဒီလုပ်ငန်းကဏ္ဍ တွေနဲ့ ပတ်သက်တာတွေကို လေ့လာဖို့ စိတ်လှုပ်ရှားစရာ စီးပွား ရေး အခွင့်အလမ်းသစ်တွေကို ရှာဖွေဖို့ မဖြစ်မနေ လာရောက် သင့် တဲ့ပွဲ ဖြစ်ပါတယ်" ဟု BES ၏ အထွေထွေမန်နေဂျာ Mr.Justin Pau က ပြောသည်။

Food & Hotel Myanmar 2015 ပွဲတွင် နိုင်ငံပေါင်း ၂၀ မှ လာရောက်ပြသသူပေါင်း ၂၅၀ ကျော် ပါဝင်ကာ မတူ ကွဲပြားသော ထုတ်ကုန်နှင့် ဝန်ဆောင်မှု ၁၀၀၀ ကျော် ပြသမည် ဖြစ်သည်။ ယင်းအပြင် ဒိန်းမတ်၊ ဂျာမနီ၊ အီတလီ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့မှ သီးသန့်နိုင်ငံတကာ ပြခန်းတွဲပေါင်း ခုနစ် ခုနှင့် နိုင်ငံတကာမှ ကုမ္ပဏီများ၊ ပြည်တွင်း ကုမ္ပဏီများစွာ ပါဝင်ပြသမည်ဖြစ်သည်။

ပြိုင်ပွဲအနေဖြင့် အစားအသောက်၊ အဖျော်ယမကာ၊ တည် ခင်းဧည့်ခံမှု လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ မြန်မာအချက် အပြုတ်ဆိုင်ရာ ဖန်တီးမှုအနုပညာပြိုင်ပွဲ ၂၀၁၅ Myanmar Culinary Arts Competition (MCA)2015 ကို မြန်မာစားဖိုမှူး များအဖွဲ့နှင့် BES တို့မှ ပူးတွဲစီစဉ်ခြင်းဖြစ်ကာ စားဖိုမှူး ၂၀၀၏ ကျွမ်းကျင်မှုနှင့်အတွေ့အကြုံကို နိုင်ငံတကာအဆင့် စစ်ဆေးမှု ဖြင့် စစ်ဆေးမည်ဟု သိရသည်။ မြန်မာကော်ဖီနှင့် ယမကာကျွမ်း ကျင် အဖျော်ပညာရှင်များပြိုင်ပွဲ ၂၀၁၅ Myanmar National Barista Championship (MNBC)2015 ကို Element Coffee Consulting & Machine Supplies ကုမ္ပဏီနှင့် BES တို့ ပူးတွဲကျင်းပမည်ဖြစ်သည်။ ဆက်လက်၍ မြန်မာ့ အစားအစာ သိပ္ပံနှင့်နည်းပညာအဖွဲ့မှ ဟိုတယ်နှင့် စားသောက် ဆိုင်များအတွက် ဘေးကင်းစိတ်ချသည့် အစားအစာများဆိုင်ရာ ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဝ၁)

■

## ရုပ်မြင်သံကြားအစီအစဉ်

၁၆ - ၅ -၂၀၁၅ (စနေနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၃၅ မြန်မာသံစဉ်ချိုနှားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၀၀ English For Myanmar
၁၁း၀၇ မျိုးချစ်တပ်မတော်
၁၁း၃၀ မြန်မာသံစဉ်ချိုနှားဝင်
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- အမေငိုတဲ့ည
(မင်းသစ္စာ၊ ချိုပြုံး၊ ခရစ္စတီးနား နှင့် သရုပ်ဆောင်များ)
(ဒါရိုက်တာ စန္ဒာအောင်မင်း)
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- စက်ရုပ်ချစ်သူ (အပိုင်း-၁၈)
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂါလီမာ အပိုင်း(၂၆)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၃၇)
-လူ့ရွှင်တော်စတား
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာဖွဲ့ကြိုး (အပိုင်း-၄၇)

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
၅း၄၀ "အသိဉာဏ်အရှယ်ရောက်ချင်ပြီ" တရားတော် [ဒေါက်တာအရှင်ဆေကိန္ဒ (ဓမ္မဒူတဆရာတော်)]
၈း၀၀ Cartoon Series (Go Go Giggles)
၉း၄၀ Drive It
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၂၅+၂၆)
၁၂း၃၅ Asus Press Launch Zenfone 2 In Jakarta
၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မြင့်မိုရ်ထက်မက (အပိုင်း-၂)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၁)
၃း၃၅ Fashion Week (Designer Nyo Mar Thant)
၄း၄၅ အတွေးမျှဉ်းပြိုင်များ
၅း၄၅ Korea Grand Expo 2015, Yangon (40 Yesr's Anniversary for Korea Myanmar Relation)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၂)
၇း၂၀ Let's Talk
၇း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မျက်စေ့သုံးလုံးနဲ့လူ (အပိုင်း-၁)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၀)
၂း၁၅ MRTV-4 Stage
၂း၃၅ Education Talk [မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ (အပိုင်း-၂)]
၄း၁၀ ရေဆန်စီးတဲ့မြစ်
၄း၄၀ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)

### mitv

- Great Shwedagon: Nine Wonders Around The Platform Of Shwedagon Pagoda
- Moving Meditation: Aikido
- Black Gold (P- I)
- A Pretty Custom of Kandayawady Asia Vut A @ Rice Pounding Competition
- Bollywood Actress "Laila Khan" Born & Raised in Myanmar (Part-1)
- Ngapali Beach: Fishing Villages
- Bagan: The Land of Pagoda
- Mesmerizing Scenes or Image of Japan (Part-1)
- Food Trip (Ep-5) (Part-2)
- Today Myanmar "YUFL"
- Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-1) In Memory of Him & His Childhood
- Myanmar Masterclass: Cubism
- Visiting A Serene Village In The Northwest Of Myanmar
- Myanma Pioneer Female Bodybuilder
- Development Momentum of Sittway
- "Moe Hnyin Than Buddhe", The Unique Pagoda In Monywa
- Traditional Matrimony of Khamti Shans
- A Visit To Ye
- Fortune Teller
- Ambassador's View: China - Myanmar Bilateral Ties
- Lucrative Businesses Of Tanintharyi Region
- Next Weekend

# ချစ်သူအသစ်ရသွားကြောင်း လူသိရှင်ကြားတွဲပြလာတဲ့ တေလာဆွစ်

ကန်းထရီးအဆိုတော် တေလာဆွစ် တစ်ယောက် ချစ်သူအသစ်ရသွားကြောင်း သတင်းများထွက်နေခဲ့သော်လည်း တစ်ခါမှ ပရိသတ်မြင်ကွင်းထဲတွင် ပေါ်ထွက်လာခဲ့ခြင်းမရှိခဲ့ပေ။ သို့သော် မေ ၁၂ ရက် အင်္ဂါနေ့ညက တေလာဆွစ်နှင့် သူ၏ချစ်သူသစ် ကယ်ဗင်ဟယ်ရစ်တို့နှစ်ဦး လက်ချင်းတွဲကာ ညစာထွက်စားကြခြင်းဖြင့် သူတို့နှစ်ဦး အမှန်တကယ် တွဲနေကြပြီဖြစ်ကြောင်း လူသိရှင်ကြား ကြေညာလိုက်သည်။

ယခုကဲ့သို့ နှစ်ဦးကို အတူလက်ချင်းတွဲသွားလာခြင်းမျိုး မတွေ့ရသေးမီက သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းအပေါ် သို့လောသို့လော မေးခွန်းများရှိနေခဲ့ရာ ယခုမူ ဂီတလောက၏ အကျော်ကြားဆုံးသော စုံတွဲအဖြစ်ပရိသတ်ရှေ့ ရှင်းရှင်းလင်းလင်း ချပြလိုက်ပြီဖြစ်သည်။

အသက် (၂၅) နှစ်ရှိပြီဖြစ်သော အမေရိကန်အဆိုကျော် တေလာဆွစ်နှင့် အသက် (၃၁) နှစ်ရှိပြီဖြစ်သော ဒီဂျေပညာရှင် ကယ်ဗင်ဟယ်ရစ်တို့နှစ်ဦးသည် ကယ်လီဖိုးနီးယားပြည်နယ် စန်တာမိုနီကာရှိ နာမည်ကျော်အနုပညာရှင်များနှင့် သတင်းသမားများ စုဝေးရာ စားသောက်ဆိုင်တွင် ညစာထွက်စားခြင်းဖြင့် သူတို့၏ မေတ္တာဇာတ်လမ်းကို မဏ္ဍပ်တိုင်ထိပ် တက်အော်သကဲ့သို့ ကြေညာပြီးသားဖြစ်သွားခဲ့သည်။ ထိုသို့ ပွင့်ပွင့်လင်းလင်း လက်တွဲခွင့်ရသည့်အတွက် တေလာနှင့် ကယ်ဗင်တို့နှစ်ဦးစလုံး ပျော်ရွှင်ကျေနပ်နေပုံလည်း တွေ့ရသည်။

အဆိုပါ ညစာထွက်စားသည့် ညဦ တေလာသည် အရင်ကအပြင်ထွက်ရာတွင် တစ်ခါမျှ မဝတ်ခဲ့ဖူးသည့် အနက်ရောင်မီနီစကတ်ဖြင့် စတိုင်ကျ လှပနေသည်။ ထို့ပြင် သူ၏အနှစ်သက်ဆုံး အနီရောင်တောက်တောက် နှုတ်ခမ်းနီကို ဆိုးကာ အဝါရောင်ဆံပင်ကို အနည်းငယ်ခွေကောက်ထားခြင်းဖြင့် အလှဆုံးဖြစ်နေခဲ့သည်။ ကယ်ဗင်မှာမူ ရိုးရိုးရှင်းရှင်း ပုံစံဖြင့် အနက်ရောင်ဘောင်းဘီရှည်နှင့်ကုတ်အင်္ကျီကို လည်ကတုံးအင်္ကျီအဖြူနှင့် တွဲဖက်ဝတ်ဆင်ထားခဲ့ရာ အမြင်မှာ လိုက်ဖက်လှသည်။

သူတို့နှစ်ဦးသည် ဖေဖော်ဝါရီလလောက်ကတည်းက ကန့်လန့်ကာနောက်ကွယ်က ဇာတ်လမ်းတစ်ခုအဖြစ်သာ တွဲလာခဲ့ပြီး ယခုအချိန်မှသာ တရားဝင် လက်တွဲခဲ့ခြင်းဖြစ်သည်။ တေလာသည် ဂီတလောကတွင် ထိပ်ဆုံးမှ အောင်မြင်နေခဲ့သော်လည်း သူ၏မေတ္တာရေးလမ်းကြောင်း တစ်လျှောက်မှာမူ အတော်ကံခေခဲ့လေသည်။ သူသည် One Direction အဖွဲ့ခေါင်းဆောင် ဟယ်ရီစတိုင်၊ ဂျွန်မေရာတို့ကဲ့သို့သော နာမည်ကြီးများနှင့် လက်တွဲခဲ့ဖူးသော်လည်း ကံမကောင်းအကြောင်းမလှသဖြင့် လမ်းခွဲခဲ့ရသည်ချည်းဖြစ်သည်။ **ခင်ခင်သက်**



# ပရိသတ်အကြိုက် မီနီယမ် ဇာတ်လမ်းသစ် မကြာမီ ထွက်ရှိမည်



Universal Pictures and Illumination Entertainment က ချစ်စရာကောင်းတဲ့ မီနီယမ်ကောင်လေးများ၏ ဇာတ်ကားသစ်ကိုလာမည့် ဇူလိုင် ၁၀ ရက်တွင် ရုံတင်ပြသနိုင်တော့မည်ဖြစ်သည်ဟု အင်တာနက်စာမျက်နှာများပေါ်တွင် ဖော်ပြခဲ့သည်။

မေ ၁၅ ရက်တွင် ထွက်ရှိလာသည့် မီနီယမ်ဇာတ်လမ်းနမူနာကို ကြည့်ရှုသူများပြားခဲ့ပြီး ယင်းဇာတ်ကားတွင် မီနီယမ်ကောင်လေးများသည် သူတို့ ဆရာသစ်၏ ဆန္ဒအတိုင်း အင်္ဂလန်ရှိ အဲလစ်စဘတ်ဘုရင်မကြီး၏ သရဖူကို ခိုးယူရန် ထွက်လာခဲ့ကြပြီး နောက်ဆုံးတွင် ဆရာအသစ်ကို ရှာဖွေတွေ့ရှိခဲ့ပုံကို ရိုက်ကူးထားခြင်းဖြစ်လေသည်။

အဆိုပါ ရုပ်ရှင်ဇာတ်လမ်းအတွက် အဆိုတော် Bullock၊ Jon Hamm၊ Michael Keaton၊ Allison Janney၊ Steve Coogan နှင့် Geoffrey Rush တို့က နောက်ခံစကားပြောအဖြစ်ပါဝင်ခဲ့ကြသည်။ **စန္ဒာဝင်း**

# ဟီလာရီကလင်တန်ရဲ့ ရန်ပုံငွေပွဲ ဘီယွန်စေးတက်ရောက်

လူ့အခွင့်အရေးဟူသည် အမျိုးသမီးများအခွင့်အရေးဖြစ်ပြီး အမျိုးသမီးများ အခွင့်အရေးသည်ပင် လူ့အခွင့်အရေး ဖြစ်သည်ဟု ဆိုသည့် ၂၀၁၆ ခုနှစ်တွင် သမ္မတ ရွေးကောက်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ဟီလာရီကလင်တန်၏ ရန်ပုံငွေပွဲသို့ အဆိုတော် ဘီယွန်စေး တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းရန်ပုံငွေပွဲကို နယူးယောက်မြို့၌ မေ ၁၄ ရက်နေ့ညတွင် ကျင်းပခဲ့ပြီး အဆိုပါပွဲသို့ Meghan Trainor , Sharon Osbourne, နှင့် Tamar Braxton. တို့လည်း တက်ရောက်ခဲ့ကြကြောင်းသိရသည်။

"ဘီယွန်စေးဟာ အလွန်ပင်ချစ်ခင်နှစ်သက်စရာ ကောင်းတဲ့သူပါ" လို့ ပွဲတက်ရောက်လာသူ တစ်ဦးက People မဂ္ဂဇင်းသို့ ပြောပြသွားခဲ့တယ်။

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီ သမ္မတဟောင်း ကလင်တန်သည် အဆိုပါပွဲတွင် မိန့်ခွန်းပြောကြားပြီး တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးနွေးထွေးစွာ တစ်ဦးချင်း တွဲဖက်၍ ဓာတ်ပုံများ ရိုက်ကူးပေးခဲ့သည်။ **စန္ဒာဝင်း**

# ဒီနှစ်ကုန်မှာ လက်ထပ်တော့မည့် ကိုရီးယားကြယ်ပွင့်နှစ်ဦး

"ဟေမာန်ဆောင်းရဲ့ ချစ်သံစဉ်" တီဗွီ ဇာတ်လမ်းတွဲတွင် ရှင်ဒေါင်ဟန့်အမည်ဖြင့် နာမည်ကျော်ကြားလာခဲ့သော တောင်ကိုရီးယားသရုပ်ဆောင်မင်းသား ဘေယောင်ဂျွန်းသည် သူ့ထက် အသက် (၁၃) နှစ်ငယ်သော အဆိုတော်နှင့် ရုပ်ရှင်မင်းသမီး ပါ့ခ်စိုးဂျင်နှင့် ယခုနှစ်ကုန်ပိုင်းတွင် လက်ထပ်တော့မည်ဖြစ်ကြောင်း ၎င်းတို့၏အေဂျင်စီမှတစ်ဆင့် ကြာသပတေးနေ့က ကြေညာခဲ့သည်။

သူတို့နှစ်ဦးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက စတင်တွေ့ဆုံခဲ့ကြပြီး သုံးလအကြာတွင် ယခုကဲ့သို့ လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်မိဘများနှင့် မင်္ဂလာရက်ကို ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကာ ယခုနှစ်ကုန်ပိုင်း စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကျင်းပနိုင်ရန်လျာထားကြောင်း သိရသည်။

ဘေယောင်ဂျွန်း၏ အေဂျင်စီမှ ဥက္ကဋ္ဌ ယန်ဂွန်ဝမ်က "ဘေက မီဒီယာသမားတွေကို ရှောင်ချင်လို့ ဒီလိုကြေညာခဲ့တာ။ မလိုလားအပ်တဲ့ ထင်ကြေးပေးမှုတွေ မဖြစ်အောင်လို့လေ။ သူတို့ လက်ထပ်ဖို့ ကတိပြုပြီးပါပြီ။ မင်္ဂလာရက် အတိအကျကိုလည်း ထုတ်ဖော်ကြေညာပေးမှာပါ" ဟု ယွန်ဟပ်သတင်းစာသို့ ပြောပြခဲ့သည်။

အသက် (၄၃) နှစ်ရှိပြီဖြစ်သော ဘေသည် တောင်ကိုရီးယားအနုပညာလောကတွင် ပထမဦးဆုံးနှင့် အကျော်ကြားဆုံးသူတစ်ဦးအဖြစ် ကမ္ဘာကျော်သည်အထိ ထိုးဖောက်နိုင်ခဲ့သူဖြစ်သည်။ ဘေသည် ၂၀၀၂ ခုနှစ်က ထုတ်လွှင့်ပြသခဲ့သော "ဟေမာန်ဆောင်းရဲ့ ချစ်သံစဉ်" ဇာတ်လမ်းတွဲဖြင့် ကိုရီးယား၌သာမက ဂျပန်၌ပါ ပရိသတ်အခိုင်အမာ ရရှိခဲ့သူဖြစ်သည်။

အသက် (၃၀) ရှိပြီဖြစ်သော ဘေ၏ လက်တွဲဖော် ပါ့ခ်သည် ၂၀၀၂ ခုနှစ်တွင် အမျိုးသမီးတေးဂီတအဖွဲ့ "Sugar" ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကသို့ ခြေချခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် သရုပ်ဆောင်အဖြစ်ပါ လှုပ်ရှားလာခဲ့သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ နာမည်ကျော်ကြားရေပန်းစားသော စားသောက်ဆိုင်များနှင့် မိတ်ဆက်ပေးသည့် တီဗွီအစီအစဉ် "Tasty Road" တွင်လည်း စီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။

ယခုနှစ်ပိုင်းများတွင် ကိုရီးယားကြယ်ပွင့်စုံတွဲများအကြား အသက်အရွယ်ကွာခြားမှုမှာ မြင့်မားလာကြောင်း ကိုရီးယားမီဒီယာများက ဝေဖန်ရေးသားလာကြသည်။

**ခင်ခင်သက်**

# ပရီမီယာလိဂ် ရင်ခုန်သံ (၃၇)

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပြိုင်ပွဲက ရာသီပြီးဆုံးဖို့ ဒီပွဲအပါအဝင် နှစ်ပွဲသာကျန်ပါတော့တယ်။ ဒါပေမယ့် လက်ရှိအချိန်အထိ ဥရောပဝင်ခွင့် နေရာဟာ အဖြေမပေါ်သေးသလို တန်းဆင်းရမယ့် အသင်းအပြည့်အစုံကလည်း အဖြေထွက်ပေါ်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် ပရီမီယာလိဂ်ပွဲစဉ်တွေက အကြိတ်အနယ်ဖြစ်နေဦးမှာပါ။

### ဆောက်သမ်တန် VS ဗီလာ

ည ၆း၁၅ (၁၆-၅-၁၅)

အက်စ်တွန်ဗီလာဟာ လက်ရှိအချိန်မှာ ၃၈ မှတ်သာ ရရှိထားပြီး အဆင့် ၁၈က ဟားလ်နဲ့ လေးမှတ်သာကွာလို့ တန်းမဆင်းရဖို့ အာမခံချက်မရှိသေးပါဘူး။ ဒါကြောင့် ဗီလာအနေနဲ့ ခြေကုန်ထုတ်လာမှာဖြစ်ပြီး ခြေကလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဆောက်သမ်တန်တို့အခက်တွေ့နိုင်ပြီး နိုင်ရင်တောင် ပြတ်သားဖို့ ခက်မယ်။

### ဘန်လေ VS စတုတ်

ည ၈း၃၀ (၁၆-၅-၁၅)

ဘန်လေက တန်းဆင်းရဖို့သေချာသွားခဲ့ပြီဖြစ်ပေမယ့် သိက္ခာအရ အားစိုက်ကစားဦးမှာပါ။ စတုတ်က အခုနောက်ပိုင်းကစားပုံ ကောင်းမွန်နေပေမယ့် အဝေးကွင်းမှာ ကစားပုံ အားနည်းတတ်သလို ဥရောပဝင်ခွင့်လည်း မျှော်လင့်လို့ မရတော့ပါဘူး။ ဒါကြောင့် ဘန်လေတို့ သရေလောက်ကစားသွားနိုင်မှာပါ။

### ကျူပီအာ VS ကာဆယ်

ည ၈း၃၀ (၁၆-၅-၁၅)

နယူးကာဆယ်က ပွဲစဉ်(၃၆)မှာ ဝက်စ်ဘရွန်းနဲ့သရေကျပြီး အဆင့် ၁၈က ဟားလ်နဲ့ နှစ်မှတ်သာကွာဟတော့တာကြောင့် တန်းမဆင်းရရေး လုံးဝအမှားမခံတဲ့ အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ကာဆယ်တို့ ခြေကုန်ထုတ်မှာဖြစ်ပေမယ့် ကျူပီအာရဲ့ အိမ်ကွင်းအားကို အသာရဖို့ မလွယ်ဘူး။

### ဆန်းဒါးလန်း VS လက်စတာ

ည ၈း၃၀ (၁၆-၅-၁၅)

လက်စတာဟာ ဆောက်သမ်တန်ကို အနိုင်ရခဲ့ပေမယ့် စုစုပေါင်း ၃၇ မှတ်သာရသေးပြီး အဆင့် ၁၈က ဟားလ် ထက် သုံးမှတ်သာများလို့ တန်းမဆင်းရရေး စိတ်မချရသေးပါဘူး။ ဒါကြောင့် လက်စတာတို့အားစိုက်လာမှာဖြစ်ပေမယ့် တန်းမဆင်းရရေး ရုန်းလာမယ့် ဆန်းဒါးလန်းရဲ့ အိမ်ကွင်းအားကို ထိန်းဖို့ခက်မယ်။

### စပါး VS ဟားလ်

ည ၈း၃၀ (၁၆-၅-၁၅)

စပါးဟာ ဥရောပဝင်ခွင့်ရဖို့ အမှားခံမှာ မဟုတ်ပေမယ့် လက်ရှိအသင်းလိုက်ကစားပုံနဲ့ တိုက်စစ်အားက မတည်ငြိမ်ဘူး။ အထူးသဖြင့် ဟားလ်ဟာ တန်းမဆင်းရဖို့ မျှော်လင့်ချက်အနည်းငယ်ရှိနေသေးတာကြောင့် အထူးအားစိုက်ကစားလာရင် စပါးအခက်တွေ့နိုင်မယ်။ စပါးကပ်ပြီးသာ နိုင်ခြေရှိတယ်။

### ဝက်စ်ဟမ်း VS အဲဗာတန်

ည ၈း၃၀(၁၆-၅-၁၅)

နှစ်သင်းစလုံးဟာ တန်းမဆင်းရမယ့် အခြေအနေမရှိသလို ဥရောပဝင်ခွင့်ရဖို့လည်း မျှော်လင့်နိုင်တဲ့ အခြေအနေမှာ မရှိပါဘူး။ ဒါပေမယ့် ပွဲစဉ် ၃၆ မှာ နှစ်သင်းစလုံး ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာပါ။ ဝက်စ်ဟမ်းအိမ်ကွင်း ဖြစ်ပေမယ့် နှစ်ပွဲဆက်အရှုံးကို ရပ်တန့်မယ့် အဲဗာတန် ကပ်နိုင်မယ်။

### လီဗာပူး VS ပဲလေ့စ်

ည ၁၁း၀၀ (၁၆-၅-၁၅)

ပဲလေ့စ်က တန်းမဆင်းရဖို့ သေချာသွားပါပြီ။ ဒါကြောင့် ရုန်းကန်အားကလည်း သာမန်သာရှိတော့သလို နောက်ဆုံးလေးပွဲဆက်တိုက် အရှုံးနဲ့ကြုံတွေ့ခဲ့ရတဲ့အထိလည်း ကစားပုံ မတည်ငြိမ်ဘူး။ အထူးသဖြင့် ပဲလေ့စ်ဟာ အဝေးကွင်းမှာ အားနည်းတတ်တာကြောင့် လီဗာပူးရဲ့ အိမ်ကွင်းဖိအားကို ထိန်းချုပ်ဖို့ခက်မယ်။

### ဆွမ်ဆီး VS မန်စီးတီး

ည ၇း၀၀ (၁၇-၅-၁၅)

ဆွမ်ဆီးဟာ ဥရောပဝင်ခွင့်ရရှိဖို့ မျှော်လင့်ချက်အနည်းငယ်ရှိနေသေးတာကြောင့် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ဘူး။ မန်စီးတီးက ဒုတိယနေရာရရှိရေး အားစိုက် ကစားလာမှာပါ။ ဒါပေမယ့် မန်စီးတီးခြေက အနည်းငယ်အားနည်းနေလို့ ဆွမ်ဆီးရဲ့ အိမ်ကွင်းအားကို ကျော်ဖြတ်ဖို့ခက်ပြီး ကပ်ပြီးသာ နိုင်မယ်။

### မန်ယူ VS အာဆင်နယ်

ည ၉း၃၀(၁၇-၅-၁၅)

အာဆင်နယ်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း တည်ငြိမ်ကောင်းမွန်နေပါတယ်။ ဒီပွဲမှာလည်း ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိဖို့အတွက် ခြေကုန်ထုတ်မှာပါ။ ဒါပေမယ့် မန်ယူကလည်း ဒီပွဲနိုင်ရင် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့် ရဖို့ပါ မျှော်လင့်နိုင်မှာဖြစ်လို့ အိမ်ကွင်းမှာ အားစိုက်ကစားလာရင် အာဆင်နယ် သရေလောက်ပဲရမယ်။

### ဝက်စ်ဘရွန်း VS ချယ်လ်ဆီး

နံနက် ၁း၃၀ (၁၉-၅-၁၅)

ချယ်လ်ဆီးက ချန်ပီယံဖြစ်နေပါပြီ။ ဝက်စ်ဘရွန်းကလည်း ကာဆယ်ကိုသရေ ကစားပြီးတဲ့နောက် အဆင့် ၁၈ က ဟားလ် ထက် ခုနစ်မှတ်အသာရသွားတာကြောင့် တန်းမဆင်းရဖို့ သေချာသွားပါပြီ။ ဒါကြောင့် ဒီပွဲစဉ်မှာ နှစ်သင်းစလုံး ခြေကုန်ထုတ်ဖို့ခက်ခဲ ပါတယ်။ ဒါပေမယ့် ချန်ပီယံသိက္ခာကိုထိန်းရမယ့် ချယ်လ်ဆီးကတော့အနိုင်ရအောင် ကစားမှာပါ။

# ဆီမီးတက်မယ်လို့ယုံကြည်ပေမယ့် အုပ်စုကမချောင်ပါဘူး
# မြန်မာယူ-၂၃ အသင်းနည်းပြချုပ် ဦးကြည်လွင်နှင့်တွေ့ဆုံခြင်း

ရှိုင်းထက်ဇော်


မြန်မာယူ-၂၃ အသင်းနည်းပြချုပ် ဦးကြည်လွင်။

**မြန်မာယူ-၂၃ အသင်းမှာ ယခုနောက်ပိုင်း ဆီးဂိမ်းပြိုင်ပွဲများကို နိုင်ငံခြားနည်းပြများဖြင့်သာ ယှဉ်ပြိုင်ခဲ့သော်လည်း ယခုနှစ် ပြိုင်ပွဲကို ပြည်တွင်းနည်းပြဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဦးကြည်လွင်သည် လူငယ်လက်ရွေးစင်အသင်းများကို ကိုင်တွယ်စဉ်က မှတ်တမ်းကောင်းများ ပိုင်ဆိုင်ထားသူဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် MFF ၏ ယုံကြည်စွာခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။ ၎င်းသည် MNL ကလပ် မကွေးအသင်းကို ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် စွမ်းဆောင်ပေးနေသူဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေမှုနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါသည်-**

**မေး။ ။ လက်ရှိအသင်းရဲ့ လေ့ကျင့်ပြင်ဆင်မှုအပေါ် အားရကျေနပ်မှုရှိပါသလား။**

ဖြေ။ ။ အသင်းရဲ့ခြေစွမ်းပိုင်းကိုတော့ အားရပါတယ်။ ဒါပေမယ့် အမြဲအားရကျေနပ်နေလို့တော့ မရပါဘူး။ အခုမှ ပြင်ဆင်ချိန်ကာလပဲရှိပါသေးတယ်။ ပြိုင်ပွဲကာလ မရောက်သေးပါဘူး။

**မေး။ ။ နောက်ဆုံးခြေစမ်းကစားထားတဲ့ မြန်မာယူ-၂၀ အသင်းနဲ့ပွဲအပေါ် သုံးသပ်ပေးပါဦး။**

ဖြေ။ ။ နည်းပြတစ်ယောက်အနေနဲ့ အသင်းရဲ့ခြေစွမ်း၊ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုတွေကို အားရပါတယ်။ MFF ဥက္ကဋ္ဌကိုယ်တိုင်ကလည်း ချီးကျူးပါတယ်။ ကစားသမားတွေကို ပြောထားတာက ယူ-၂၀ အသင်းနဲ့ပွဲက ခြေစွမ်းအပေါ် ကျေနပ်မနေဖို့နဲ့ ဒါဟာ ခြေစမ်းပွဲဖြစ်တယ်။ ဆီးဂိမ်းကာလ မဟုတ်သေးသလို ရွှေတံဆိပ်လည်း မရသေးဘူးဆိုတာပါ။

**မေး။ ။ ဆီးဂိမ်းမတိုင်ခင် ပြည်ပခြေစမ်းပွဲတွေ ကစားဖို့စီစဉ်ထားပေမယ့် ပျက်ပြယ်နေတာတွေ့ရပါတယ်။ ဒါဟာ ဆီးဂိမ်းပြင်ဆင်မှုကို ထိခိုက်နိုင်ပါသလား။**

ဖြေ။ ။ ဆားဘီးယားနဲ့ ဂျပန်ခရီးစဉ် ပျက်တယ်။ ထိုင်းခရီးစဉ်က ရက်နောက်ဆုတ်တယ်။ ကျွန်တော်တို့က ပြိုင်ပွဲတစ်ခုပြိုင်မယ်။ ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားမယ်ဆိုရင် အစီအစဉ်ဆွဲပြီး လုပ်ရတယ်။ လေ့ကျင့်တာက အစပေ့ါ။ ထိုင်းခရီးစဉ် ရက်နောက်ဆုတ်တော့ လေ့ကျင့်တဲ့အစီအစဉ် ပြန်ပြောင်းရတာပေ့ါ။ အသင်းအပေါ် ထိခိုက်မှုရှိပါတယ်။

**မေး။ ။ မြန်မာအသင်းပါဝင်တဲ့ အုပ်စုအနေအထားအပေါ် သုံးသပ်ပေးပါဦး။**

ဖြေ။ အများကတော့ အုပ်စုချောင်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် အုပ်စုက မသေချာပါဘူး။ အသင်းတိုင်းက ခြေစွမ်းပိုင်းညီမျှသလို အခွင့်အရေးကိုယ်စီလည်းရှိပါတယ်။ ကျွန်တော်တို့ကတော့ တစ်ပွဲချင်း ပြင်ဆင်ပြီး ကစားမှာပါ။ ဆီမီးတက်မယ်လို့လည်း ယုံကြည်ပါတယ်။

**မေး။ ။ မြန်မာအသင်းက ပြိုင်ပွဲကြီးတွေမှာ အနီကတ်တွေ၊ ပင်နယ်တီတွေပေးရလေ့ရှိပါတယ်။ ဒီလိုမျိုးမဖြစ်အောင်ရော ဘယ်လိုပြင်ဆင်ထားပါသလဲ။**

ဖြေ။ ။ မြန်မာအသင်းဟာ တကယ့်ပြိုင်ပွဲကြီးတွေဆိုရင် အဝါ၊ အနီတွေထိတယ်။ ပင်နယ်တီတွေ ပေးခဲ့ရပါတယ်။ ကစားသမားတွေ အားထည့်ကစားတာကို လက်ခံပေမယ့် ဥပဒေဘောင်အတွင်းက ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် ကစားသမားတွေ အဝါ၊ အနီမထိဘဲ ကစားနိုင်အောင် စည်းမျဉ်းစည်းကမ်းတွေကို သင်ကြားပေးနေပါတယ်။

**မေး။ ။ ဆရာကစားသမားဘဝက စင်ကာပူမှာလုပ်တဲ့ ၁၉၉၃ ဆီးဂိမ်းမှာ ဗိုလ်လုပွဲအထိ ရောက်ခဲ့တယ်။ အခု နည်းပြအဖြစ် ကိုင်တွယ်မယ့် ဆီးဂိမ်းမှာရော ဘယ်အဆင့်ထိ မျှော်မှန်းထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့အသင်း ရည်မှန်းချက်ထားလုပ်ဆောင်နေတာက ရွှေတံဆိပ်ဆုရဖို့အတွက်ပါ။ ကျွန်တော်တို့အသင်းတင် မဟုတ်ပါဘူး။ အားလုံးကလည်း ရွှေဆုမှန်းပြီး ပြိုင်ကြမှာပါ။ ဘယ်အဆင့်ရောက်မလဲ ဆိုတာတော့ ကြိုမပြောချင်ပါဘူး။ အလုပ်နဲ့ပဲ သက်သေပြချင်ပါတယ်။

# တွစ်တာစာမျက်နှာပေါ်က ဆွာရတ်ဇ်နဲ့ ချီလီနီ ပြန်လည်တွေ့ဆုံမှု

ဂျူဗင်တပ်အသင်းဟာ ရီးယဲလ်မက် ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာမို့လာမယ့် ဇွန် ၆ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲဟာ ဘာစီလိုနာအသင်းရဲ့ တိုက်စစ်မှူး ဆွာရတ်ဇ်နဲ့ ဂျူဗင်တပ်အသင်းရဲ့ နောက်ခံလူ ချီလီနီတို့ ပြန်လည် တွေ့ဆုံမှုလို့ လူမှုမီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာ စာမျက်နှာပေါ်မှာ ဖော်ပြလာပါတယ်။

ဘာကြောင့် ဆွာရတ်ဇ်နဲ့ ချီလီနီ ပြန်လည်တွေ့ဆုံမှုလို့ ဆိုရသလဲဆိုရင် ပြီးခဲ့တဲ့ နွေရာသီက ဘရာဇီးမြေမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ ဆွာရတ်ဇ်ဟာ ချီလီနီကို ကိုက်ခဲ့တာ ကြောင့် ဆွာရတ်ဇ်ဟာ ပွဲပယ်ပြစ်ဒဏ်လေးလတိုင်အောင် ဒဏ်တပ်ခံခဲ့ရတယ်။

ဒါကြောင့် အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲပြီးတဲ့ အချိန်ကစပြီး အခုဘာလင်မြို့မှာ တွေ့ဆုံမယ့် ဂျူဗင်တပ်နဲ့ ဘာစီလိုနာတို့ရဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲဟာ ဆွာရတ်ဇ်နဲ့ ချီလီနီတို့ရဲ့ ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံမှု တစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားအုပ်စုအဆင့်ပွဲစဉ်မှာ တိုက်စစ်မှူး ဆွာရတ်ဟာ ချီလီနီကို ကိုက်ခဲ့တာကြောင့် ပွဲပယ်ပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံယူခဲ့တဲ့အပြင် တောင်းပန်စကား ပြန်လည်ပြောကြားခဲ့တာမို့ အီတလီနောက်ခံလူ ချီလီနီအနေနဲ့ ဆွာရတ်ဇ်ရဲ့ တောင်းပန်မှုကို လက်ခံခဲ့ပြီး အခုလိုဖြစ်ရပ်မျိုးဟာ ကစားသမားတိုင်းဖြစ်တတ်တဲ့ သဘောဖြစ်လို့ အားလုံးကို မေ့ပစ်နိုင်ပါတယ်လို့တောင် ချီလီနီက သဘောထားကြီးစွာဆိုခဲ့ပါသေးတယ်။

ဒါ့အပြင် အခုချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲဟာ တိုက်စစ်မှူး ဆွာရတ်ဇ်အတွက်တော့ အမှတ်တမဲ့တွေထဲက အမှတ်တရ တစ်ခုလို့ဆိုရမလိုဖြစ်နေပါတယ်။ အဲဒီပွဲမှာ ဆွာရတ်ဇ်ဟာ ဂျူဗင်တပ်နောက်ခံလူ ပက်ထရစ်အီဗရာနဲ့ ပြန်လည်တွေ့ဆုံတဲ့ပွဲလို့လည်း ဆိုရမှာပါ။ ၂၀၁၁ ခုနှစ်က လီဗာပူးအသင်းရဲ့ အမ်ဖီးလ်ကွင်းကြီးထဲမှာ မန်ယူနဲ့ လီဗာပူးတို့တွေ့ဆုံခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တစ်ခုမှာ ဆွာရတ်ဇ်အနေနဲ့ ပက်ထရစ်အီဗရာကို လူမျိုးရေးခွဲခြားမှုတွေ လုပ်ခဲ့တာကြောင့် အင်္ဂလန်ဘောလုံး အဖွဲ့ချုပ်ရဲ့ ပြစ်ဒဏ်ပေးမှုကို ခံခဲ့ရဖူးတဲ့သာဓကတစ်ခုလည်းရှိခဲ့ပါတယ်။

အဲဒီလိုဖြစ်ရပ်တွေကြောင့် လူမှုမီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာမှာ တောတွင်းထဲကို ရောက်နေတဲ့ ချီလီနီကို ဆွာရတ်ဇ်က လိုက်ပြီးကိုက်နေတဲ့ ဓာတ်ပုံတွေနဲ့ သရော်ထားတာကို တွေ့ရပါတယ်။

(ငွေကြယ်)





## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးမြို့နေ ဦးအေးကို-ဒေါ်ချိုချိုမိုးတို့၏ သား၊
အမေရိကန်ပြည်ထောင်စု၊ Arizona ပြည်နယ်၊ Tucson မြို့နေ
ဇော်လွင်-ခင်သန္တာထွန်းတို့၏ တူ/သား
မင်းမင်းဟိန်း(Specialist in US Army), (3708 Neely Road, Room Number 305A,Fort Wainwright, Alaska,99703) နှင့်
ရန်ကုန်မြို့နေ ဦးခင်မော်အောင်-ဒေါ်အေးအေးမူတို့၏သမီး၊
အမေရိကန်ပြည်ထောင်စု၊ Arizona ပြည်နယ်၊ Tucson မြို့နေ
မောင်တင်ထွန်းအောင်-ရီမွန်အောင်တို့၏ တူမ/သမီး
သူဇာဖြိုးဟန်
[Senior Assistant in KBZ Bank (Shwegonedaing Branch)]
No.1334, Mingalarthukha (1)Street, (46)Wards,
North Dagon Township, Yangon,Myanmar
တို့သည် ၂-၃-၂၀၁၅ရက်တွင် မိဘတို့ဝတ္တရားနှင့်အညီ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**မင်းမင်းဟိန်း-သူဇာဖြိုးဟန်**

# ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများ၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပေးအပ်လှူဒါန်း



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ငွေကျပ် ၅၀၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် နှစ်သိန်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ပန်ကာတစ်စုံအား ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**ဘားအံ မေ ၁၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တွေ့ဆုံပွဲကို မေ ၁၄ ရက် ညနေ ၅ နာရီက ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက မိတ်ဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်းက အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ အမျိုးသမီးများ၏လုပ်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ရေး၊ အမျိုးသမီးများဘဝလုံခြုံရေး၊ ဘဝရပ်တည်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အား ဆေးဝါးနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေက လက်ခံခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၆) ရပ်ကွက်ရှိ ပညာအိမ်စာကြည့်တိုက်၌ ရေဒီယိုနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို တက်ရောက်ခဲ့ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဘဏ္ဍာရေးရာဌာနကြီး ခေါင်းဆောင် ဒေါ်ခင်စန္ဒာထွန်းက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရေဒီယိုနှင့်စာအုပ်စာစောင် ၄၀၀ ကျော် ပေးအပ်လှူဒါန်းသည်။ ထို့နောက် စာကြည့်တိုက်တွင် ပရိဘောဂပစ္စည်းဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း က ငွေကျပ် ၅၀၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် က ငွေကျပ် နှစ်သိန်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့က ပန်ကာတစ်စုံအား ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သာစည်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်

**သာစည် မေ ၁၅**

သာစည်မြို့နယ်တွင် နေ့အပူချိန်လွန်ကဲမြင့်တက်နေမှုကြောင့် အပူဒဏ်သက်သာရန် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ အရိပ်ကောင်းသည့်သစ်ပင်ကြီးများအောက်နှင့် အေးမြမှုရှိသည့် ဘုရားကျောင်းကန်နေရာများသို့ သွားရောက်၍ နားခိုနေကြရသည်။ မိုးရွာသွန်းမှုမရှိခြင်းကြောင့် ကျေးရွာများရှိ ကျေးလက်တောင်သူတို့မှာ အချိန်အခါရာသီချိန်မီ စိုက်ပျိုးကြရမည့် သီးနှံများစိုက်ပျိုးရေမရရှိမှုကြောင့် မစိုက်ပျိုးနိုင်ခဲ့ကြသဖြင့် သီးနှံစိုက်ပျိုးမှုတွင် အခက်အခဲတွေ့နေကြသည်။

ထိုသို့ တစ်မြို့နယ်လုံး မိုးရွာသွန်းမှုကို လိုလားနေချိန်တွင် အမှတ်(၇)ရပ်ကွက် မန်ကျီးအုပ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသ(သဒ္ဓမ္မဇောတိက)၏ စီစဉ်မှုဖြင့် ရပ်ကွက်အတွင်းရှိ လူငယ်မောင်မယ်များက ကျောင်းဝင်းအတွင်းတွင် မေ ၁၄ ရက် ညနေ ၅ နာရီက မိုးခေါ်လွန်ဆွဲပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



**■ ကျော့ဖုံးမှ**

လောက်ကိုင်ဒေသအတွင်း ကျူးကျော်ဝင်ရောက်လာသော MNDAA သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက် ချေမှုန်းခဲ့ခြင်းကြောင့် သောင်းကျန်းသူများသည် အင်အားများပြိုကွဲ၍ ဆုတ်ခွာ ထွက်ပြေးခဲ့ပြီး ပြန်လည်စုစည်းကာ ဟိုထိုလင်ရွာတောင်ဘက် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၀)အနီးရှိ မတ်စောက်သော ကျောက်တောင်တစ်ခုဖြစ်သည့် ပွိုင့်-၂၂၀၂ တောင်ကုန်းတွင် ခံစစ်ဆင်ခဲ့ခြင်းဖြစ်သည်။

MNDAA သောင်းကျန်းသူများသည် မြေအနေအထားအရ အသာစီးရရှိထားသော ပွိုင့်-၂၂၀၂ တောင်ကုန်းပေါ်တွင် အခိုင်အမာဘန်ကာများအဆင့်ဆင့်ဆောက်လုပ်၍ ခြံစည်းရိုးများကာရံကာ မိုင်းကွင်းနှင့် အတားအဆီးများပြုလုပ်ထားပြီး အင်အားအမြောက်အမြားဖြင့် တပ်မတော်၏ ထိုးစစ်ဆင်မှုအား ခုခံတိုက်ခိုက်ခဲ့ရာ မေ ၁၂ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများက လေကြောင်းပစ်ကူ၊ အမြောက်လက်နက်ကြီးပစ်ကူနှင့် သံချပ်ကာတိုက်ယာဉ်ပစ်ကူများရယူကာ စစ်ကြောင်းသုံးကြောင်းခွဲ၍ ကျားကုတ်ကျားခဲအဆင့်ဆင့်ခြေကုပ်ယူပြီး ကြည်း၊ ရေ၊ လေ၊ တင့် ပူးပေါင်းစစ်ဆင်ရေးဖြင့် နည်းဗျူဟာမြောက် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် အဆင့်ဆင့်ပစ်ကျင်းများတူး၍ ချဉ်းကပ်ခဲ့ပြီး အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့အနီးကပ် တိုက်ပွဲများဆင်နွှဲပြီး ရွပ်ရွပ်ချွံချွံတိုက်ခိုက်ချေမှုန်းမှုကြောင့် သောင်းကျန်းသူများ ဆက်လက်ခုခံနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ဒဏ်ရာများစွာရရှိကာ ကစဉ့်ကလျား ဆုတ်ခွာသွားသဖြင့် အချက်အချာပွိုင့်ကုန်းအား ည ၁၀ နာရီ မိနစ် ၂၀ တွင် သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းပေါ်တွင်တည်ရှိသော ပွိုင့်-၂၂၀၂ တောင်ကုန်းနှင့် ဆက်စပ်လျက်ရှိသော တောင်ကြောပေါ်မှ ကြွင်းကျန်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက အောင်မြေချဲ့တိုက်ခိုက်ချေမှုန်းခဲ့ရာ ယနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်လျက်ရှိသော ပွိုင့်-၂၀၇၁ တောင်ကုန်းအား ယနေ့ညနေ ၆ နာရီတွင်လည်းကောင်း သိမ်းပိုက်ရရှိခဲ့သည်။

ထို့အပြင် စီကော်လျံဒေသရှိ သောင်းကျန်းသူများ၏ နောက်ဆုံး ခံစစ်ကုန်းဖြစ်သော နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ်(၁၂၀)ရှိ ပွိုင့်-၂၀၇၁ တောင်ကုန်းနှင့် ကာကင်းကုန်းအား တပ်မတော်စစ်ကြောင်းများက အရှိန်အဟုန်မြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

ဖြစ်စဉ်တွင် MNDAA သောင်းကျန်းသူများထံမှ အရှင်ဖမ်းမိ ၂ ဦး၊ အလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၉၁ လက်နှင့် ခဲယမ်း၊ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အချို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးအတွက် MNDAA သောင်းကျန်းသူအကြွင်းအကျန်များ အခြေပြုနေထိုင်လှုပ်ရှားမှုများ မရှိစေရေး၊ အမြစ်ပြတ်ချေမှုန်းရေး၊ ဆက်လက်၍ နယ်မြေရှင်းလင်းတိုက်ခိုက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မူဆယ် မေ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အရ မေ ၁၃ ရက် ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်-ကွတ်ခိုင် လှုပ်ရှားအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်မှ တပ်ဖွဲ့ဝင်များနှင့် ကွတ်ခိုင်နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကွတ်ခိုင်-တာမိုးညဲကားလမ်း ကွတ်ခိုင်မြို့အတွက် စက်သုံးဆီအရောင်းဆိုင်၌ စောင့်ဆိုင်းနေစဉ် ကွတ်ခိုင်ဘက်သို့ နေဇာရှိန်း မောင်းနှင်လာသည့် YIN XING ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်း၏ကျောပိုးအိတ်အတွင်း ရောင်စုံ ဆပ်ပြာခွက် ၃၃ ခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူ ၄၂၉ ဂရမ်နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားအထုပ် ၃၀ စုစုပေါင်း ဆေးပြား ၅၈၅၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူဆယ်-နမ့်ခမ်းလှုပ်ရှားအဖွဲ့၊ နမ့်ခမ်းနယ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၁၀၂)၏ ရွှေလီစစ်ဆင်ရေး(၂)သည် ညနေ ၆ နာရီတွင် နမ့်ခမ်း-မိုင်းဝီကားလမ်းမတွင် လီလင်ကော(တရုတ်နိုင်ငံသား)၏ MITSUBISHI PAJERO ကားကို ရပ်တန့်စစ်ဆေးခဲ့ရာ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် နောင်မကူးတို့ဆိပ်၌ ထပ်မံတားဆီးစစ်ဆေးခဲ့ရာ အင်ဂျင်စက်ခန်းအတွင်းမှ ဘိန်းစိမ်းတစ်ကီလို၊ အဲယားကလင်နာအတွင်းမှ ဘိန်းဆီခဲ ၃၀၀ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

နေဇာရှိန်းနှင့်လီလင်ကောတို့အား မူးယစ်ဆေးဝါးပုဒ်မများဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# မင်းပြားမြို့အလယ်ပိုင်း ဦးစိုးတင့်ရပ်ကွက် ဆန်စက်တန်းမီးလောင်မှုဖြစ်ပွား



**နေပြည်တော် မေ ၁၅**

ရခိုင်ပြည်နယ် မင်းပြားမြို့အလယ်ပိုင်း ဦးစိုးတင့်ရပ်ကွက် ဆန်စက်တန်း မြို့လယ်ဓမ္မာရုံအနီးတွင် ယနေ့ နံနက် ၁ နာရီခွဲက မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၁၂ လုံး၊ ဆန်စက် ရှစ်လုံး၊ သစ်စက် နှစ်လုံး၊ အပ်ချုပ်ဆိုင် သုံးဆိုင်၊ လက်ဖက်ရည်ဆိုင် သုံးဆိုင်၊ ပန်းပဲဆိုင်တစ်ဆိုင်၊ အခြားဆိုင်ခန်း နှစ်ခန်း မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့် မီးဘေးသင့်လူဦးရေအတိအကျကို စာရင်းကောက်ယူဆဲဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ကျင်းပမည်

**ရန်ကုန် မေ ၁၅**

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ပြတိုက်ဒီပလိုမာ တစ်နှစ်သင်တန်းအမှတ်စဉ် (၁၃) နှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့ ပူးပေါင်းကျင်းပမည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ကို မေ ၁၈ ရက်တွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့လွန်ပြတိုက်ဒီပလိုမာသင်တန်းပို့ချခဲ့သော ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူများ၊ ဝန်ကြီးဌာနများမှ ပြတိုက်မှူးများ၊ ပြတိုက်တာဝန်ခံများ၊ပုဂ္ဂလိကပြတိုက်များမှ တာဝန်ရှိသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ဆောင်းပါး

# မြန်မာဆေး

ဒေါက်တာဝင်းဌေးအောင်

လူသားတို့၏ လူနေမှုဘဝတွင်ကျန်းမာခြင်းသည်အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ လူဖြစ်သည်နှင့်တစ်ပြိုင်နက် ကျန်းမာရေးနှင့် ပတ်သက်သော ပြဿနာအထွေထွေကို မလွဲမသွေကြုံတွေ့ကြရမည်ဖြစ်ပါသည်။ ကိုယ်လက်မအီမသာဖြစ်သည်မှ အစပြု၍ ဝေဒနာအမျိုးမျိုးကို ကြုံတွေ့ကြရပါသည်။ ကျန်းမာရေးချို့တဲ့သည့်အချိန်တွင် ကုသရန်နည်းလမ်းအမျိုးမျိုးကို မိမိကိုယ်တိုင် ရွေးချယ်ကြရလေသည်။ ထိုသို့ ရွေးချယ်ကြရာတွင်မြန်မာလူမျိုးများ၏ ရွေးချယ်စရာ နည်းလမ်းများအနက် တချို့သောသူများသည် မြန်မာဆေးကို ရွေးချယ်သောက်သုံးနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ တချို့တချို့သော လူနာများ အနောက်တိုင်းဆေးဖြင့်ကုသ၍ မရတော့ပါဟု လက်လျှော့ချိန်များတွင်လည်း မိတ်ဆွေတချို့၏ အကြံပြုချက်တွင် မြန်မာဆေးနဲ့ကုကြည့်ပါလားဟု ပြောဆိုသံကိုလည်း မကြာခဏကြားမိကြမည်ဖြစ်ပါသည်။ မြန်မာဆေးဟူသော ဝေါဟာရသည် မြန်မာ့လူ့ပတ်ဝန်းကျင်၌ တွင်တွင်ကျယ်ကျယ်ဖြစ်နေသော စကားလုံးလည်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။

**ရိုးရိုးသားသား အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် မြန်မာဆေးဆိုသည်မှာ ရှေးအစဉ်အဆက်ဆက် လက်တွေ့သုံးစွဲရာတွင် ပျောက်ကင်းသည်ဟု မြန်မာလူမျိုးတို့ယုံကြည်ရင်းစွဲရှိခဲ့သော ဆေးဝါးဟုဖွင့်ဆိုနိုင်ပါသည်။ သို့သော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ခေတ်ကာလကြီးတွင်ပျောက်ကင်းစေသော အထောက်အထားကို အလေးဂရုပြုလာကြပါသည်။ သုတေသနစင်မြင့်ပေါ်တင်ရန် အကဲဖြတ်လာကြပါသည်။** သိပ္ပံနည်းကျအဖြေကို တောင်းဆိုလာကြသည်။ (evidence base) ဟူသောစကားသံ ကျယ်လောင်လာကြသည်။ ထိုသို့ ထိုသို့ဆိုလျှင် မြန်မာဆေးဟူသော ဆေးဝါး၏ရပ်တည်ချက်နှင့် ရေရှည်အသက်ဆက်မှုမှာ စိုးရိမ်မကင်း ဖြစ်လာဖွယ်ရှိပေတော့သည်။ စင်စစ်အားဖြင့်မူ မြန်မာဆေးသည် (experience base) သာဖြစ်လာခဲ့ပါသည်။ evidence base သို့ ရောက်ရှိရန် အချိန်ကာလတစ်ခု နှင့်အတူ စိန်ခေါ်မှုအချို့ ရှိနေပါသေးသည်။ ဤစိန်ခေါ်မှုသည် မိမိတို့ တိုင်းရင်းဆေးတစ်ခုတည်းသာမဟုတ်၊ ကမ္ဘာ့ နိုင်ငံတိုင်းတွင် ကြုံတွေ့နေရခြင်းဖြစ်ပါသည်။ အကြောင်းမှာ အရေအတွက်အားဖြင့် များပြားလှသော သဘာဝဆေးပစ္စည်းများဖြစ်ခြင်းနှင့် တိုင်းရင်းဆေးဖော်နည်းကား များပြားလှခြင်းတို့ကြောင့်ဖြစ်ပါသည်။

ခြုံငုံ၍ပြောရလျှင် မြန်မာဆေးသည် သဘာဝပတ်ဝန်းကျင်ရှိ သဘာဝပစ္စည်းများကို တစ်မျိုးတည်းသော်လည်းကောင်း၊ အချိုးအဆအမျိုးမျိုးရောစပ်၍သော်လည်းကောင်း၊ ဖော်စပ်အသုံးပြုသော ဆေးဝါးများဖြစ်ပေသည်။ ထုတ်လုပ်ရယူသော ဓာတုပစ္စည်းများကို အသုံးပြုထားခြင်းမရှိပါ။ အနောက်တိုင်းဆေးဝါးများသည် သီးခြားထုတ်လုပ်ရယူသော ဓာတုပစ္စည်းများဖြင့် စမ်းသပ်ဖော်ထုတ်ထားသော ဆေးဝါးများဖြစ်ပါသည်။ ဤသည်ပင်လျှင် မြန်မာဆေးနှင့် အနောက်တိုင်းဆေးဝါးတို့၏ အဓိက ကွဲပြားခြားနားချက်ပင်ဖြစ်ပါသည်။ မြန်မာဆေးများထုတ်လုပ်ရာတွင် အပင်တစ်ပင်၏ အရွက်၊ အခေါက်၊ အမြစ်စသည်တို့ဖြင့် အာနိသင်ရှိအောင် ဖော်စပ်ရပါသည်။ အရွက်တစ်ရွက်တွင် ပါဝင်သော သဘာဝဓာတုပစ္စည်းအရေအတွက်သည် ရာနှင့်ထောင်နှင့်ချီ၍ ရှိပါသည်။ တစ်ခုချင်းစီ၏ အာနိသင်ထက် ပေါင်းစပ်ဖြစ်ပေါ်နေသော အရွက်တစ်ရွက်၏ အာနိသင်ကို အသုံးပြုခြင်းသည် မြန်မာဆေး၏ မူလအသက်ပင် ဖြစ်ပါသည်။ အနောက်တိုင်းမှ ထုတ်လုပ်သော ဆေးဝါးများသည် လူလုပ်ဓာတုပစ္စည်းတစ်မျိုးတည်းကို သန့်စင်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ထိုဓာတုပစ္စည်းတစ်မျိုးတည်း၏ အာနိသင်သက်ရောက်မှုစသည်တို့ကို သုတေသနဓာတ်ခွဲခန်းတွင်ထည့်၍ သိပ္ပံနည်းကျ ဖော်ထုတ်ရသည်မှာ သာမန်အားဖြင့်ဆိုလျှင် ကြီးကြီးမားမား ခက်ခဲမှုမရှိနိုင်ပေ။ သို့သော်လည်း သစ်ရွက်၊ သစ်မြစ်တစ်ခုတွင်ပါဝင်သော သဘာဝဓာတုပစ္စည်း ရာပေါင်းများစွာတို့၏ အကျိုးသက်ရောက်မှု အာနိသင်ကို သုတေသနဓာတ်ခွဲခန်းထဲမှ အဖြေထုတ်နိုင်ရန် အခက်အခဲပေါင်းများစွာရှိနေမည်ဟု မှန်းဆကြည့်နိုင်ပါသည်။

သဘာဝလူသားတို့သည် သဘာဝတရား၏ ဖေးမမှုဖြင့် သက်တမ်းရှိနေကြရသည်ကို ငြင်းဆို၍ ရနိုင်မည်မဟုတ်ပါ။ သဘာဝတရားကို ဖောက်ထွက်ကျော်လွန်ခြင်းဖြင့် လက်ရှိတွေ့ကြုံနေရသော ကမ္ဘာကြီးပူနွေးလာမှု (Global Warming) သည် သက်သေတစ်ခုဖြစ်ပါသည်။ အခြားအခြားသော သာဓကများကိုလည်း သတိမူမိသူတို့ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ရိုးရှင်းသော သဘာဝတရားသည် လူသားတို့ကို ရိုးရှင်းသောဘဝဖြင့် ရှင်သန်စေလိုသော သဘောတရားရှိဟန်တူပေသည်ဟု ကောက်ချက်ချလိုပါသည်။ လူသားတစ်ယောက်၏ ကိုယ်ခန္ဓာဖွဲ့စည်းမှုသည်ပင်လျှင် အံ့ဩဖွယ်စည်းချက်များနှင့် ဖွဲ့စည်းတည်ဆောက်ထားသည်ကို အနောက်တိုင်းဆေးပညာရပ်များအရ သိရှိနိုင်ခဲ့ပါသည်။ သို့သော်လည်း ကုန်စင်အောင် သိရှိနိုင်ဖို့အတွက်မှာ ဖော်ထုတ်ဆဲရှိနေပါသေးသည်။ အခြေခံသဘောတရားများအနေဖြင့်သာ လက်ခံမှတ်ယူထားရဆဲဖြစ်နေပါသည်။ ဤသည်ကား သဘာဝတရား၏ နက်နဲသော လျှို့ဝှက်ချက်ဖြစ်ပါသည်။ လူသားတို့၏ ပတ်ဝန်းကျင်နှင့် လူသားတို့၏ ခန္ဓာကိုယ်ဖောက်ပြန်မှုတို့၏ ဆက်စပ်မှုကိုလည်း သုတေသနခုံရုံးများဖြင့် ဆုံးဖြတ်ချက် ရယူနေဆဲဖြစ်ပါသည်။ ခန္ဓာကိုယ်ဖောက်ပြန်မှုကို ဖာထေးပြုပြင်ရန် နည်းလမ်းအသွယ်သွယ်ကိုလည်း ဖော်ထုတ်ရှာဖွေလေ့လာနေဆဲဖြစ်ပါသည်။ တစ်ကမ္ဘာလုံးခြုံ၍ လူတို့၏ သက်တမ်းကို ယခင်ကထက် ပိုမိုဆွဲဆန့်နိုင်ခဲ့ပြီးဖြစ်သော်လည်း တစ်ဦးချင်းစီ၏ ဖောက်ပြန်ယိုယွင်းမှုကိုကား ပြုပြင်ဖာထေးဖို့ ကြိုးစားနေရဆဲဖြစ်ပါသည်။

လူသားတို့ဉာဏ်ရည်ဖြင့် အစအဆုံး ရှာဖွေမရသေးသော သဘာဝတရားကြီးအတွက် အဖြေအစစ်အမှန်သည် သဘာဝတရားထဲတွင်သာရှိမည်မှာ မလွဲမသွေဖြစ်ပါပေသည်။ သို့ဖြစ်ပါ၍ သဘာဝလူသားတို့၏ ဖောက်ပြန်မှုကို ကုထုံးရှာဖွေရန် သဘာဝတရားမှပေးသော ပစ္စည်းများဖြင့် ရှာဖွေခြင်းသည်လည်း မှန်ကန်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။ ရှေးမြန်မာတို့ အစဉ်အဆက်မှစ၍ သဘာဝတရားထဲမှရှိသော သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊ သစ်ရွက်တို့ကို ရှာဖွေစုဆောင်းကာ အမျိုးမျိုးသော ရောဂါများအတွက် ကုထုံးရှာဖွေကုသလာခဲ့ရာမှ အစပြု၍ မြန်မာဆေးဟုခေါ်တွင်လာဟန်ရှိပါသည်။ နွယ်မြက်သစ်ပင်တို့၏ ဆေးဖက်ဝင်မှုသည်လည်း သဘာဝတရားအပေါ် ကတိသစ္စာတည်ခဲ့ခြင်းကြောင့်ဖြစ်ဟန်တူပါသည်။ ထိုသို့သော အကြောင်းတရားများ၏ အကျိုးကျေးဇူးသည်ကား ရှေးမြန်မာများ အသက်ရှည်ရှည်နေနိုင်ခဲ့ခြင်းဖြစ်ပေသည်။

**မြန်မာဆေးဟုဆိုရာတွင် အစိတ်အပိုင်းပေါင်းများစွာပါဝင်ပတ်သက်လျက်ရှိပါသည်။ မြစ်ချင်းပြီးဆေး၊ ဆေးမြီးတို(ဆေးနည်းတို)၊ ဆေးဖုံအစရှိသဖြင့် အမျိုးမျိုးပါဝင်နေကြပါသည်။ တိုင်းရင်းဆေးပညာဆိုသည်မှာ ရှေးအစဉ်အဆက်ဆက်အသုံးပြုခဲ့သော ဆေးနည်း၊ ကုထုံး၊ အမျိုးမျိုးကို အတွေ့အကြုံအခြေခံသော ယုံကြည်လောက်သည့် အထောက်အထားများအရ လက်ခံအသုံးပြုနေသော နည်းလမ်းများဖြစ်ပါသည်။ ထိုကုထုံးတွင်ပါဝင်သော ဆေးဝါးအမျိုးမျိုးသည်လည်း တိုင်းရင်းဆေးဝါးများဖြစ်ပေသည်။ တိုင်းရင်းဆေးဝါးများသည် ဆေးဖက်ဝင်သဘာဝပစ္စည်း(သစ်ပင်၊ ရေထွက်မြေထွက်)မှထုတ်လုပ်ရယူသော ဆေးဝါးများဖြစ်ပါသည်။**

ယနေ့လက်ရှိ အခြေအနေတွင် မြန်မာပြည်တစ်ဝန်း၌ မြန်မာဆေးဟုအမည်ကပ်ထားသော ဆေးဝါးအမျိုးမျိုးကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ရောဂါအမျိုးမျိုးအတွက် အဖုံဖုံသောဆေးနည်းလမ်းများကို အသုံးပြုနေကြပါသည်။ ရံဖန်ရံခါတွင် ကုသမှုအောင်မြင်သည်များရှိသော်လည်း ရံဖန်ရံခါတွင်မူ လူနာအတွက် ဆိုးကျိုးများကို ပေးနေသည်များရှိနေနိုင်ပါသည်။ ပြည်သူအတွင်းဖြစ်ပေါ်လာသော တုံ့ပြန်ချက်မှာ တိုင်းရင်းဆေးအသုံးပြုလို့ ဘေးဥပဒ်တွေဖြစ်နေကြသည်ဆိုသော အသံကိုလည်းကြားနေကြရပါသည်။ အမှန်တကယ်အားဖြင့် ဆိုရလျှင်မူ ထိုသို့သော အဖြစ်အပျက်များမှာ "စနစ်"ပြင်ပမှ ဆောင်ရွက်မှုများ၏ ဆိုးကျိုးများသာလျှင်ဖြစ်ပေသည်။ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာဆေး(သို့မဟုတ်) တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်သည်တို့ကိုလည်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ ဆေးဝါးနှင့်ပတ်သက်သော အဓိကမူဝါဒမှာ တိုင်းရင်းဆေးဝါးစစ်မှန်၊ သန့်စင်ခြင်းနှင့်အန္တရာယ်ကင်းရှင်းရေး (Quality and safety) ပင်ဖြစ်ပါသည်။ စိတ်ချယုံကြည်မှုဖြင့် ဆေးဝါးသုံးစွဲနိုင်ရေးအတွက် တိုင်းရင်းဆေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ထုတ်လုပ်ခွင့်၊ ရောင်းချခွင့်၊ ဖြန့်ဖြူးခွင့်တို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ခွင့်ပြုချက် မပြုမီကာလတွင် ဖော်စပ်ထားသော ဆေးအမည်များ၏ ပါဝင်မှုရာခိုင်နှုန်းအဆိပ်သင့်ပစ္စည်းပါဝင်မှု၊ ရောဂါပိုးမွှားကင်းစင်မှုရှိ၊ မရှိ အစရှိသည်တို့ အကြိမ်ကြိမ်စစ်ဆေးပြီးမှသာလျှင် ထုတ်လုပ်ဖြန့်ဖြူးခွင့်ပေးခဲ့ပါသည်။ ဆေးဝါးဖော်စပ်မှုနည်းလမ်းသည် ဆေးဘူးတွင် ကြော်ငြာသည့် ရောဂါနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုရှိ၊ မရှိကိုလည်း ဝါရင့်တိုင်းရင်းသမားတော်ကြီးများ၏ အတည်ပြုချက်ရယူပြီးမှသာ ခွင့်ပြုခြင်းဖြစ်ပါသည်။ ဆေးဘူးတွင် ဖော်ပြသော ဆေးဝါးမှတ်ပုံတင်အမှတ်၊ ရက်လွန်သက်တမ်းပါဝင်မှု ရာခိုင်နှုန်းတို့ကို အသုံးပြုသူမှ စနစ်တကျ စစ်ဆေးပြီးမှသာ အသုံးပြုရန်လိုအပ်ပါသည်။ အစွမ်းအာနိသင်ထက်မြက်ရေးအတွက်ကိုလည်း ကုန်ကြမ်းပစ္စည်းစစ်မှန်မှုရှိ၊ မရှိနှင့် ဖော်စပ်ပုံနည်းလမ်းမှန်ကန်မှု ရှိ၊ မရှိကို စစ်ဆေးပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဝေစေခြင်းဖြစ်ပါသည်။ ဆေးဝါးများထုတ်လုပ်မှု အပိုင်းများတွင် သန့်ရှင်းမှုပေါင်းစပ်ပါဝင်မှု စနစ်တကျရှိခြင်း၊ မရှိခြင်းတို့ကို အခါအားလျော်စွာစစ်ဆေး၍ သတိပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ဖြင့် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့သော်လည်း တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆေးဝါးဥပဒေပြင်ပတွင် ဆောင်ရွက်နေသော ဆေးနည်းများ (ဥပမာ လူမှုရေးကွန်ရက်တွင် ဖော်ပြနေသော ဆေးနည်းများ၊ ဆေးမြီးတိုများ)ကိုမူ တိုင်းရင်းဆေးဝါးဥပဒေ၏ ပြင်ပတွင် ရှိနေသောကြောင့် မှန်သည်၊ မမှန်သည်ကို အဖြေပေးရန် ခက်ခဲပါသည်။ သို့သော် တိုင်းရင်းဆေးသောက်သုံးခြင်းဖြင့် ဘေးဥပါဒ်ဖြစ်စေသည်ဆိုသော စကားလုံးတွင်ကို ထိုဆေးနည်းများနှင့် ပတ်သက်နေပါက ငြင်းဆိုရမည်သာဖြစ်ပါသည်။ ရှေးအစဉ်အလာ အထောက်အထားများ မရှိခြင်း၊ တိုင်းရင်းဆေးသုတေသနဌာနမှ အတည်ပြုထုတ်ပြန်ခြင်းမရှိသော ဆေးဝါးများဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ဝါးလုံးရှည်ရှည်ဖြင့်သိမ်းကြုံးခြင်းခံရသောအခါများတွင် အမှန်တရားများ ရောပါသွားတတ်သည်ဖြစ်၍ သတိချပ်စေလိုကြောင်း တင်ပြအပ်ပါသည်။ စစ်မှန်သော ပညာရှင်များ၊ စစ်မှန်သော ဆေးဝါးများ၏ အနာဂတ်သည် ထိုသို့သော အခြားစကားလုံး အကြောင်းတရားများကြောင့် ပျောက်ကွယ်ခဲ့ရဖူးပါသည်။ အမှန်တရားကို ဖော်ဆောင်နေသူများသည် မဏ္ဍပ်တိုင်ပေါ်သို့တက်ရောက်ရန် ဝန်လေးသူများဖြစ်နေတတ်သော သဘောရှိ၍ တာဝန်ရှိသူများက ဖော်ထုတ်၍ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် တိုင်းရင်းဆေးပညာသည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့်ပါဝင်လျက်ရှိပါသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါနေဆဲဖြစ်ပါသည်။ ကျန်းမာရေးအသိ မဖွံ့ဖြိုးသေးသော ဒေသများတွင် ကျန်းမာရေးအသိတိုးပွားရေးနှင့် တိုင်းရင်းဆေးပညာဖြင့် ကုသဆောင်ရွက်ပေးမှုတို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မသိနားမလည် သူတို့၏စိတ်ကိုအခွင့်ကောင်းယူကာ မမှန်ကန်သော နည်းလမ်းများဖြင့် ထိုးဖောက်ဝင်ရောက်လာသူများကိုလည်း စောင့်ကြည့်လျက်ရှိပါသည်။** ထိုနည်းလမ်းများသည် ပြည်သူတို့၏ အကျိုးကို ယုတ်လျော့စေသည့်အပြင် မြန်မာ့တိုင်းရင်းဆေး၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေသည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုပါလျှင်မူ သဘာဝတရား၏ ဖောက်ပြန်မှုကို သဘာဝတရားထဲမှ ရှာဖွေကာ ပြန်လည်ပြုပြင်ဖာထေးခြင်းကိုဆောင်ရွက်ရသကဲ့သို့ လူသားတို့၏ သဘာဝတရားဖောက်ပြန်မှုချို့ယွင်းမှုကို သဘာဝထွက် ပစ္စည်းများဖြင့် ကုသပေးနေခြင်း၏ အနှစ်သာရကို ခံစားသိရှိစေလိုပါသည်။ စစ်မှန်သော မြန်မာဆေး၏ အကျိုးသက်ရောက်မှုကို မြန်မာပြည်သူတို့ ရရှိစေနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်ရေးသည် မြန်မာလူမျိုးတိုင်း၏ သမိုင်းပေးတာဝန်တစ်ရပ်သာဖြစ်တော့သည်။


## ဝန်ထမ်းအမြန်အလိုရှိသည်

**Kinetic Myanmar Technology Co.,Limited**

အမှတ်(၇၉၇)၊ အခန်း **702-A, MAC Tower II,** ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ **hrm.kinetic@gmail.com**

1. Telecom Engineer ကျား(၂၀)ဦး
2. Electrical Engineer ကျား(၁၀)ဦး
   အမှတ်စဉ် ၁နှင့်၂အတွက် B.E,B.Tech, AGTI(EC,EP,IT,Mechatronic) ဘွဲ့ရဖြစ်ရမည်။
   လုပ်ငန်းအတွေ့အကြုံမရှိသူများအား လိုအပ်သော Training များ စီစဉ်ပေးမည်။
3. Civil Engineer ကျား(၁၀)ဦး
   B.E,B.Tech,AGTI (Civil)ဘွဲ့ရဖြစ်ရမည်။
   လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ ဦးစားပေးမည်။
4. Network Engineer ကျား(၁၀)ဦး
   Network လုပ်ငန်းအတွေ့အကြုံရှိပြီး CCNA အောင်မြင်ပြီးသူဦးစားပေးမည်။
5. Safety Manager/Safety Officer ကျား(၃)ဦး
   ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။
6. HR Manager/Assistant Manager/Executive ကျား/မ(၃)ဦး
   HR လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
7. Senior Auditor/Junior Auditor ကျား/မ(၃)ဦး
   ဘွဲ့တစ်ခုခုရရှိပြီး စာရင်းစစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လေဘာကတ်ပြားမိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်နှင့် အောင်လက်မှတ် မိတ္တူများယူဆောင်၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင်(သို့) e-mail ဖြင့် 30-5-2015 နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။






## N-Car Company မှ

## အောက်ပါဝန်ထမ်းများ အလိုရှိသည်

1. Sales and Marketing (မ-၂ဦး)
2. ကိုရီးယားစကားပြန် (ကျား/မ-၂ဦး)
3. ကိုရီးယားကားစက်ပြင် (ကျား-၅ဦး)
4. အင်္ဂလိပ်/ကိုရီးယား(မြန်မာစာသင်ကြားရန်) (ဆရာမ-၁ဦး)

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Form နှင့်တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်း-09-250869601, 09-401604282
လိပ်စာ- အမှတ်(၈)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မင်္ဂလာဒုံ။






## Total Skin Repair ဆိုင်ခွဲ(5)

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်ချိုင့်ခွက်၊
အရေးအကြောင်းများပြုပြင်ရာဌာနမှ

ရင်သားကြီးစေရန် ဖြည့်ပေးခြင်း၊ ရင်သားတွဲကျခြင်းကို တင်းပေးခြင်း၊ တင်ပါးချိုင့်ခြင်းကို ဖြည့်ပေးခြင်း၊ တင်ပါးလျော့ကျခြင်းကို ပြုပြင်ပေးခြင်း၊ မျက်ရစ်ဖော်ပေးခြင်း(မခွဲစိတ်)၊ မျက်နှာတင်းရင်းစေရန် ကြိုးထိုးပေးခြင်း၊ အဆီချထိုးဆေးဖြင့် အဆီချပေးခြင်း၊ အသားဖြူဆေးသွင်းပေးခြင်းများကို ဝန်ဆောင်မှုပေးနေပါပြီ။ အမှတ် (11-C)မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ ရန်ကင်းအထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09-798734478, 09-258304048**

ဖတ်စရာ

# တကယ်ချစ်ရဲ့လား



**à ခင်ညို (ရဲကျော်စွာ)**

ပန်းမြို့တော်၊ တောင်လေှကားမြို့တော်၊ မေမြို့၊ ပြင်ဦးလွင်မြို့ကို ဒေသခံများကလည်း ချစ်ကြသည်။ ရောက်ရှိတာဝန်ထမ်းဆောင်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများကလည်း ချစ်ကြသည်။ မြန်မာနိုင်ငံသားအားလုံးကလည်း ချစ်ကြသည်။ အချို့သောဝန်ထမ်းများ၊ အချို့သောပြည်သူများကလည်း ရေကြည်ရာ မြက်နုရာဆိုသလို ပြောင်းရွှေ့ရောက်ရှိအခြေပြုနေထိုင်လာကြသည်။

တောတောင်စိမ့်စမ်းရေတံခွန်များနှင့် နှင်းမြူတွေလွှမ်းခြုံနေသော၊ မြေထု၊ ရေထု၊ လေထု ကြည်လင်သန့်ရှင်းနေသည့်မြို့မှာ မွေးဖွားလာခဲ့ရသူ ကျွန်တော့်အဖို့ ကိုယ့်ဇာတိမြေကို ပို၍ချစ်ရသည်။ ဒီမြေမှာနေ ဒီရေကိုသောက်၊ ဒီမြေမှာပင် ပန်းစိုက်တောင်သူဘဝဖြင့်ကြီးပြင်းလာခဲ့ရသည်။ သဘာဝရေထွက်များမှရရှိလာသောရေများဖြင့် စိုက်ပျိုးလုပ်ကိုင်၍ လူဖြစ်လာရသူ ကျွန်တော့အဖို့ ဒီမြေကို ပို၍တန်ဖိုးထားရသည်။

၂၀၁၅ ဧပြီလအတွင်း ဒေသမျိုးဖြစ်သည့် လီလီပန်းများ တစ်ဧကကျော်စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်၍ ကျပ်သိန်းတစ်ရာခန့်ရရှိလိုက်သည်။ တစ်ပြိုင်တည်းလိုပင် ဂေါ်ဖီထုပ်အပင်သုံးသောင်းကျော်စိုက်ခဲ့ပြန်ရာ ဂေါ်ဖီတစ်ထုပ် ကျပ် ၁၂၀ ဈေးဖြင့် ကျပ်သိန်းသုံးဆယ်ကျော် ရရှိလိုက်ပြန်သည်။ မြန်မာ့နှစ်သစ်ကူးတွင် ကံကောင်းသည်ဟုပြောရမည်။

သို့သော် တပို့တွဲလပြည့်ကျော်မှစ၍ သဘာဝရေထွက်များ ခမ်းခြောက်စပြုလာ၍ စိုက်ခင်းများရေလောင်းရန် အခက်အခဲကြုံခဲ့ရသည်။ လွန်ခဲ့သော သုံးနှစ်ခန့်ကမှစ၍ ရေပြဿနာကြုံတွေ့ခဲ့ရသည်။ ရေတွင်းရေကန်များခန်းခြောက်လာရုံမက ဘယ်သောအခါမှ ခမ်းခြောက်ခြင်းမရှိသော သဘာဝရေထွက်ပေါက်များတွင် တပို့တွဲလပြည့်ကျော်သည်နှင့် ရေထွက်နည်းလာခဲ့ရသည်။

တပေါင်းလပြည့်ကျော်တွင် ရေခန်းခြောက်သွားသည်။ စိုက်ပျိုးရေးသမားများအဖို့ ရေမရှိလျှင် မဖြစ်သည်မို့ ခေတ်စားလာသည့် စက်ရေတွင်းများတူးဖော်ခဲ့ရသည်။ စက်ရေတွင်းတူးခ ကျပ်ခုနစ်သိန်းမှ ကျပ်ရှစ်သိန်းထိ ပေးရသည်။ အဲယားကွန်နဆာ၊ အုတ်ရေကန်တည်ဆောက်ရပြန်သည်။ ကျပ်၁၂သိန်းကုန်သွားသည်။ သို့သော် ရေထွက်ကတော့တစ်နာရီ ဂါလန် ၃၀၀၀ ခန့်ထွက်လာသည်မို့ စိုက်ပျိုးရေးအတွက် အဆင်ပြေသွားသည်။

မည်သို့ဖြစ်စေ ပန်းမြို့တော်၏ရာသီဥတုက ပြောင်းလဲစပြုလာသည်ဖြစ်သည်။ တောတောင်တွေရှိ သစ်ပင်ကြီးငယ်များသည် စည်းကမ်းမဲ့ခုတ်ယူနေသူများ၊ တောင်ယာခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ထင်းခုတ်ခြင်းများ၊ တရားမဝင်သစ်ထုတ်၍ ခွဲစိတ်ရောင်းချနေသူများ၊ မြေဧကရာချီ၊ ထောင်ချီရယူထားသူများက အပြောင်ရှင်းစနစ်ဖြင့် မြေယာပြုပြင်နေမှုများကြောင့် တစ်စတစ်စဖြင့် သစ်တောများရှိ သစ်ပင်ကြီးငယ်များ ပြုန်းတီးလာခဲ့ကြသည်။ နှစ်စဉ် ဇူလိုင်လတွင် သစ်ပင်များစိုက်ပျိုးခဲ့ကြသော်လည်း ထိရောက်သော စိုက်ပျိုးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများအားနည်းမှုကြောင့် ပန်းမြို့တော်၏ စိမ်းလန်းစိုပြည်မှုများ လျော့နည်းကျဆင်းနေရခြင်းဖြစ်သည်။

ပန်းမြို့တော်နယ်မြေအတွင်းရှိ ကျေးရွာအသီးသီး၌လည်း ခားမဦးချရယူထားရှိကြသည့် ကုန်းခြံ၊ ထင်းခြံများအတွင်းရှိ သစ်ပင်ကြီးငယ်များလည်း မရှိကြတော့ပေ။ တစ်နှစ်တစ်ကြိမ် သီးနှံခွန်ပေးဆောင်ထားသည့် မြေနေရာများအား ငွေကြေးတတ်နိုင်သူများမှ ဝယ်ယူ၍ ဘော်ဒူဇာစက်ကြီးများဖြင့် အပြောင်ရှင်း၍ အကွက်ရိုက်ရောင်းချနေမှုများကြောင့် ကျေးရွာများတွင် နွားစားကျက်မြေများပင်မရှိတော့သည့်အချိန် ရောက်နေပြီဖြစ်သည်။

ပန်းမြို့တော်ရှိ လူအားလုံးကတော့ ပန်းမြို့တော်ကိုချစ်ကြသည်ဟု ပြောကြသည်။ ပန်းမြို့တော်၏ သဘာဝအလှတရားများ၊ သစ်ပင်ကြီးငယ်၊ စိမ့်စမ်းရေတံခွန်များ ပျက်စီးအောင်လုပ်နေသူများမှာလည်း ထိုလူသားတွေပင်ဖြစ်နေကြသည်။ ပန်းမြို့တော်၏ သဘာဝအလှတရားများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန် ပြောဆိုနေကြသော်လည်း ထိရောက်သော၊ ထိန်းသိမ်းစောင့်ရှောက်မှုများ အားနည်းနေသည်ကတော့ အမှန်ပင်ဖြစ်သည်။ မိချောင်းမင်း ရေခင်းပြသည်တော့မဟုတ်ပါ။ ပန်းမြို့တော်၏ ရာသီဥတုကလည်း တစ်နှစ်ထက်တစ်နှစ် ပူပြင်းလာသည်ကို တွေ့ကြုံနေကြရသည်ဖြစ်သည်။

အလားတူပင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်ကျေးလက်များတို့တွင်လည်း အလားတူဖြစ်ရပ်မျိုးတွေ၊ တွေ့ကြုံနေကြရမည်သာဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထက်ပါကိစ္စရပ်များအပြင် နေ့စဉ်အသုံးပြုနေသော ပလတ်စတစ်အိတ်ပါးများ၊ အမှိုက်များ၊ စနစ်တကျစွန့်ပစ်ရန်လည်း လိုအပ်ပါသည်။ မြို့နယ်များအလိုက် စည်ပင်သာယာအဖွဲ့မှ စီစဉ်ချထားပေးသော အမှိုက်ပုံးများအတွင်း အမှိုက်များ စနစ်တကျစွန့်ပစ်သည့် အလေ့အထများလည်း လူသားတိုင်းကျင့်သုံးရန်လိုအပ်ပါမည်။ မြန်မာနိုင်ငံအား ချစ်ပါသည်ဟု နှုတ်မှ တဖွဖွပြောဆိုနေခြင်းထက် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိရောက်သောစောင့်ရှောက်ကာကွယ်မှုများ လုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံကို တကယ်ချစ်ရဲ့လားဟု မေးမြန်းကြည့်ချင်ပါသည်။

## မချမ်းဘောတွင် အခြေခံမဲစာရင်းအမှန်ပြုစုရေး ဆွေးနွေး

**မချမ်းဘော မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ဂူဘားခန်းမတွင် မချမ်းဘောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက အခြေခံမဲစာရင်းအမှန်ပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မဲစာရင်းပြုစုရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းဟောပြောခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် မြို့နယ်လ.ဝ.က ဦးစီးမှူး ဦးဝင်းနိုင်က မဲဆန္ဒရှင်များ မှတ်ပုံတင်မကျန်ရှိစေရေး စိစစ်ခြင်း၊ စာရင်းပြုစုခြင်းများကို တိကျစွာဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဖခင် အမည်မှန်**
ကြယ်စင်စု ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော မထက်အိန္ဒြေဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ[၁၂/ပဇတ(နိုင်)၀၁၃၈၅၉] ဖြစ် ပါကြောင်း။
ဦးကျော်ရွှေ

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
သုံးခွမြို့နယ်၊ ရဲနွဲ့ကျေးရွာ(အလက-ခွဲ)မှ ဦးနိုင်ဝင်း၏ သမီး[၁၂/သခန(နိုင်)၁၁၈၅၁၆] ကိုင်ဆောင်သူ မခရေလှိုင်နှင့် မခင်ပြည့်ဖြိုးသွယ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

အမြန်ကုန်ပို့လုပ်ငန်း
ကန်တာ(12') (14') ကားနှင့် ကုန်ပစ္စည်းအမျိုးမျိုးကို ရန်ကုန်မြို့တွင်း၊ ပြည်နယ်/တိုင်းသို့ တိုက်ရိုက်အမြန်ပို့ဆောင်သည်။ (ပိတ်ရက်မရှိ)
Ph: 09-42109572 / , 01-9699333

ဆရာခန့်၏ ဝမ်းပျောအဆီ ကျဆေး
အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါစား (၂)ပြား
(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေးဝယ်)

GUSTO International College

Teesside University
University of the West of England

GUSTO INTERNATIONAL COLLEGE

◆ HND Diploma in Computing (UK)
◆ B.Sc (Hons:) Computing (UK)



Limited seat .... Enroll Now!
(09) 86 288 06, (09) 730 31 302

Why we chose GUSTO?
- Academic Quality ကောင်းမွန်ခြင်းကြောင့် ထူးချွန်ပြောင်မြောက်သည့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ခဲ့သော Proven Record ရှိခြင်း။
- UK ရှိထိပ်တန်းတက္ကသိုလ်ကြီးများနှင့် Collaboration Agreement ရယူထားသော International College ဖြစ်ခြင်း။
- ဆိတ်ငြိမ်ကျယ်ဝန်းသော ကျောင်း Campus အတွင်း အကောင်းဆုံးသင်ယူမှု အတွေ့အကြုံရရှိစေရန် သင်ကြားပေးနေခြင်း။

# 289 (A), Pyay Road, Sanchaung Tsp., Ygn. www.facebook.com/gustoinstitute MAY INTAKE

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံစာရင်းကောင်စီ
### အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀-၂-၂၀၁၅ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)အရ နိုင်ငံခြားတိုင်းပြည်များမှ အောက်ဖော်ပြပါ စာရင်းပညာဆိုင်ရာ လက်မှတ်ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲကျင်းပမည်ဖြစ်ပါသည်-

(က) ACCA ၏စာမေးပွဲအားလုံး အောင်မြင်ပြီးသူများ
(ခ) CIMA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူများ
(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တို့နှင့် အဆင့်တူသော နိုင်ငံခြားစာရင်းပညာဆိုင်ရာ လက်မှတ်ရရှိထားသူများ

၂။ အရည်အချင်းစစ်စာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|---|
| (က) | ၈-၇-၂၀၁၅ | ၁၀း၀၀နာရီ | Commercial and Industrial Laws |
| (ခ) | ၉-၇-၂၀၁၅ | ၁၀း၀၀နာရီ | Taxation |
| (ဂ) | ၁၀-၇-၂၀၁၅ | ၁၀း၀၀နာရီ | Practical Auditing I&II |

၃။ Commercial and Industrial Laws နှင့် Taxation ဘာသာရပ်များကို မြန်မာဘာသာဖြင့်လည်းကောင်း၊ Practical Auditing I&II ဘာသာရပ်ကို English ဘာသာဖြင့်လည်းကောင်း ဖြေဆိုရပါမည်။ စာမေးပွဲသင်ရိုးညွှန်းတမ်းမှာ အထက်အပိုဒ်(၁)ပါရုံးအမိန့်တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းဖြေဆိုရန်ဖြစ်ပါသည်။

၄။ သတ်မှတ်အရည်အချင်းပြည့်မီသော အရည်အချင်းစစ် စာမေးပွဲဖြေဆိုလိုသူများသည် အထက်အပိုဒ်(၂)ပါလိပ်စာတွင် လျှောက်လွှာကြေး ကျပ် ၁၀၀၀၊ စာမေးပွဲကြေး ကျပ် ၅၀၀၀ပေးသွင်း၍ ၁၈-၅-၂၀၁၅ရက်မှ ၂၉-၅-၂၀၁၅ ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံစာရင်းကောင်စီရုံး၏ ဖုန်းနံပါတ် ၀၁-၂၂၁၃၄၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

# သစ်ဈေးကြီး၍ အိမ်များကို သစ်အစား သံထည်များဖြင့် ဆောက်လုပ်ခြင်းကြောင့် သံထည်အိမ်ဆောက်ပစ္စည်းများ မကွေးမြို့တွင် အရောင်းသွက်

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် အိမ်တစ်ဆောင်လုံးအား သစ်ဈေးကြီးနေသဖြင့် သစ်အစား သံထည်များဖြင့် အိမ်ဆောက်နေကြကြောင်းနှင့် ဘာသာရေးအဆောက်အအုံများဖြစ်သည့် ဓမ္မာရုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း သံထည်ပစ္စည်းများဖြင့် ဆောက်လုပ်နေကြခြင်းကြောင့် သံထည်အိမ်ဆောက်ပစ္စည်းများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သံထည်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်းများမှာ သစ်ဈေးထက်ဈေးချိုကြောင်း၊ သစ်ဈေးကြီးနေ၍ သံထည်အိမ်ဆောက်ပစ္စည်းများ အသုံးပြုရကြောင်း၊ လက်သမားဆရာများမှာလည်း သစ်ဖြင့်ဆောက်လျှင် ရွေပေါ်ထိုးရတဲ့အချိန်လည်းပေးရခြင်းကြောင့် သံထည်များဖြင့် ဆောက်သည်ကို ကြိုက်နှစ်သက်ကြောင်း သိရသည်။


“သံရိုက်ရတာလည်းခက်ခဲတယ်။ သံထည်ပစ္စည်းများကတော့ စရွေးကိုက်ဝယ်လို့ရတယ်။ သစ်သားအိမ်တိုင်ကသစ်သားဖြောင့်ခြင်းရှိ-မရှိကို ဂရုတစိုက်ကြည့်လုပ်ကိုင်ရတယ်။ သံတိုင်တွေကတော့ အားလုံးဖြောင့်နေတာဆိုတော့ ဆောက်တဲ့နေရာမှာဂရုတစိုက်ကြည့်စရာမလိုဘူး ပေါ့ဗျာ။

“သံထည်တွေကတော့ ဂျွင်းဆော်ရုံ၊နုတ်ထိုက်(ဘုတ်စိုတ်)ရုံပါပဲ။ လိုအပ်တာအားလုံးအဆင်သင့်ဝယ်ယူနိုင်တယ်။ ငွေကုန်လည်းသက်သာ၊အချိန်ကုန်လည်းသက်သာတယ်။ သစ်တိုင်တွေထက်ပိုပြီးတာရှည်အသုံးခံတယ်။ သစ်တိုင်တွေကခြစားမှာ ကြောက်ရတယ်” ဟု ဝရိန်(ဂျိုင်း)လုပ်ငန်းလုပ်ကိုင်သူက ၎င်းလုပ်ငန်းနှင့်ပတ်သက်၍ ပြောပြသည်။

“သစ်သားအစား စတီးချောင်းတွေ၊ သံတွေကိုအသုံးပြုနေကြရတယ်။ သံထည်အိမ်တွေသာမက သံနဲ့ပြုလုပ်တဲ့ လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို ပိုမိုအသုံးပြုလာကြတယ်။ သံခေတ်လို့ပဲ ပြောရမလားမသိဘူး။ ကျွန်တော်တို့ သံထည်အိမ်ဆောက်ပစ္စည်းဆိုင်တွေ အရောင်းသွက်လာကြတယ်၊ ခုခေတ်မှာ အိမ်ဆောက်မယ်ဆိုရင်သစ်သားအိမ်ကိုမစဉ်းစားကြတော့ဘူးဗျာ။ သံထည်ပစ္စည်းတွေနဲ့ပဲ အိမ်ဆောက်နေကြတယ်” ဟု သံထည်အိမ်ဆောက်ပစ္စည်းအရောင်းမှ ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

စတီးအသုံးအဆောင်၊ သံအသုံးအဆောင်များ ပိုမိုသုံး၍ လူနေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ လူမှုရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများလည်း သံထည်အိမ်ဆောက်ပစ္စည်းများအား အသုံးပြု၍ ဆောက်လုပ်နေကြကြောင်းနှင့် ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင်လည်း စားပွဲ၊ ကုလားထိုင်များကို သစ်သားစားပွဲ၊ သစ်သားကုလားထိုင်များအစား သံထည်စားပွဲ၊ သံကုလားထိုင်များအသုံးများကြောင်း သိရသည်။**ကောင်းသုတ(မင်းဘူး)**

## အန္တရာယ်ရှိကွန်ကရစ်ဓာတ်တိုင်များ အသစ်လဲရန် ဒေသခံများလိုလား



**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ နတ်မောက်လမ်းနှင့် သိင်္ဂါဂီရိဈေးခေါ် (မင်္ဂလာဈေး) အနီး နံ့သာလမ်းထောင့်တွင် ကွဲအက်ကျိုးပဲ့နေသည့် ကွန်ကရစ်ဓာတ်တိုင်နှစ်တိုင်ရှိနေပြီး ယင်းဓာတ်တိုင်များမှာ အန္တရာယ်ရှိနေခြင်းကြောင့် အသစ်လဲလှယ်စေလိုကြောင်း မြို့ခံများကပြောသည်။

အဆိုပါ ကွန်ကရစ်ဓာတ်တိုင်ကြီးများသည် အောက်ခြေတွင် ကွဲအက်၍ တိုင်ထိပ်များကျိုးပဲ့နေသည်ကို တွေ့ရှိရသည့်အပြင် လူစည်ကားသွားလာရာ နတ်မောက်လမ်းနှင့် မင်္ဂလာဈေးသွားလာရာ လမ်းထောင့်ဖြစ်နေခြင်းကြောင့် လူများ၊ ကားများ၊ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များနှင့် ရဟန်း၊ ရှင်လူတို့အတွက် အန္တရာယ်ရှိနေပါ၍ သက်ဆိုင်ရာမှ အန္တရာယ်ရှိနေသော ကွန်ကရစ်ဓာတ်တိုင်များအား အသစ်လဲလှယ်ပေးစေလိုကြောင်း ၎င်းတို့က ပြောသည်။

ထိုအန္တရာယ်ရှိကွန်ကရစ်တိုင်ကြီးများသည် ဈေးလမ်းနှင့် ကားလမ်းမကြီးပေါ်တွင်ရှိသဖြင့် အမြန်ဆုံးရှင်းလင်းအသစ်လဲလှယ်ပေးစေလိုကြောင်းနှင့် ယင်းကွန်ကရစ်တိုင်ကြီးများသည်လည်း အသစ်တိုင်ကြီးများဖြစ်သော်လည်း အရည်အသွေးမပြည့်မီသဖြင့် (လေ၊ မိုး) ရာသီဥတုဒဏ် မခံရမီပင် ပျက်စီးနေခြင်းဖြစ်ကြောင်း သိရသည်။ **ခင်ခင်သိမ့်(မန်း)**

## ပြင်ဦးလွင်တွင် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းလမ်းအစား ကတ္တရာလမ်းဖောက်လုပ်

**ပြင်ဦးလွင် မေ ၁၅**

ကျေးလက်နေပြည်သူများ ခရီးလမ်းပန်း မြန်ဆန်ချောမွေ့စေရေးအတွက် ပြင်ဦးလွင်မြို့နယ် ကျွဲ နွားထောက်ကျေးရွာအုပ်စုအတွင်းရှိ တိုးကြီးကုန်းကျေးရွာ၊ ရေခြံစုကျေးရွာ၊ ကျွဲနွားထောက်ကျေးရွာတို့သည် မန္တလေး-ပြင်ဦးလွင်သွားကားလမ်းမကြီးပေါ်ရှိ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်းနှင့်ဆက်သွယ်ထားသည့် ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းလမ်းအရှည်ပေ ၈၂၄၀ အား ထပ်မံ၍ ကျောက်ကြီးထပ်ပိုးခင်းပြီး ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းအား ကျောက်ကြီးအကျယ် ၂၄ ပေ၊ အမြင့် ကိုးပေ၊ ကတ္တရာလမ်းအကျယ် ၁၈ ပေ၊ လမ်းခင်းခြင်းလုပ်ငန်းအား ၂၀၁၅ ဧပြီ ၁၉ ရက်မှစ၍ ကျေးရွာများရှိ ကျောင်းထိုင်ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ ကျေးရွာများရှိ စုဆောင်းထားသော ရန်ပုံငွေများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က လှူဒါန်းငွေကျပ်သိန်းငါးဆယ်၊ FAME ကုမ္ပဏီမှ ကျပ်သိန်းတစ်ရာ၊ သော်တာဝင်းကုမ္ပဏီမှ လမ်းကြိတ်စက်အကူအညီများဖြင့် ကျွမ်းကျင်ပညာရှင် ငှားရမ်းကာ လမ်းဖြစ်မြောက်ရေးကော်မတီမှ မိုးမကျမီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ညို(ရဲကျော်စွာ)**


### ဖြည့်စွက်ခေါ်ဆိုပါရန်

မြစ်ကြီးနားမြို့နေ ဦးဇော်ဂွန်း[၁/မကန(နိုင်)၀၅၈၄၂၂]အား ဦးအင်ခွမ်ဇော်ဂွန်းဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်နှင့် ၎င်း၏သားသမီးများအားလည်း မအင်ခွမ်နန်လုံပန်၊ မအင်ခွမ်နန်ဒွဲပန်၊ မောင်အင်ခွမ်ဇော်မျိုးဂျာဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။

ထိုက်သျှကံ
ပေ(၄၀×၆၀)ဒဂုံတောင် စက်မှုဇုန်(၆၄)ရပ်ကွက်၊ အင်းတော်လမ်း၊ရေမီးစုံ
01-549138
09250357900

### ဖခင်အမည်မှန်

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အထက(၃)၊ အဋ္ဌမတန်း(ခ)မှ မောင်ဇေယျာလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း[၁၂/လကန(နိုင်)၁၄၆၄၅၆]ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးအောင်မင်းဦး-ဒေါ်နန်းမိုတို့၏ သမီးဖြစ်သူ အထက(၁)ဒဂုံ၊ တတိယတန်းမှ မအိန္ဒြေဦးအား နန်းအိန္ဒြေဦးဟုပြောင်းလဲခေါ်ဆိုပါရန်။

နန်းအိန္ဒြေဦး

### အများသိစေရန်ကြေညာပါသည်

ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သော ဦးထွန်းအောင်ကျော်၊ (၁၂/ဗဟန (နိုင်)၀၆၇၂၇၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းအောင်ကျော်နှင့် ဒေါ်နန္ဒာဝင်း(ခ) နီနီ (၁၀/မလမ (နိုင်) ၁၃၁၅၂၈) တို့သည် ၁၉၉၉- ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းအောင်ကျော်နှင့် ဒေါ်နန္ဒာဝင်း(ခ)နီနီတို့သည် တရားဝင်အကြင်လင်မယား အဖြစ် ပေါင်းသင်းနေထိုင်ကြပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၁၃)၊ (၃-လွှာ) ခြေရင်းခန်း၊ (၁၀ပေ × ၄၀ပေ) တိုက်ခန်းကို နှစ်ဦးသဘောတူဝယ်ယူ ပိုင်ဆိုင်ခဲ့ ကြပါသည်။

အထက်လိပ်စာပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဦးထွန်းအောင်ကျော် သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အာမခံထားခြင်း၊ လှူဒါန်းခြင်းနှင့် အခြားတစ်နည်းနည်း ဖြင့် လွှဲပြောင်းမှုမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆိုသွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ဝင်း (B.Sc, H.G.P, R.L.)
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၃၁၂)
အမှတ်- ၂၁ ၊ ပုလဲလမ်း၊ စတုတ္ထထပ်၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉- ၃၁၃၉၅၆၃ ၊ ၀၉- ၄၂၈၂၅၁၃၃

ဖော့ဘူးအစားထိုးပလတ်စတစ်ဘူးကြည်များကို
လက်လီလက်ကား
ရောင်းချပေးနေပါသည်။

| | |
|---|---|
| 700ml (လေးထောင့်) | ၁ဘူး- ၁၀၀ ကျပ် |
| 450ml (အဝိုင်း) | ၁ဘူး- ၇၀ ကျပ် |
| ၂ ကန့်ထမင်းဘူး(လေးထောင့်) | ၁ဘူး- ၁၅၀ ကျပ် |

ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၈၂၈၁၉၉၊ ၀၉-၉၇၈၂၈၁၉၃

သွေးသည်အသက်

အမြန်ရောင်း၊ငှားမည်(ပွဲစားမလို) 09-42-1076111
၁။ကန်တော်ကြီးပတ်လမ်း၊30'x50'(GF,1F) (ငှား၃၅သိန်း)
၂။ကမာရွတ်၊ ဗဟိုလမ်း 28'x50'(BN)ဂရန် (၇၀၀၀သိန်း)
၃။ဒိုင်းမွန်းကွန်ဒို၊ပြည်လမ်း1600sq.ft,ပြင်ဆင် (၄၃၀၀သိန်း)
၄။မေမြို့၊ရပ်ကွက်(၁၂) ရေချမ်းအိုး၊40'x70' (၃၂၀သိန်း)

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၃-၄-၂၀၁၅ ရက် ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၅) အများသိစေရန် ကြေညာချက် သဃ်န်းကျွန်းမြို့နယ် (G-P)ဦးခင်မောင်ဦး၏ဂရန်မိတ္တူတွင် ပိုင်ဆိုင်ကြောင်း စာချုပ်(၃၈၅၀/၄-၁၀-၁၃)အစား ပိုင်ဆိုင်ကြောင်းစာချုပ် ၃၅၈၀/၄-၁၀-၁၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။



# ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မူလွန်ကျောင်းဆောင်ဆောက်လုပ်မှု စစ်ဆေး

**ရိုးခေါဒါရ်  မေ ၁၅**

ချင်းပြည်နယ် ရိုးခေါဒါရ်မြို့ ထိန်းကြန်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် မူလွန်ကျောင်းဆောင် ဆောက်လုပ်နေမှုအခြေအနေကို ရိုးခေါဒါရ်မြို့ တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က မေ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သည် ပညာရေးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၈၀ ချထားခြင်းဖြစ်၍ အဆောက်အအုံအတိုင်းအတာမှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၀ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်အဆောက်အအုံ အမျိုးအစားဖြစ်ပြီး Zinghmuh Company က တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ကျောင်းဆောင်ဆောက်လုပ်ခြင်းကို ဒီနှစ်ဇန်နဝါရီနှောင်းပိုင်းကစပြီး မတ်လအတွင်း ဆောက်လုပ်နိုင်ခဲ့ပါတယ်။ ကျောင်းဆောင်အဆောက်အအုံသာမကဘဲ ရုံးသုံးပရိဘောဂတွေဖြစ်တဲ့ သင်ပုန်းကြီးလေးချပ်၊ စာရေးခုံသုံးတွဲငါးစုံ၊ ဆရာ၊ ဆရာမစားပွဲ သုံးလုံး၊ စာကြည့်တိုက်စားပွဲ တစ်လုံးနဲ့ နှစ်ခန်းတွဲအိမ်သာ တစ်လုံးတို့ကို ချထားပေးပါတယ်။ ကျွန်တော်တို့ကျေးရွာမှာ ကျောင်းသားအင်အား ၉၀ ခန့်ရှိပြီး စာသင်ကျောင်းသားတွေ ပြည့်ကျပ်နေတယ်။ အခုလို စာသင်ဆောင်အသစ်ခွင့်ပြုပေးတော့ အဆင်ပြေသွားတယ်။ ကျွန်တော်တို့ကျောင်းသားမိဘတွေ၊ ပြည်သူတွေက ဝမ်းသာအားရပြီး အတိုင်းမသိကျေးဇူးတင်ပါတယ်" ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဟရန်အာအိုချုံးက ပြောသည်။

မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်မှုအပေါ် လိုအပ်သည်များအားထပ်မံဖြည့်စွက်ဆောင်ရွက်ပြီး ဒေသအတွက်အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ ကျောင်းဆောင်သစ်အား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးတို့အား စီမံချက်ရေးဆွဲပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက မှာကြားခဲ့ကြောင်း သိရသည်။

**နိုဟေဆာ**

# အမှိုက်ပုံကြီးမှ အနံ့ဆိုးများထွက်ရှိနေ



**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဆေးရုံကြီး၏အနောက်တောင်ထောင့် မြေကွက်လပ်တွင် ဧရာမအမှိုက်ပုံကြီးမှာ အနံ့ဆိုးများနှင့် အမြင်မတော်ဖြစ်နေကြောင်း သိရသည်။ အဆိုပါအမှိုက်ပုံကြီးသည် မကွေးတိုင်းဆေးရုံကြီး၊ ရုံးဌာနအသီးသီး၊ ကျောင်းများ၊ ဈေးများသို့ ဖြတ်သန်းသွားလာရသော ကားလမ်းအနီးတွင်ရှိသော ယင်းအမှိုက်ပုံကြီးကြောင့် လမ်းသွားလမ်းလာများအတွက် စိတ်အနှောင့်အယှက်ဖြစ်ကြရကြောင်း ယင်းမြို့ခံများက ပြောသည်။

မြို့နယ်စည်ပင်မှလည်း နေ့စဉ်အမှိုက်များကို သိမ်းဆည်းနေသည်ကို သိရှိရသော်လည်း အမှိုက်ပုံကြီးမှာ ရှိမြဲရှိနေသည်ကို တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အမြင်မတော်ဖြစ်နေသော အနံ့ဆိုးအမှိုက်ပုံကို ဝိုင်းဝန်းဖယ်ရှားသင့်ကြောင်း၊ မြို့နယ်စည်ပင်ကားများလည်း ပုံမှန်လာရောက်ကျုံး၍ အမှိုက်များရှင်းလင်းဖယ်ရှားသော်လည်း အမှိုက်ပုံကြီးမှာ ရောက်လာစမြဲဖြစ်နေကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

**ခင်သန်းဦး(ဖန်ခါးမြေ)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ပြခန်းဖွင့်

**မြစ်ကြီးနား မေ ၁၅**

၂၀၁၅ ခုနှစ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ မေ ၄ ရက်မှ ၁၀ ရက်အထိ အသိပညာပေးပြခန်းဖွင့်လှစ်ပြသခဲ့သည်။ အဆိုပါပြခန်းသို့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်နှင့် တာဝန်ရှိသူများ၊ ယာဉ်မောင်းလိုင်စင်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလဲလှယ်ခြင်း၊ ယာဉ်လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းအပါအဝင် ရုံးလုပ်ငန်းဆိုင်ရာ လာရောက်ဆောင်ရွက်ကြသည့်ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြရာ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဝန်ထမ်းများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(၄၉၉)**

# လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၅**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့၌ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် Bussiness Knowledge Sharing ရှင်းလင်းပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး ABC Computer Training Centre မှ ဆရာဦးစိုးမောင်က ကျေးလက်လူငယ်များအား Bussiness Knowledge Sharing နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ မြို့နယ်အတွင်းရှိ (ဝိဇ္ဇာ/သိပ္ပံ) ဘွဲ့ရလူငယ် ၆၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ညိုညိုဝင်း(မကွေး)**

# ငွေရတုနှစ် အထိမ်းအမှတ် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၅**

(၂၅) ကြိမ်မြောက် ငွေရတုပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဇောင်ချမ်းတောင်ကျေးရွာ၌ မေ ၁၁ ရက် ညနေ ၃ နာရီက ကျေးရွာရွာလယ်ဓမ္မာရုံတွင်ကျင်းပရာ ကျေးရွာသူ၊ ကျေးရွာသားများက စာရေးတံမဲများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ကြသည်။

အဆိုပါ (၂၅) ကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ရပ်နီးရပ်ဝေးရှိ ပင့်သံဃာ ၂၉ ပါးတို့ဖြင့် ကဆုန်လပြည့်ကျော် ၃ ရက်မှ ကဆုန်လပြည့်ကျော် ၉ ရက်ထိ ၇ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ဇောင်ချမ်းတောင်ကျေးရွာတွင် အဆိုပါပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ၁၃၅၂ ခုနှစ်မှ စတင်၍ နှစ်စဉ်မပျက် ကဆုန်လပြည့်ကျော် ၃ ရက်မှ ကဆုန်လပြည့်ကျော် ၆ ရက်အထိ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြရာ ယခု (၂၅) ကြိမ်မြောက်သည် (ငွေရတု) နှစ်အထိမ်းအမှတ်ဖြစ်သဖြင့် ရက်သတ္တပတ်လုံး ပဋ္ဌာန်းရွတ်ဖတ်ပွဲကျင်းပခဲ့ခြင်း ဖြစ်သည်။

**မျိုးမျိုး (ဆင်ပေါင်ဝဲ)**




### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ပြသသော ပြင်ပလူနာများ၊ အတွင်းလူနာများ၊ ကုသပေးရန်လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး
၂၃လမ်း၊ ၈၀-၈၁ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၂-၃၁၂၀၀/၀၂-၂၁၁၀၆




ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
**Fashion Image Magazine** တွင်
တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

**1. Advertising Staff / Sales & Distribution Staff** — **F / M (10)Posts**

အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။ ဘွဲ့ရပြီးသူဖြစ်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ သွက်လက်စွာ ပြောဆိုနိုင်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်း သွားလာနိုင်သူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ် စိတ်ဝင်စားစွာ လုပ်ကိုင်လိုသူဖြစ်ပြီး အပင်ပန်းခံနိုင်ရမည်။

**2. လက်ထောက်အယ်ဒီတာ** — **F (5)Posts**

- အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။ ဘွဲ့ရပြီးသူဖြစ်ရမည်။ စာရေး၊ စာဖတ်ဝါသနာပါပြီး စာဖတ်အားကောင်းသူဖြစ်ရမည်။ Internet, Email အသုံးပြုတတ်ရမည်။ English ဘာသာစကား ဖတ်ရှုလေ့လာနိုင်ရမည်။ စာပေ၊ အနုပညာ၊ Fashion အလှအပနှင့်ပတ်သက်၍ စိတ်ဝင်စားကာ ပြင်ပသို့ သွားလာနိုင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ (၂)ပုံ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ကိုယ်ရေးရာဇဝင်အပြည့်အစုံကို ကြော်ငြာသည့်နေ့မှစ၍ (၃၁. ၅. ၂၀၁၅) နေ့ နောက်ဆုံးထား၍ အမှတ် (၁၈၉/၁၉၅)၊ ၉-လွှာ၊ ပန်းဆိုးတန်းတာဝါ၊ ပန်းဆိုးတန်းလမ်းကြီး၊ ရန်ကုန်မြို့တွင် လူကိုယ်တိုင် လာရောက်ဖြည့်စွက်လျှောက်ထားရပါမည်။

# Mobile Team ဖြင့် တီဘီလူနာများ ရှာဖွေဖော်ထုတ်ကုသ ပေးမည်

**မြဝတီ မေ ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် Gene-X-pert စက်ဖြင့် တီဘီရောဂါ ရှိ မရှိ၊ Rifampicin တီဘီဆေးယဉ်ပါးမှု ရှိ မရှိ ကို Mobile team ဖြင့် ရှာဖွေဖော်ထုတ်ကုသပေးနိုင်တော့မည် ဖြစ်သည်။

အဆိုပါ တီဘီရောဂါ ကွင်းဆင်းရှာဖွေဖော်ထုတ်ကုသရေး နယ်လှည့်ဆေးကုသခြင်းနှင့် Gene-X-pert စက်ဖြင့် တီဘီရောဂါ ရှိ မရှိ စစ်ဆေးခြင်းနှင့် Rifampicin တီဘီဆေးယဉ်ပါးမှု ရှိ၊ မရှိ စစ်ဆေးခြင်းအကြောင်းသိကောင်းစရာ အသိပေးဆွေးနွေးပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

တီဘီဆေးယဉ်ပါးမှု ရှိ၊ မရှိ စစ်ဆေးခြင်းအကြောင်းသိကောင်းစရာ အသိပေးဆွေးနွေးပွဲအခမ်းအနားတွင်ကျန်းမာရေးဝန်ကြီးဌာန၊အမျိုးသားတီဘီတိုက်ဖျက်ရေး ဒုတိယညွှန်ကြား ရေးမှူး ဒေါက်တာစည်သူအောင်က မြန်မာနိုင်ငံ၏ တီဘီနှင့် ဆေးယဉ်ပါးတီဘီ ဖြစ်ပွားမှု အခြေအနေနှင့် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအကြောင်း သိကောင်းစရာများကို ဆွေးနွေးပို့ချခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းမှ ပိုးမွှားဗေဒအထူးကုဆရာဝန် ဒေါက်တာဝင့်ဝင့်က Gene-X-pert စက်ဖြင့် တီဘီရောဂါ ရှိ၊မရှိစစ်ဆေးခြင်းနှင့် တီဘီဆေးယဉ်ပါးမှု ရှိ မရှိစစ်ဆေးခြင်းအကြောင်း သိကောင်းစရာများနှင့် မော်လမြိုင်ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က နယ်လှည့်ကွင်းဆင်း တီဘီရောဂါရှာဖွေကုသပေးခြင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် ဧည့်သည်တော်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

အဆိုပါ Gene-X-pert စက်ဖြင့် တီဘီရောဂါ ရှိ မရှိ၊ Rifampicin တီဘီဆေးယဉ်ပါးမှု ရှိ၊ မရှိကို မြဝတီမြို့နယ်အတွင်း Mobile team ဖြင့် ရှာဖွေဖော်ထုတ်ကုသပေးခြင်းအစီအစဉ်ကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကုသိုလ်တော်ဘုရားရှိကျောက်စာ ၇၂၉ ချပ်အား ရေရှည်တည်တံ့စေရန် ဓာတုဗေဒနည်းဖြင့်သန့်စင်ထိန်းသိမ်းသွားမည်

**မန္တလေး မေ ၁၅**

မန္တလေးမြို့ ကုသိုလ်တော်ဘုရားရှိ ကျောက်စာ ၇၂၉ ချပ်အား ရေရှည်တည်တံ့စေရန် ဓာတုဗေဒနည်းဖြင့် သန့်စင်၍ ကျောက်စာရုံတည်ထားသော စေတီများအားပြုပြင်မွမ်းမံကာ ဓာတ်ပုံရိုက် မှတ်တမ်းပြုစုခြင်းနှင့် ကျောက်စာတွင် ရေးထိုးထားသည့် စာပေများအား ဘာသာပြန်၍ အွန်လိုင်းသို့ လွှင့်တင်ခြင်းလုပ်ငန်းကို ဇွန်လ ပထမပတ်မှစ၍ ဆောင်ရွက်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအား ဂျပန်နိုင်ငံ Chuo Academic Research Institute (CARI^RKK – Japan) ဌာန၏ ထောက်ပံ့ကူညီမှုဖြင့် ဩစတြေးလျနိုင်ငံ Sydney University မှ ဗုဒ္ဓဘာသာနှင့် စာပေလေ့လာရေးဌာနမှ ပညာရှင်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းကာလကို သုံးနှစ် သတ်မှတ်ထားကြောင်း ရှေးဟောင်းသုတေသန နှင့်အမျိုးသား ပြတိုက်ဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူးဦးညိုမြင့်ထွန်းက ပြောသည်။

ဒီလို လုပ်ဆောင်ရတဲ့ရည်ရွယ်ချက်ကတော့ မင်းတုန်းမင်းတရားကြီးကိုယ်တိုင်ကျောက်ထက်အက္ခရာ တင်ထားခဲ့ပြီး ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင် ကျောက်စာချပ်တွေဖြစ်တဲ့အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သလို ဗုဒ္ဓသာသနာရဲ့ ပဋိကတ်သုံးပုံ စာပေတွေကိုကမ္ဘာအနှံ့ရောက်ရှိပြီး လေ့လာကြည့်ရှုနိုင်စေဖို့စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် သစ်ဝါးတို့ဖြင့် ပြုလုပ်ထားသော အဆောက်အအုံများ၊ ပစ္စည်းများကို ခြနှင့် ပိုးမွှားများဖျက်စီးလေ့ရှိသဖြင့် ဓာတုဗေဒဆေးများကို နည်းပညာအသုံးပြုလျက်ပိုးသတ်၊ မှိုင်းတိုက်လုပ်နည်းလုပ်ဟန်စသည်တို့ဖြင့် မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းလျက်ရှိသကဲ့သို့ နံရံဆေးရေးပန်းချီများ၊ ရှေးဟောင်းစာပေပစ္စည်းများကိုလည်း ဓာတုဗေဒနည်းဖြင့်သိပ္ပံနည်းကျ စောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရေရှားပါးသည့်ကျေးရွာများအား ရေရရှိရန် ဆောင်ရွက်ပေး

**မြင်းမူ မေ ၁၅**

၂၀၁၄-၂၀၁၅၊ဘဏ္ဍာရေးနှစ် ပြည်သူ့လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်မှမြို့နယ်ဖွံ့ဖြိုးရေးရေရရှိရေး လုပ်ငန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ငွေကျပ် ၅၅၀ ဒသမ ၅ သိန်းဖြင့် ရေရရှိရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

မြင်းမူမြို့နယ်အတွင်းရှိ ကုန်းရွာ၊ မကျီးကန်၊ ကန်ဆွယ်၊ မကျီးစု၊ ငွေးပင်တောကျေးရွာအပါအဝင် ရွာငါးရွာများမှာ ရေမီတာများတပ်ဆင်၍ အိမ်တိုင်ရာရောက် ရေတိုင်များ သွယ်တန်းပေးခဲ့ခြင်းကြောင့် ရေဖူလုံစွာရရှိခဲ့သည်။

ကျန်ရွာကိုးရွာမှာ ခွက်ခွင်း၊ အုန်းပင်၊ သာယာပေါင်း၊ စည်ပင်၊ သူဌေးကုန်း(တောင်ရွာ)၊ ပျော့ရွာ၊ ယင်းမကိုင်း၊ ပဒတ္တိုင်းရွာနှင့် မြင်းမူမြို့ပေါ် အမှတ်(၄)နယ်မြေတို့တွင် စက်ရေတွင်းတွင်းနက်တူးခြင်း၊ ရေသန့်စက်တပ်ဆင်ပေးခြင်း၊ ရေကန်ပြုလုပ်ခြင်း၊ ရေစက်နှင့်ကွန်ပရက်ဆာတပ်ဆင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။ **(မြ၂၄)**

# စာပေရေချမ်းစင်သို့ ဂျာနယ်များလှူ

**ဆိပ်ကမ်း မေ ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဗဟုသုတရရှိပြီး ခရီးသွားပြည်သူများ အလွယ်တကူ စာပေဖတ်ရှုစေရန် ရန်ကုန်-ဒလ ဆိပ်ကမ်းတွင် စာပေရေချမ်းစင်ကြီးကို ဖွင့်လှစ်ထားရှိပေးရာ မေ ၁၄ ရက် နံနက် ၉ နာရီတွင် ဆိပ်ကမ်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မေမြန်မာ ဂျာနယ်များလာရောက်လှူဒါန်းခဲ့သည်။စာအုပ် စာပေလူ့မိတ်ဆွေ ဆိုသည့်အတိုင်း စာပေဒါနအဖြစ် စာအုပ်များမည်သူမဆို စာပေရေချမ်းစင်သို့ လာရောက်လှူဒါန်းပေးနိုင်သည်။

**နန်းနွဲ့သီဂီ**

သီရိကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း
(သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်း)
အဆင့်မြင့်ဘော်ဒါ နှင့် စာသင်ဝိုင်း
ဂုဏ်ထူးရှင်များ
ဝါရင့်ပါမောက္ခဆရာကြီးများ
ဆရာကျော် (ရန်ကုန်တက္ကသိုလ်)
ဒေါ်စန်းစန်းငွေ
ပါမောက္ခဆရာဦးအေးအောင်
တွဲဖက်ပါမောက္ခဆရာ Dr.U.T.A
ဆရာဦးစိုးမြင့်
တွဲဖက်ပါမောက္ခဆရာဘာဘာBIO
ကထိကဆရာဦးစန်းဦး
● ဝါရင့်ပါမောက္ခဆရာကြီးများကိုယ်တိုင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ လိုတိုရှင်း သင်ကြားလေ့ကျင့်ပေးခြင်း။
● စာသင်ခန်း(၁)ခန်းတွင် ကျောင်းသား/သူ(၂၀)ဦးသာထားရှိ၍ အထူးကြပ်မတ်သင်ကြားပေးခြင်း။
● Air-con အိပ်ခန်းဆောင်များ၊ လူမျိုးဘာသာမရွေး စားသုံးနိုင်သော အစားအစာများဖြင့် ကျွေးမွေးခြင်း။
● English 4skills, Computer သိပ္ပံလက်တွေ့ခန်း၊ စာကြည့်တိုက်၊ အားကစားခန်းမ စသည့် သင်ထောက်ကူပစ္စည်းများ စုံလင်စွာထားရှိပေးခြင်း။
● အတန်းများအားလုံးလစဉ်ကြေးဖြင့်ပေးသွင်းတက်ရောက်နိုင်သည်။
ကြိုအပ်လက်ခံပြီ။ မေလ(၁၄)ရက်စမည်
Ferry စီစဉ်ပေးသည်။
ဝန်ထမ်းအလိုရှိသည် ■ ဒု-ကျောင်းအုပ်၊ အဆောင်မှူးကျား/မ၊ ထက်ပြဆရာ/မ(Guide)၊ ကွန်ပျူတာဆရာမ၊ ကြီးကြပ်ရေးမှူး၊ ကျောင်းကြို/ပို့ကား
အမှတ်(၆၆)၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 09-73095664, 09-5053874

SHWE LWIN LWIN SERVICES CO.,LTD.
- သင် JAPAN နိုင်ငံသို့ အလုပ်(သို့)ကျောင်းဖြင့် သွားလိုလျှင်
Licence No 62/2013
* JAPAN မြို့ကြီးများဖြစ်သော CHIBA, IBARAKI , YOKOHAMA, TOKYO မြို့ကြီးများရှိ စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အမျိုးသားနှင့်အမျိုးသမီး အထွေထွေလုပ်သားများ အလိုရှိသည်။
* JAPAN ဂျပန်နိုင်ငံ၏ မြို့ကြီးများ၌ ရှိသော ဆေးရုံ ... အလိုရှိသည်။( ဂျပန် စကားပြော N 4 Level ရှိရမည်။)
(အသေးစိတ်သိရှိလိုပါက ရွှေလွင်လွင် Services Co.,Ltd ရုံးခန်းသို့ ရုံးချိန် ( 9:00 am to 5:00 pm )အတွင်း လာရောက်စုံစမ်းနိုင်သည်။)
Building (C) ,Room (101) ,Delta Plaza,Shwegonedaing Road, Bahan Township,Yangon,Myanmar
Tel:,01 -8604948, 01 -557570, 09-8303939

MIC Youth Education Fair 2015
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ ကျောင်းသားလူငယ်များအတွက် နိုင်ငံတကာပညာရေးအခွင့်အလမ်းများဆွေးနွေးပွဲ




တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ပြုလုပ်သင့်သောပညာရေး ပြင်ဆင်မှုများနှင့် နိုင်ငံတကာ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲကို မေလ ၁၇ ရက်နေ့တွင် Myanmar Imperial College (MIC) မှ ကြီးမှူး ကျင်းပမည် ဖြစ်ပါသည်။

ပြည်ပတွင်တက်ရောက်နိုင်သော Singapore နှင့် UK မှပေးအပ်သည့် Bachelor နှင့် MBA Programme များ၊ Singapore Education ဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကိုဆွေးနွေးဟောပြောမည်ဖြစ်ပြီး UK တွင် တက်ရောက်သင်ကြားနိုင်သော တက္ကသိုလ်များ၊ဘာသာရပ်များအကြောင်းကိုလည်း ရှင်းပြမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း MIC မှ နိုင်ငံတကာအသိအမှတ်ပြု UK မှ ပေးအပ်သော Bachelor များနှင့် MBA Programme များ အကြောင်းကိုလည်း ဆွေးနွေးမည် ဖြစ်ပါသည်။ ထို ဆွေးနွေးပွဲကို မေလ (၁၇) ရက်နေ့၊ Sule Shangri-La Hotel (Bago Room) တွင် နေ့လည် ၂ နာရီမှ ၄ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိရန် 01 537 562 နှင့် 09 732 10001 ဖုန်းနံပါတ်များကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

# ပုပ္ပားတောင်ကလပ်တွင် သောက်သုံးရေ ရရှိရေး ဆောင်ရွက်လျက်ရှိ



**ကျောက်ပန်းတောင်း မေ ၁၅**

ပုပ္ပားတောင်ကလပ်တွင် နွေရာသီကာလသို့ရောက်ရှိချိန်တိုင်း၌ ဘုရားဖူးပြည်သူများနှင့် ဒေသခံများအတွက် သောက်သုံးရေခက်ခဲမှုများ ဖြစ်ပေါ်လာသဖြင့် တောင်ကလပ်ဂေါပကအဖွဲ့နှင့် ရပ်မိရပ်ဖများစုပေါင်း၍ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတောင်ကလပ်တွင် ပြည်တွင်းပြည်ပ ဘုရားဖူးများကိုအမှီပြု၍ ဈေးရောင်းဈေးဝယ်လုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်နေထိုင်ကြသည့် ဒေသခံများလည်း နှစ်စဉ်တိုးတက်များပြားလာလျက်ရှိရာ မိုးရာသီကာလတွင် သောက်သုံးရေခက်ခဲမှုမရှိသော်လည်း နွေရာသီသို့ရောက်တိုင်း သောက်သုံးရေအခက်အခဲဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ်သည် မြန်မာပြည်အလယ်ပိုင်းဒေသ၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး ဘာသာရေးဆိုင်ရာ ရှိုးရာယုံကြည်မှုများဖြင့် နှစ်စဉ်ပြည်တွင်းပြည်ပဘုရားဖူးများ စည်ကားလျက်ရှိသောနေရာလည်းဖြစ်သည်။

အဆိုပါသောက်သုံးရေခက်ခဲမှု ပြေလည်စေရေးအတွက် ဂေါပကအဖွဲ့နှင့် ရပ်မိရပ်ဖများသည် နာယကဆရာတော်ဘုရားကြီးများ၏ ဩဝါဒကိုခံယူလျက် တောင်ကလပ်အောက် ၂ မိုင် ၁ ဖာလုံဝေးကွာသော ချောင်းဖျားကျေးရွာတွင် လေးလက်မစက်ရေတွင်းတစ်တွင်းတူးဖော်ပြီး တောင်ကလပ်သို့ ရေတင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ရာ ရေသွယ်ယူနိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် ခန့်မှန်းကုန်ကျငွေမှာ စုစုပေါင်းငွေကျပ်သိန်း ၁၀၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် လေးလက်မစက်ရေတွင်းတူးဖော်မှုလုပ်ငန်း အောင်မြင်ပြီးစီးပြီဖြစ်သော်လည်း ရေစုကန်တည်ဆောက်မှုလုပ်ငန်း၊ ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

ယခင်က တောင်ကလပ်ကျေးရွာ သောက်သုံးရေကို ရေငယ်ရေထွက်မှရေကို ရယူသုံးစွဲခဲ့ခြင်းဖြစ်ပြီး၊ ပုပ္ပါး Resort နှင့်အမျိုးသားဥယျာဉ် လက်ဖက်စိုက်ခင်းတို့နှင့် မျှဝေသုံးစွဲခဲ့ရခြင်းဖြစ်ကြောင်းသိရပြီး နွေရာသီကာလရောက်ပါက ရေငယ်ရေထွက်မှ ရေထွက်အားကျဆင်းလာသဖြင့် တောင်ကလပ်သို့ ခွဲဝေပေးပို့နိုင်မှုနည်းပါးသွားသဖြင့် နှစ်စဉ် သောက်သုံးရေခက်ခဲမှုဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ချောင်းဖျားကျေးရွာမှ အဝီစိစက်ရေတွင်း ရေသွယ်ယူမှုလုပ်ငန်း အောင်မြင်ပြီးစီးပါက တောင်ကလပ်ကျေးရွာနေဒေသခံများနှင့် ဘုရားဖူးပြည်သူများအတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်သဖြင့် သောက်သုံးရေသွယ်ယူရေးလုပ်ငန်းအတွက် စေတနာရှင်များလှူဒါန်းလိုပါက တောင်ကလပ်ဂေါပကအဖွဲ့ရုံးဖုန်းနံပါတ် ၀၉၂၂၂၀၉၉၀၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ၀၉-၂၅၉၂၂၁၇၅၅၊ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဟိုပုံးမြို့နယ် ရွှေနဂါးဘုရားစေတီတော်ကြီး ထီးတော်တင်လှူ

**ဟိုပုံး မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မဲနယ်တောင် နမ်းဟုတ်ဘုန်းတော်ကြီးကျောင်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ခမ်းထွန်ကာဘုရားကုန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော 'ရွှေနဂါးဘုရားစေတီတော်ကြီး' ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါဘုရားကုန်း ရင်ပြင်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေထီးတော်တင်လှူပူဇော်ပွဲအား တောင်ကြီးမြို့ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) နှင့် နမ်းဟုတ်ကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယတို့အား အမှူးထား၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် မိသားစု၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းနှင့် မိသားစု၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ၊ ရပ်နီးရပ်ဝေးမှ ဘုရားဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေထီးတော်ဘုံကိုးဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှင့် အလှူရှင်တို့က တင်လှူပူဇော်ပေးကြသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# မင်္ဂလာဒုံမြို့နယ်အတွင်း မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တောင်ပိုင်းရပ်ကွက် မဟာသစ္စာကာရီကျောင်းတိုက်ဓမ္မာရုံတွင် မေ ၁၃ ရက် နံနက် ၉ နာရီ က မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်ဖြင့် ပြုလုပ်ပေးထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

မြောက်ပိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက တက်ရောက်လာကြသော မိဘပြည်သူများအား မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့် ဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသူများအနေဖြင့်လည်း မိမိတို့ကတ်ပြားကို ပျောက်ပျက်မှုမရှိစေရေးနှင့် အလေးထားရေးတို့ကို ရှင်းလင်းပြောကြားပြီး မိဘပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရေးနှင့်ပက်သက်၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ တောင်ပိုင်းရပ်ကွက်၊ ဧကရာဇ်ရပ်ကွက်၊ ပဲခူးလမ်းရပ်ကွက်နှင့် ဈေးပိုင်ရပ်ကွက်များနေမိဘပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၄၁ ကတ်ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်တင်၊ မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်တင်၊ မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးလှကြိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး ဦးသန်းဦး၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးစောဂျွန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်နေ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၀၈)**

**အောင်စကြာမိုးကုတ်ရိပ်သာ ဝါဆိုသံဃာလက်ခံပြီ**

သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ၁၃၇၇ ခုနှစ်၊ ဝါဆိုဝါကပ်မည့် သံဃာတော်များသည် အနည်းဆုံး ပထမကြီးတန်း အောင်မြင်၍ ဝါတော် (၁၅)ဝါပြည့်ပြီးဖြစ်ပါက နယုန်လဆန်း (၃)ရက်နေ့တွင် ဝင်ခွင့်လျှောက်ထားလွှာ ထုတ်ယူနိုင်ပါသည်။

**အဋ္ဌမအကြိမ် ပဋိစ္စသမုပ္ပါဒ်အထူးသင်တန်း**

သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယက အောင်စကြာဆရာတော် ဒေါက်တာစန္ဒသိရီ (ဓမ္မကထိကဗဟုဇနဟိတဓရ)မှ ဝါခေါင်လဆန်း(၁)ရက်နေ့ မွန်းလွဲ(၁)နာရီမှစတင်၍ ပဋိစ္စသမုပ္ပါဒ် အထူးသင်တန်းကိုပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ပုဂ္ဂိုလ်များသည် ယင်းနေ့ မွန်းတည့် ၁၂နာရီအရောက် ကြွရောက်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ရွှေအိုးစည်** 50% DISCOUNT ခရီးစဉ်
[အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ခွယ်တော်လေးဆု၊ ပြည့်ဝါးပြည့်) 60000/-
■မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ဇွဲကပင်၊ ဖားအံ၊ ဘုရားလပို့တောင်
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်
May 15, 22
၂၂၅၊ပန်းဆိုးတန်းလမ်း၊အထက်လမ်း၊ရန်ကုန်မြို့။ 373275, 708342, 0949219404

**ဆုပြည့်** 09-31815390, 09-792432296, 09-31815395, 09-792298138

| | | | |
|---|---|---|---|
| တောင်ကြီး၊အင်းလေး၊ဝင်းတယ၊တုံလုံ၊ကလော(ငြိမ်း) | ၆၅,၀၀၀/ | 6+1 FREE Package | |
| မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ(ငြိမ်း) | ၇၀,၀၀၀/ | ချောင်းသာ(ငြိမ်း) | ၄၅,၀၀၀/ |
| ပုဂံ၊ညောင်ဦး၊တည်းခိုခန်းဆည်း(ငြိမ်း) | ၆၅,၀၀၀/ | ငွေဆောင်(ငြိမ်း) | ၅၅,၀၀၀/ |
| ကားသီးသန့်/ဓရိတ်ငြိမ်းခရီးစဉ်များစီးလုံးပွားစီစဉ်ပေးသည်။ | | ကျိုက်ထီးရိုး(ငြိမ်း) | ၃၅,၀၀၀/ |

**ပျောက်ဆုံးကြောင်း**
ရန်ကင်းမြို့နယ်နေ ဦးတင်မောင်၏သမီး မစန္ဒာအေး [၁/မကန(နိုင်)၀၀၁၁၂၅]၏ ပတ်စ်ပို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၂၆၁၄၀၅၆၂၇

**T.V (ရန်ကုန်)**
**အမျိုးသား/အမျိုးသမီး**
**ကားမောင်းစက်ပြင်သင်တန်း**
၁။ No. 93/99၊ ဗညားဒလလမ်း၊ (၄ လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)
၂။ မဆလာစက်မှတ်တိုင်ရှေ့
၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။
Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-31551976
အမှန်တကယ် ကားမောင်းတတ်ကျွမ်းလိုလျှင် T.V (ရန်ကုန်)နှင့် သင်လိုက်ပါ။



# သောက်သုံးရေရှားပါးသည့်ကျေးရွာသို့ ရေများဖြန့်ဝေ

**မြင်းခြံ မေ ၁၅**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရွာသွန်းမှုနည်းပါးသဖြင့် နွေရာသီတွင် ကျေးရွာအချို့ သောက်သုံးရေပြတ်လပ်ရှားပါးမှုကို နှစ်စဉ်တွေ့ကြုံနေရသည်။ နိုင်ငံတော်အစိုးရမှလည်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရန်တို့ကို အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အချို့ကျေးရွာများတွင် ရေတွင်းတူးဖော်ပါကလည်း ထွက်ရှိသည့်ရေသည် သောက်သုံးရန်မဖြစ်သော ရေငန်၊ ရေခါးများထွက်ရှိခြင်း၊ မိုးရွာသွန်းခြင်းနည်းပါးလာသဖြင့် ရွာရှိရေကန်များ ခန်းခြောက်၍ ရေမရှိခြင်းတို့ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုကို တွေ့ကြုံနေရသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်ရှိ ညောင်ဝန်းကျေးရွာသို့ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သောက်သုံးရေများပြတ်လပ်မှု မရှိအောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဝန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် မေ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးမှ ရေကားနှစ်စီး၊ မီးသတ်ဦးစီးဌာနမှ ရေကားသုံးစီးဖြင့် ရေပေးဝေနေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ မီးသတ်ဦးစီးမှူး ကျော်သူရ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့များ သွားရောက်၍ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ညောင်ဝန်းကျေးရွာမှ ဒေသခံတစ်ဦးက ရေကန်ရှိသော်လည်း မိုးရွာသွန်းမှုနည်းသဖြင့် ရေကန်အတွင်းရေမရှိသဖြင့် မသုံးစွဲနိုင်ကြောင်း၊ ယခင်က ၎င်းရေကန်မှ တစ်နှစ်ပတ်လုံးသုံးစွဲနိုင်ကြောင်း၊ မိမိတို့ရွာသည် ရေတွင်းတူးသော်လည်း ရေငန်နှင့်ရေခါးများသာထွက်ရှိ၍ ယခုလိုအချိန်တွင် ရေကိုချွေတာစွာသုံးစွဲနေရကြောင်းပြောသည်။

ယင်းအပြင် ၎င်းကဆက်လက်ပြီး မြို့နယ်မှ တာဝန်ရှိသူများနှင့် အလှူရှင်များမှ နှစ်ရက်ခြားတစ်ခါ၊ သုံးရက်ခြားတစ်ခါ လာရောက်လှူဒါန်းကြခြင်းကြောင့် ယခုအခါ သောက်သုံးရေအတွက် ပူပန်စရာမလိုတော့ကြောင်းကို ပြောပြခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# သွေးလွန်တုပ်ကွေးရောဂါများမဖြစ်ပွားစေရေးခြင်ဆေးပက်ဖျန်း

**ပဲခူး မေ ၁၅**

မေ ၁၂ ရက် ညနေ ၄ နာရီက ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အလင်းရောင် (၁/၁၂) လမ်း၌ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ငှက်ဖျားအင်စပက်တော် ဦးသက်ဝေနှင့် နန်းတော်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်ညိုနှင့် အထောက်အကူပြုအဖွဲ့ဝင်အကူအညီကိုရယူကာ မာလာသီယွန်ဆီဖျော်ရေဆေးများ လိုက်လံပက်ဖျန်းကြသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားလေ့ရှိသည့်အပြင် ခြင်ကြောင့်ဖြစ်ပွားသောကြောင့် ခြင်ပေါက်ဖွားမှုမရှိစေရန် လုပ်ဆောင်ပုံအဆင့်ဆင့်အား ကျန်းမာရေးဝန်ထမ်းများက ပြည်သူများ အသိပညာရရှိစေရန်နှင့် လုပ်ဆောင်နိုင်ရန်အတွက် ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်၊ ကျေးရွာများသို့သွားရောက်၍ ပြည်သူနှင့်ပူးပေါင်းကာ လက်တွေ့ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ပဲခူးမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် မေ ၁၅ ရက်မှ မေလကုန်အထိ ပဲခူးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းစက်လေးလုံးဖြင့်



တစ်ပြိုင်တည်းလိုက်လံ၍ မာလာသီယွန်ဆီဖျော် ခြင်ဆေးရည်များ ပက်ဖျန်းပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## သတင်းတိုများ

### သုံးခွမြို့၌ ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၄)ရပ်ကွက် ဈေးကျောင်း ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မဝံသ၏ ဦးဆောင်မှုဖြင့် နှစ်စဉ်အစဉ်အလာမပြတ်ကျင်းပခဲ့သော အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲကို မေ ၁၃ ရက်က ဈေးကျောင်း ကျောင်းတိုက်၌ ကျင်းပသည်။

**ကိုကျော်(သုံးခွ)**

### အဋ္ဌမတန်းနှင့်စတုတ္ထတန်း ပြန်လည်ကုစားဖြေဆို

ဇမ္ဗူသီရိမြို့နယ်တွင် အဋ္ဌမတန်းနှင့် စတုတ္ထတန်းအား နောက်ထပ်တစ်ကြိမ် ပြန်လည်ကုစားစာမေးပွဲဖြေဆိုခြင်းကို မေ ၄ ရက် နံနက် ၉ နာရီက မြန်မာစာဘာသာရပ်နှင့် မွန်းလွဲ ၁ နာရီက အင်္ဂလိပ်စာဘာသာရပ်များကို ပြန်လည်ကုစားဖြေဆိုကြသည်။ တိုင်းဒေသကြီးမေးခွန်းအဋ္ဌမတန်းအား စာဖြေဌာန ၁၀ ခု ဖွင့်လှစ်ထား၍ ကျား ၈၁ ဦး၊ မ ၁၄ ဦး၊ စုစုပေါင်း ၉၅ ဦး ဖြေဆိုလျက်ရှိပြီး၊ စတုတ္ထတန်း ခရိုင်မေးခွန်း ပြန်လည်ကုစားဖြေဆိုခြင်းကို စာဖြေဌာန ၁၃ ခု ဖွင့်လှစ်ထား၍ ကျား ၁၅၉ ဦး၊ မ ၁၁၄ ဦး၊ စုစုပေါင်း ၂၇၃ ဦးတို့ ဖြေဆိုကြောင်းသိရသည်။

**သန့်မောင်(ပြန်/ဆက်)**

### ရေနံချောင်းတွင် ကျန်းမာရေးပညာပေး ဟောပြော

ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာအုပ်စု ဘူးကျွန်းမြောက်ရွာ ဘုန်းတော်ကြီးကျောင်းတွင် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ ဟောပြောပွဲသို့ ရေနံချောင်းမြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်က အစာအဆိပ်သင့်ရခြင်း၏အကြောင်းအရာများ ဟောပြောပြီး မြို့ပေါ်နေပြည်သူများ၊ ကော်မတီများက ဆပ်ပြာ၊ ရေသန့်ဘူး၊ ဓာတ်ဆားထုပ်များနှင့် ထုံးအိတ်များ လာရောက်ဝေငှကြောင်း သိရသည်။


**သိန်းဇော်**

### သနပ်ပင်မြို့နယ်အတွင်း သောက်သုံးရေကန်တူးဖော်

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း သောက်ရေကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား မေ ၁၃ ရက်က စတင်တူးဖော်ခဲ့ကြောင်း သိရသည်။ သနပ်ပင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် သောက်သုံးရေကန် ၁၃၀ ကန်ရှိသည့်အနက် သောက်သုံးရေကန် ၃၈ ကန်အား ယခုနှစ်မှစတင်၍ သောက်သုံးရေကန်များ ပိုမိုရေသိုလှောင်နိုင်ရေးအတွက် ကန်အား ပြန်လည်တူးဖော်ခြင်းနှင့် ကန်ပေါင်မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဝ၇၅**





စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၈/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-009(15-16) | Electrical Spares for HDD Rig (46) Items | US$ |
| (၂) | IFB-010(15-16) | Spares for Cooper Well Servicing Unit (11) Items | US$ |
| (၃) | IFB-011(15-16) | Spares for Rig Engine/Rig Pump Ex HDD Rig(16) Items | US$ |
| (၄) | IFB-012(15-16) | Casing Lines (3)Items | US$ |
| (၅) | IFB-013(15-16) | Spares for National Drive Group Ex NAT-55 Drilling Rigs (3) Items | US$ |
| (၆) | IFB-014(15-16) | Spares for Kenworth Trucks (6) Items | US$ |
| (၇) | DMP/L-004(15-16) | 33KV Current Transformer for GCB(5)Sets | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၅ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

မဆုလာဘ်ရတနာအတွက် မွေးနေ့ဆုမွန်
ချစ်သမီးလေး မဆုလာဘ်ရတနာ၏ ၁၆-၅-၂၀၁၅ ရက်နေ့တွင် ကျရောက်သော တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် သက်ဆုံး



ထိတိုင် သက်ရှည် ကျန်းမာ၊ ဉာဏ်ပညာနှင့် ပြည့်စုံပြီး ကြီးပွားချမ်းသာ၊ ဘေးရန်ကင်းကာ လောကကို ကောင်းကျိုးပြုနိုင်သည့် သမီးကောင်းရတနာဖြစ်ပါစေ။ ထို့အတူ သံသရာစရိုးလမ်းတစ်လျှောက် ဆန္ဒနှင့်ဘဝ ထပ်တူကျပြီး အမြတ်ဆုံးရတနာများကို ဆုလာဘ်အဖြစ် ရရှိပိုင်ဆိုင်နိုင်ပါစေ။
ချစ်ဖေဖေ ဦးမျိုးမြင့်သောင်း နှင့် ချစ်မေမေ ဒေါ်သက်ထားအောင်

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
For 4-2015 Exam
LCCI (UK) Level I,II,III
ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
အမှတ် (၁၈)၊ (၃အေ ~ ၆ဘီ)၊ သခြေညီ (၂)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
Tel : 01-504737, 512900, 09-450022646, 09-73108409, 09-5170105
တာမွေကျောင်းခွဲ - ၀၁-၅၅၆၄၂၅၊ ၀၉ ၃၆၁၇၃၈၃၀၊ ၀၉ ၃၀၁၆၇၂၇၂

သင်တန်းကြေးသင့်တင့်နဲ့ အင်္ဂလိပ်စကား မြန်မြန်ပြောတတ်ချင်သူများအတွက်



GETC
မြေနီကုန်း: 537895, 502775
တာမွေ 549590, 09254148006
www.getc-languageschool.com
2015 May Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ . . . .

AGD BANK
Asia Green Development Bank Limited.
အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်

လူအလို နတ်မလိုက် နိုင်ပေမယ့် လူကြီးမင်းတို့၏ MPU Card
အသုံးပြု၍ လိုတရ စေမည့် တစ်ခုတည်းသော
နည်းလမ်း e-Commerce ဖြင့်
Online ပေါ်မှာ ဈေးဝယ်နိုင်ပါပြီ။






e-Commerce

AGD BANK (HEAD OFFICE)
No. 73/75, Sule Pagoda Road, Pabedan Township, Yangon.
24 Hour Call Center (01) 23 99 111, 23 99 222
www.agdbank.com
Like us on
www.facebook.com/AGDBANK


THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

ပါ ရ မီ ဆေး ရုံ
PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital

UKAS MANAGEMENT SYSTEMS 0005

SYSTEM CERTIFICATION ISO 9001:2008 SGS

# ဂုဏ်ပြုသဝဏ်လွှာ

ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် သည် ၂၀၁၅ ခုနှစ်၊ မတ်လမှ စတင်၍ အဆင့်မြင့် ဆေးရုံ စီမံအုပ်ချုပ်မှုဆိုင်ရာ အရည်အသွေးလက်မှတ် ISO 9001:2008 ကို အောင်မြင်စွာရရှိကြောင်း သိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် ဒါရိုက်တာအဖွဲ့၊ အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ၊ မြန်မာနှစ်သစ်ကူး အခါသမယ၌ ကျန်းမာချမ်းသာစေကြောင်းနှင့် လာရောက်ကုသမှုခံယူကြသော လူနာများအားလုံးအတွက် ယခုထက်ဆတက်ထမ်းပိုး ပိုမိုဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Amd
NANOVA Co., Ltd. Medical, Scientific & Industrial
JJ-PUN
JJ-PUN.Ltd
Sea Lion
OKKAR THIRI Co. Ltd. SINCE 1998 WE CARE
MEDITECH Advanced Partner of Siemens Healthcare

---

ပါ ရ မီ ဆေး ရုံ
PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital

UKAS MANAGEMENT SYSTEMS 0005

SYSTEM CERTIFICATION ISO 9001:2008 SGS

# ဂုဏ်ပြုသဝဏ်လွှာ

ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် သည် ၂၀၁၅ ခုနှစ်၊ မတ်လမှ စတင်၍ အဆင့်မြင့် ဆေးရုံ စီမံအုပ်ချုပ်မှုဆိုင်ရာ အရည်အသွေးလက်မှတ် ISO 9001:2008 ကို အောင်မြင်စွာရရှိကြောင်း သိရှိရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် ဒါရိုက်တာအဖွဲ့၊ အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ၊ မြန်မာနှစ်သစ်ကူး အခါသမယ၌ ကျန်းမာချမ်းသာစေကြောင်းနှင့် လာရောက်ကုသမှုခံယူကြသော လူနာများအားလုံးအတွက် ယခုထက်ဆတက်ထမ်းပိုး ပိုမို ဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

CB BANK
CB INSURANCE
MYANMAR MICROFINANCE BANK
KMA GROUPS OF COMPANIES
GOLDEN MYANMAR AIRLINES

SHARP

ဂျပန်အရည်အသွေးကောင်းပစ္စည်းများနှင့် နှစ်ခြိုက်ပျော်မွေ့ပါ။




SHARP ကို ဂျပန်နိုင်ငံတွင် (၁၉၁၂) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း (၁၀၀)ကျော် ယုံကြည်အားထား လူကြိုက်များသော ဂျပန်ကုန်တံဆိပ်ဖြစ်ပါသည်။ သင့်ဘဝနေထိုင်မှုစနစ်ကို SHARP နှင့်တကွ ဂျပန်နည်းပညာများ နှင့်အတူ ပြောင်းလဲလိုက်ကြပါစို့။

JAPAN TECHNOLOGY

Moe Yu San, *Actress,*
SHARP Ambassador

မကွေးမြို့တွင် ကျင်းပပြုလုပ်သော
ကျွန်ုပ်တို့၏ "KOTEN" စျေးရောင်းပွဲတော်သို့
ကြွရောက် လည်ပတ်ကြပါရန်
**မေလ ၁၅ရက်နေ့ မှ ၁၇ ရက်နေ့အထိ**
Shwe Ayeyar Electronics
& Shopping Center

**SDM COMPANY LIMITED.**
Tel No.: +95-1-249585, 249588 – 89, 249591

KOTEN ပွဲတော်လိပ်စာ
ရွှေဧရာ အီလက်ထရောနစ် နှင့် ရှော့ပင်းစင်တာ

မကွေး ရှော့ပင်းမော

SHARP MYANMAR :
https://www.facebook.com/Myanmar.Sharp
www.sharp.com.sg

# မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်

## Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်

## ဝယ်ယူသူများအတွက် အထူးလက်ဆောင်


SAMSUNG
**Galaxy S6**




Original Clear View Cover

Power Bank

SAMSUNG
**Galaxy S6 edge**



Power Bank

**သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ**

သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်။ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး၊ Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

SAMSUNG

www.facebook.com/samsungmobilemyanmar

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM ( အစိုးရရုံးပိတ်ရက်များအပါအဝင် )

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးသိန်းစိုး(ခ)ဦးစိုး(ဇီးကုန်း)၊ အသက်(၆၈)နှစ်**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေအားလျှပ်စစ်**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် ဦးသိန်းစိုး(ခ)ဦးစိုးသည် ၉-၅-၂၀၁၅ ရက် ညနေ ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးအောင်ကြီး(ခ)ဘကြီးအောင်(သနပ်ပင်)**

**အသက်(၅၇)နှစ်**

ဒေါ်စောမာလာ၏ခင်ပွန်း ဦးအောင်ကြီး(ခ)ဘကြီးအောင်သည် ၁၁-၅-၂၀၁၅ (တနင်္လာနေ့)ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုခင်မော်၊ ကိုသူရ၊ ကိုမျိုးခိုင်၊ ကိုခင်ဇော်၊ ကိုမောင်မြိုင်၊ ကိုမောင်လှိုင်၊ ကိုထွန်းခိုင်၊ ကိုမောင်သိန်းနှင့်သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

Max Myanmar Holding Co.,Ltd.ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်- ဒေါ်ခင်မမ တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန် အသက်(၈၆)နှစ် သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ**

**City Mart Holding Co.,Ltd.**

---

**(၇)နှစ်ပြည့်လွမ်းဆွတ်သတိရအမှတ်ဝေခြင်း**

**ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

**ဒေါ်ကျင်လှိုင် (၇၂)နှစ်**

**ဦးထွန်းဖေပွဲရုံ ဘုရင့်နောင်**

၁၆-၅-၂၀၀၈ ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး မိသားစုကို ခွဲခွာထားရစ်ခဲ့သည်မှာ ယနေ့(၇)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း ကျန်ရစ်ခဲ့ရတဲ့ မိသားစုရဲ့ ရင်မှာ မနေ့တစ်နေ့ကလိုပဲ ထင်နေဆဲ တစ်နေ့တစ်ရက်မှ မမေ့မလျော့ဘဲ တမ်းတသတိရနေဆဲပါ။

မိခင်ကြီးအတွက် ရည်စူးပြုသမျှ ကုသိုလ်ကောင်းမှု အလှူဒါနအဝဝကို မြင့်မြတ်သောဘုံမှ ကြားသိရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။ တက်လှမ်းနိဗ္ဗာန်ရောက်ပါစေ။

**သား-မောင်မျိုးကိုကို-မနီလာသန်း**

**မြေး-မောင်ဇင်မင်းပိုင်နှင့် ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

## ဦးယူစိန်(ရေကြည်)

## အသက်(၈၆)နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင် တို့၏ဖခင် ဦးယူစိန်သည် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန် သွားကြောင်း သိရှိရပါဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**နာယက၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ**

**ACE Construction Group Co.,Ltd.**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

## ဦးယူစိန်(ရေကြည်)

## အသက်(၈၆)နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဧရာဝတီဘဏ် ဥက္ကဋ္ဌ ဦးဇော်ဇော် -ဒေါ်ငွေငွေခိုင်တို့ဖခင် ဦးယူစိန်သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Chairman နှင့် ဝန်ထမ်းများ**

**Art Wave Group Co.,Ltd.**

ကြေးမုံ

မေ ၁၆၊ ၂၀၁၇

Hot Line No-0930500100

# MNDAA သောင်းကျန်းသူအကြွင်းအကျန်များ အခြေပြုနေထိုင်လှုပ်ရှားမှုများ မရှိစေရေး အမြစ်ပြတ်ချေမှုန်းရေး ဆက်လက်၍ နယ်မြေရှင်းလင်းတိုက်ခိုက်သွားမည်



လောက်ကိုင်မြို့မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းကို အောင်မြင်စွာသိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံတော်အလံအား လွှင့်ထူထားစဉ်။ (မြဝတီ)

နေပြည်တော် မေ ၁၅

ဖုန်ကြားရှင်၏ *MNDAA* သောင်းကျန်းသူများ အခိုင်အမာခံစစ်ဆင်ထားသော လောက်ကိုင်မြို့မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းအား ဧပြီ ၂၄ ရက်မှစ၍ ရာသီဥတုဆိုးရွားခြင်း၊ မြေအနေအထား မတ်စောက်ကြမ်းတမ်းခြင်းနှင့် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် ပိတ်ဆို့ရင်ဆိုင်ထိန်းချုပ်ထားပြီး မေ ၁၂ ရက်တွင် ရာသီဥတုပြန်လည်ကောင်းမွန်လာခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ကန့်သတ်ချက်များအား သုံးသပ်ပြီး မြေပြင်ပစ်အမြောက်တပ်ဖွဲ့၊ သံချပ်ကာတိုက်ယာဉ်များနှင့် လေကြောင်းပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ မေ ၁၄ ရက် ည ၁၀ နာရီ မိနစ် ၂၀ တွင် အချက်အချာဖြစ်သည့် ပွိုင့်-၂၂၀၂ တောင်ကုန်းအား အောင်မြင်စွာသိမ်းပိုက်ရရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၅ သို့

## ယနေ့ မာတိကာ

လောကကြီးမွှားကြောင်း သင်္ဂဟတရား စာမျက်နှာ - ၂

ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ မြှင့်တင်ရန် အစိုးရပါဝင်သော အများပိုင်စနစ် အကောင်အထည်ဖော် ဆောင်ရွက်တော့မည် စာမျက်နှာ - ၁၁

# ပထမအကြိမ် အာရှအမျိုးသား ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ မြန်မာအသင်း ကွာတားဖိုင်နယ်တက်



သတင်းနှင့် ဓာတ်ပုံ - နိုင်လင်းကြည်၊ ဇင်ဘိုမင်း

**နေပြည်တော် မေ ၁၅**

ပထမအကြိမ် အာရှအမျိုးသား ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များကို မေ ၁၅ ရက်က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း *(B)*ရုံနှင့် *(C)*ရုံတို့၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

ဝဏ္ဏသိဒ္ဓိ*(B)*ရုံ၌ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(က)မှ ဆော်ဒီအသင်းနှင့် မြန်မာအသင်းတို့၏ ပွဲစဉ်တွင် မြန်မာအသင်းက ဆော်ဒီအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဆော်ဒီအသင်းနှင့် မြန်မာအသင်းတို့၏ ပွဲစဉ်ဒုတိယပွဲငယ်သည် အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာအသင်းက သုံးပွဲပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် ပထမအကြိမ် အာရှအမျိုးသား ယူ-၂၃ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ◆

**ဆော်ဒီအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။**



# 4TV ၏ တစ်ပတ်စာကြည့်ရှုစရာအစီအစဉ်ကောင်းများ
(၁၆-၅-၂၀၁၅ မှ ၂၂-၅-၂၀၁၅ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

TUNES

ဂီတရုပ်သံလိုင်း

For TUNES

မဟာဗောဓိ



အလုပ်ပေးတရားတော်

Daily (6:00 AM,12:00 PM, 6:00 PM,12:00 AM)



သူတော်စင်တို့နားခိုရာ အေးချမ်းသိတ်ငြိမ်ကျွှာ

Saturday


(7:00 AM, 1:00 PM, 7:00 PM,1:00 AM)



တန်ခိုးကြီးမားဘုရားစေတီပုထိုးများ

Sunday

(7:00 AM, 1:00 PM, 7:00 PM,1:00 AM)



သာသနာ့ရေးရာအဖြာဖြာ

Monday to Friday

(8:40 AM, 2:40 PM, 8:40 PM, 2:40 AM)




ဓမ္မအမေးအဖြေများ (ပုံစံသစ်)

Saturday & Sunday

(7:30 AM, 1:30 PM, 7:30 PM, 1:30 AM)



မြတ်ကုသိုလ် သည်ချိန်ခါ

Saturday & Sunday


(8:40 AM, 2:40 PM, 8:40 PM, 2:40 AM)



အခြေခံပညာနီးသင်တန်း

Saturday & Sunday

(8:40 AM, 2:40 PM, 8:40 PM, 2:40 AM)




17.5.2015 (Sunday) - 9:00 PM

အကသမား ၉ ယောက်စီ ပါဝင်မယ့် ကိုရီးယားနိုင်ငံရဲ့အကောင်းဆုံး

အကအဖွဲ့ ၂ ဖွဲ့ မှ အဆင့်ပေါင်း ၉ ဆင့် ယှဉ်ပြိုင်တင်ဆက်ပြသမှုများ

နောက်ဆုံးအဆင့်မှာ အနိုင်ရရှိတဲ့အဖွဲ့ကို

ဆုငွေ ဒေါ်လာ ၅ သိန်း ချီးမြှင့်မယ့် Dancing 9

4TV ရဲ့ အရည်အသွေးမြင့် ရသစုံရုပ်သံလိုင်းများကို ဝယ်ယူသက်တမ်းတိုးကြည့်ရှုရင်း


နွေရာသီအားလပ်ရက်များကို မိသားစုနဲ့အတူတကွ ဖြတ်သန်းကြပါစို့ ...

## 4TV ၏ နွေရာသီ အထူးအစီအစဉ်

**24th March to 31st May**

~~45,000ks. +1 Month Free~~ **25,000ks. +7 Days Free**

DIGITAL SATELLITE HD RECEIVER




ရုပ်သံလိုင်းပေါင်း ၈၀ ကျော် တစ်လ ၈၉၀၀ ကျပ်

(၂) လ သက်တမ်းတိုး ၁လ အခမဲ့

(၄) လ သက်တမ်းတိုး ၂လ အခမဲ့

(၈) လ သက်တမ်းတိုး ၄လ အခမဲ့

မြန်မာတစ်နိုင်ငံလုံးရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် 4TV Showroom များတွင် ဝယ်ယူကြည့်ရှုအပ်နှံနိုင်ပါပြီ။

ဆက်သွယ်ရန် 01- 2306166 www.facebook.com/4tvmyanmar

